# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်  ၂၀၁၅ ခုနှစ်၊ မေ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊  အတွဲ [၅၄]၊ အမှတ် [၂၀၆]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား လန်ကာဝီလေဆိပ်၌ မလေးရှားနိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုနှုတ်ဆက်စဉ်။ (သတင်း စာမျက်နှာ-၃) (ဓာတ်ပုံ-ပြန်/ဆက်)

# သုံးနှစ်အတွင်း ရပ်ရွာအခြေပြု အင်တာနက်စင်တာ ၂၀၀ ခန့်ကို နိုင်ငံတစ်ဝန်း၌ အိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့အစည်းက ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၈**

ကျေးလက်နှင့် မြို့ပြလူတန်းစားမရွေး ဒီဂျစ်တယ်နည်းပညာနှင့် အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်စေရေးအတွက် ရပ်ရွာအခြေပြုအင်တာနက်စင်တာ ပေါင်း ၂၀၀ ခန့်ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ စင်တာပေါင်း ၁၃ ခုခန့် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း Myanmar ICT Development Organization မှ သိရှိရသည်။

စီမံချက်ကာလကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သတ်မှတ်ထားပြီး ကျေးလက်၊ မြို့ပြ ပြည်သူများအားလုံး ဒီဂျစ်တယ်နည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိလာကာ အင်တာနက် အသုံးပြုမှုမှတစ်ဆင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအားလုံးတွင် ကျယ်ပြန့်စွာ လေ့လာနိုင်ရန်အတွက် ယခုကဲ့သို့ **စာမျက်နှာ ၃ ကော်လံ ၁** ●

# အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးကို အာဆီယံ ပြည်သူတွေ ပိုပြီးခံစားရတော့မည်

တွေ့ဆုံမေးမြန်း စာမျက်နှာ-၇




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အနည်းဆုံး အခကြေးငွေ

မြန်မာနိုင်ငံတွင် တံခါးဖွင့် စီးပွားရေးပြန်လည်ကျင့်သုံးလာမှုနှင့်အတူ ပြည်တွင်း ပြည်ပ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာသည့်အလျောက်အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးကိစ္စသည်လည်း ထိပ်တန်းအရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်လာပါသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးသည် လတ်တလောအခြေအနေတွင် စိန်ခေါ်မှုများရှိလင့်ကစား စီးပွားရေးလုပ်ငန်းများ တည်ငြိမ်စွာ ဖွံ့ဖြိုးရေးနှင့် မြန်မာလုပ်သားများ ဈေးကွက်ကောင်းရရှိရေးအတွက် များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစီးပွားရေး လုပ်ငန်းများသာမက ပြည်ပစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်လာပြီဖြစ်ရာ နောင်တွင် စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာမည်ဖြစ်ပါသည်။ ထိုအချိန်တွင် မြန်မာအလုပ်သမားများ ထိုက်သင့်သောလုပ်ခလစာများရရှိရေးသည် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ပေါက် လာမည်ဖြစ်သော်လည်း ထိုက်တန်သော လုပ်ခလစာမဖြစ်လျှင် အခြေခံ လူတန်းစားများ လူမှုဘဝမြှင့်တင်ရေးအတွက် အဟန့်အတားတစ်ရပ်ဖြစ်လာနိုင်ပါသည်။ အခြေခံလူတန်းစားများဘဝ တိုးတက်လာမှ နိုင်ငံတိုးတက်မည်ဖြစ်ပါသည်။

သို့ရာတွင် အခြားတစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် မပေးနိုင်သော အခကြေးငွေကိုပေးရမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်လာနိုင်ပါသည်။ အလုပ်သမားများဘက်မှ ရသင့်ရထိုက်သော အခကြေးငွေဖြစ်ရမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များဘက်မှလည်း ပေးနိုင်သည့်အခကြေးငွေဖြစ်ရပါမည်။ သို့မှသာ နှစ်ဦးနှစ်ဖက်အဆင်ပြေပြီး လုပ်ငန်းများတိုးတက်မည်ဖြစ်ပါသည်။

အနည်းဆုံး အခကြေးငွေသည် မြို့ရွာဒေသတစ်ခုချင်းစီအရသော်လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအရသော်လည်းကောင်း ကွဲပြားခြားနားမှုများရှိနိုင်ပါသည်။ မြို့ပြများ၏ လူနေမှုအနည်း ဆုံးအခကြေးငွေသည် ကျေးလက်တောရွာများရှိ အနည်းဆုံး အခကြေးငွေနှုန်းထားနှင့်မတူညီနိုင်ပါ။ အကြောင်းသည်ကား မြို့ပြများ၏ လူနေမှုအသုံးစရိတ်သည် ပိုမိုများပြားနေခြင်းကြောင့် ဖြစ်ပါသည်။ ထို့အတူကာယအားကို စိုက်ထုတ်လျက် ပင်ပန်းကြီးစွာ လုပ်ကိုင်ရသောအလုပ်နှင့် သက်သောင့် သက်သာ လုပ်ကိုင်ရသောအလုပ်တို့၏ အနည်းဆုံးအခကြေးငွေသည်လည်း ကွဲပြားခြားနားမှုများ ရှိနိုင်ပါသည်။

အနည်းဆုံးအခကြေးငွေသည် လူတစ်ဦး၏ တစ်နေ့တာ ကုန်ကျစရိတ်များကို ထည့်သွင်းစဉ်းစားရပါမည်။ နေထိုင်စရိတ်၊ စားစရိတ်နှင့် ကျန်းမာရေးကုန်ကျစရိတ်များ ရှိပါသည်။ အလုပ်သမားတစ်ဦးသည် လက်ရှိနေထိုင်စားဖြစ်ရုံမက ပိုမိုကောင်းမွန်သော အနာဂတ်ကိုမျှော်မှန်းနိုင်သည့် အခကြေးငွေများ ရရှိလာနိုင်ရမည်ဖြစ်ပါသည်။ အလုပ်သမားအများစုတွင် မိသားစုများ ရှိနေကြပါသည်။

သို့ပါ၍ လုပ်ငန်းရှင်များကိုလည်းမထိခိုက်၊ အလုပ်သမားများလည်း ရသင့်ရထိုက်သော အခကြေးငွေများရရှိမည်ဆိုပါက နှစ်ဦးနှစ်ဖက်အဆင်ပြေပြီး နိုင်ငံအတွင်း အလုပ်ရှင်၊ အလုပ်သမားပဋိပက္ခများ လျော့နည်းသွားကာ စီးပွားရေးလုပ်ငန်းများ တည်ငြိမ်စွာဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။ ။

# ထာဝစဉ်တည်တံ့သော သစ်တောပြန်လည်တည်ထောင်ရေး ဆောင်ရွက်လျက်ရှိ






**နေပြည်တော် ဧပြီ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဧပြီ ၂၇ ရက်က Grand Amara Hotel ၌ ကျင်းပသော အာရှ-ပစိဖိတ် သစ်တောကွန်ရက်၏ ပထမအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှ-ပစိဖိတ်ဒေသနိုင်ငံ ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အာရှ-ပစိဖိတ်သစ်တောကွန်ရက် (APF Net) သည် အာရှ-ပစိဖိတ်ဒေသအတွင်း ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဒေသတွင်း သစ်တော ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများတိုးမြှင့်၍ ကာဗွန်ထုတ်လုပ်မှုလျော့ကျစေခြင်းနှင့် သစ်တောအရည်အသွေး တိုးမြှင့်လာစေရန်အတွက် လုပ်ဆောင်လာခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီး ၂၀၂၀ ခုနှစ်တွင် အနည်းဆုံး သစ်တောဟက်တာ သန်း ၂၀ ခန့် တိုးပွားလာရန် ရည်မှန်းချက်ထားရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် လည်း APF Netစတင်ခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ နီးကပ်စွာပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ APF Net၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ပေါ်သစ်တော ဂေဟစနစ်ဆိုင်ရာ လုံခြုံမှုကိုထိန်းသိမ်းရေးအတွက် ထာဝစဉ်တည်တံ့သော သစ်တော ပြန်လည်တည်ထောင်ရေးနှင့် သစ်တောစီမံအုပ်ချုပ်မှု ရှေ့ပြေးသရုပ်ပြစီမံကိန်းတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စနစ်တကျ သစ်တောစီမံအုပ်ချုပ်မှုများကြောင့် နိုင်ငံ၏ဧရိယာတစ်ဝက်ခန့်သည် သစ်တောမြေများအဖြစ် ကျန်ရှိနေကြောင်း၊ နှစ် ၃၀ ပင်မစီမံကိန်းဖြင့် စီမံအုပ်ချုပ်လျက်ရှိပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၉ ခု တည်ထောင်ထားရှိကာ ယင်းတို့အနက် ခြောက်ခုမှာ အာဆီယံအမွေအနှစ်ဥယျာဉ်များ အဖြစ် သတ်မှတ်ထားပြီး အာဆီယံဒေသတွင်း အကြီးမားဆုံး ဧရိယာဖြစ်ပါကြောင်း။

ထို့အပြင်APF Net ကောင်စီ၏ လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များ၊ လုပ်ငန်းတိုးတက်မှု အဆင့်မြှင့်တင်ခြင်းနှင့် ၂၀၁၆-၂၀၂၀ မဟာဗျူဟာစီမံချက်မူကြမ်းအတွက် အကြံပြုချက်များ စသည်တို့ကို အလေးထားဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏အကြံဉာဏ်နှင့် အတွေ့အကြုံများကို ဝေမျှနိုင်မည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးပွဲမှ တစ်ဆင့် အာရှ-ပစိဖိတ်ဒေသတွင်း သစ်တောများနှင့် သစ်တောကဏ္ဍတွင်း ကြီးမားသောအဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နားလည်သဘောပေါက်လာစေပြီး APF Net အတွက် ရေရှည်အစီအစဉ်များနှင့် ကောင်းမွန်သော အုပ်ချုပ်မှုလုပ်ငန်းများကို ချမှတ်နိုင်စေမည်ဟု မျှော်လင့်ပါကြောင်း ပြည်နယ်ဝန်ကြီးက အဆိုပါအခမ်းအနား၌ ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ကျေးလက်လမ်း ပြုပြင်ဆောင်ရွက်

**ဝါးခယ်မ ဧပြီ ၂၈** ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် ပြုပြင်ဆောင် ရွက်မှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့်အဖွဲ့သည် ဧပြီဒုတိယပတ်က ကလကျေးရွာနှင့် မရမ်းချောင်၊ ကြခတ်ကုန်းနှင့် ဝါးခယ်မကျေးလက်လမ်းပြုပြင်ဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှု ကြကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

## မြစ်ကြီးနား၌ လေကြောင်းလူငယ်သင်တန်းဖွင့်


**မြစ်ကြီးနား ဧပြီ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်မှူးကြီးမှူး၍ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်ရှိ မေခန်းမ၌ ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ်ဝင်းဗိုလ်ရှိန်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အခြေခံလေကြောင်းလူငယ်သင်တန်းသို့ ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းရာ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ခေတ္တစခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး စိုးတင်လတ်က လက်ခံယူ၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၂၂ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတွင်လက်နက်မဲ့အခြေခံစစ်ရေးပြ၊ လေကြောင်းသမိုင်း၊လေယာဉ်ကိုယ်ထည်တည်ဆောက်မှု အခြေခံသဘောတရား၊ လေယာဉ်စက်အိုတည်ဆောက်မှုနှင့် လေယာဉ်ပုံစံငယ်ပျံသန်းမှု အခြေခံ သဘောတရားများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကာ အခြေခံပညာအထက်တန်းအဆင့်ရှိ ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက်ကြောင်း သိရသည်။

**မိုးဃ်ကျ(မြစ်ကြီးနား)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၂၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၃-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၁၆၂-၁၁၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၉၆-၈၀၀ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၁-၁၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၆ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၁၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၀၅၀-၂၂၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၉၅၀-၁၀၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် လန်ကာဝီမြို့တို့၌ကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီးနောက် ယနေ့ နံနက်ပိုင်းတွင် လန်ကာဝီမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ ကီဒါပြည်နယ်ဝန်ကြီးနှင့်ဇနီး၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့်ဇနီးနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လန်ကာဝီလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြပြီး မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**



# ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ပါဝင်မှု အခန်းကဏ္ဍကို တိုးမြှင့်နိုင်ရန်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် UN Women တို့ပူးပေါင်းပြီး UN Security Council Resolution 1325 on Women, Peace, Security and Related Resolutions အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပရာ**(အောက်ပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတသည် နေပြည်တော်တွင်ကျင်းပခဲ့ပြီးသည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ် ၂၀၁၄တွင် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် ၎င်းတို့၏ပါဝင်မှုကို မြှင့်တင်ဆောင်ရွက်ပေးရမည်ကို ပြောကြားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးများသည် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးစသည်ဖြင့် ပြည်ထောင်စုအဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များမှ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးအခန်းကဏ္ဍမှ တက်ကြွစွာ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည်လည်း မိမိတို့၏ရည်ရွယ်ချက်ဖြစ်သည့် ငြိမ်းချမ်းသောလူမှုအဖွဲ့အစည်း တည်ဆောက်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို ၂၀၁၃ ခုနှစ်တွင် မိတ်ဆက်ဖြန့်ဝေပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကိုရေးဆွဲလျက်ရှိပြီး မကြာမီ အတည်ပြု ပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်းဆိုင်ရာ မြန်မာနိုင်ငံ၏ စတုတ္ထနှစ် ပဉ္စမအကြိမ် အစီရင်ခံစာကို အစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် ကုလသမဂ္ဂအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကော်မတီသို့ တင်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကော်မတီနှင့် တွေ့ဆုံဖြေကြားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ပါဝင်မှုအခန်းကဏ္ဍကို တိုးမြှင့်နိုင်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် ခြေလှမ်းတစ်ရပ်လည်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက မိမိတို့ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် ပဋိပက္ခဒေသများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ကချင်ပြည်နယ်သို့လည်း သွားရောက်လေ့လာခဲ့ပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြေညာချက်များကိုလည်း ထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဖြစ်သည့် ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူမှုရေးအကူအညီများ ရရှိစေရေးနှင့် တိမ်းရှောင်ရောက်ရှိလာသောမိသားစုဝင်များ၏ အခြေခံပညာသင်ယူနေသည့် ကလေးငယ်များအားလုံး ပညာဆက်လက်သင်ယူနိုင်ရေးတို့ကို အဓိကထား လုပ်ဆောင်ခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာထမ်းများ၊ UN Women မှ Senoir Gender Advisor.Dr.Jean D’ Cunha နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်ထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တွင် ပါရှိသောစစ်ပွဲများကြောင့် အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏ အရေးပါမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**● ရှေ့ဖုံးမှ**

ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်း၏ ညွှန်ကြားချက် မန်နေဂျာ မထက်ထက်က ပြောကြားသည်။

“ဒေသအလိုက် စင်တာဖွင့်လှစ်ဖို့ ရွေးချယ်ရာမှာ အမျိုးသမီးတွေကို အဓိကထား ရွေးချယ်ပါတယ်။ ရွေးချယ်ခံရသူတွေအားလုံးက ငွေကြေးစိုက်ထုတ်ကုန်ကျစရာ မလိုအပ်ပါဘူး။ သို့သော် စင်တာဖွင့်လှစ်နိုင်မယ့် မြေနေရာရှိဖို့ လိုအပ်ပါတယ်။ နေရာဒေသမရွေးက အမျိုးသမီးတွေ ဆက်သွယ်နိုင်ပါတယ်။ ရန်ကုန်ကိုလာရောက်ပြီး သင်တန်းတစ်လတက်ရောက်ရပါမယ်။ ဆိုင်ခန်းအခင်းအကျင်းအပါအဝင် မိတ္တူကူးစက်၊ ကွန်ပျူတာတွေနဲ့ စကင်န်ဖတ်စက်တွေအားလုံး ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ဆိုင်ဖွင့်တာနဲ့ ၁၈ လအထိ ဒေါ်လာ ၁၀၀ နှုန်းနဲ့ စက်ကိရိယာထိန်းသိမ်းဖို့ ထောက်ပံ့သွားမှာဖြစ်ပါတယ်။ အဓိကက သုံးစွဲသူတွေ ဈေးနှုန်းသက်သာစွာနဲ့ စင်တာကို လာရောက်သုံးစွဲနိုင်ဖို့ဖြစ်ပါတယ်” ဟု မထက်ထက်က ရှင်းပြသည်။

ထို့အပြင် စင်တာများတွင် အင်္ဂလိပ်စာသင်တန်းများကို အွန်လိုင်းမှတစ်ဆင့် သင်ယူနိုင်ရေးအတွက် ဗြိတိသျှကောင်စီမှ ပံ့ပိုးပေးသွားမည်ဖြစ်ခြင်းကြောင့် သင်ယူလေ့လာမှုများလည်း တစ်ပြိုင်နက် ပြုလုပ်နိုင်မည်ဖြစ်သည်။

စီမံချက် သုံးနှစ်တာကာလအတွင်း စင်တာပေါင်း ၂၀၀ခန့်ကို ဖွင့်လှစ်ရန် ရည်ရွယ်ထားပြီး ယခုနှစ်တွင် စင်တာ အခု ၁၅၀၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စင်တာ အခု ၂၀၀နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စင်တာ ၅၀တို့ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ဒလနှင့် မင်္ဂလာဒုံမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၁၃ ခုခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း မထက်ထက်ကပြောသည်။

လျှောက်ထားလိုသူများအနေဖြင့် အမှတ် (၂၀) ဗိုလ်မင်းခေါင်လမ်း ဗိုလ်စိန်မှန်ရပ်ကွက်တွင် လာရောက်လျှောက်ထားနိုင်ပြီး အွန်လိုင်းလိပ်စာ www.lighthouse.com.mm^ enterpreneur-application-form တွင် ပေးပို့လျှောက်ထားနိုင်သကဲ့သို့ ဖုန်းနံပါတ် ၀၉-၇၃၀၃၇၀၅၀နှင့် ၀၉-၄၂၀၀၅၀၅၈ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

**❊ ကျောဖုံးမှ**

လေ့ကျင့်မှုများပြုလုပ်ပြီးနောက် နောက်ဆုံးနိုင်ငံအဖြစ် ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံတွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် ဆားဘီးယားယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် ထပ်မံသွားရောက်ခဲ့သော မက်ဆီဒိုးနီးယား၊ ဂျာမနီနှင့် ဆလိုဗေးနီးယားနိုင်ငံတို့တွင် သက်ဆိုင်ရာ ပထမတန်းမှ စတုတ္ထတန်းကလပ် အသင်းများနှင့် ခြေစမ်းပွဲများ ကစားထားသည်။

မြန်မာယူ-၂၀ အသင်းသည် ဟန်ဂေရီအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံသို့မသွားရောက်မီ ဩစတြေးလျနိုင်ငံတွင် သွားရောက်လေ့ကျင့်ဦးမည်ဖြစ်သည်။

# ဂျပန်နှင့် အမေရိကန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မည်



၁၉၉၇ခုနှစ်မှစကာ မပြုလုပ်ခဲ့သည့် ဂျပန်-အမေရိကန်ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ပြန်လည်စတင်နေစဉ်။

**နယူးယောက် ဧပြီ ၂၈**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်နိုင်ငံသို့ ဆွေးနွေးမှုများ ပြုလုပ်ရန် သွားရောက်လည်ပတ်စဉ် ဂျပန်-အမေရိကန် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ဆောင်ချက်အသစ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ လုပ်ဆောင်ချက်များအရ ဂျပန်နိုင်ငံသည် ကာကွယ်ရေးအခန်း ကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပြီး အမေရိကန်က ဂျပန်နိုင်ငံကို ထောက်ပံ့ပေးရန်ဖြစ်သည်။ အမေရိကန်အနေဖြင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးကို အငြင်းပွားကျွန်းများအထိ ကာကွယ်နိုင်စွမ်းရှိလာတော့မည်ဟု ယူဆကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောသည်။

လက်ရှိဂျပန်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသည် မိမိကိုယ်ကို ကာကွယ်ရန်သာဖြစ်၍ ပြန်၍ပြင်ဆင်ရန်လိုကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။ ဂျပန်နိုင်ငံ၏ မည်သည့်အပြောင်းအလဲမဆို အရှေ့အာရှ အိမ်နီးချင်းနိုင်ငံများသည် သတိပေးမှုသဖွယ်ဖြစ်နေသည်ဟု ဆိုသည်။ မစ္စတာ အာဘေးသည် ဝါရှင်တန်သို့ သမ္မတအိုဘားမားနှင့် အင်္ဂါနေ့တွင် သွားရောက်မဆွေးနွေးမီ တနင်္လာနေ့က ၂၀၁၃ ခုနှစ်က ဘော်စတွန်မာရသွန် ဗုံးပေါက်ကွဲရာနေရာ သို့ သွားရောက်ခဲ့သည်။

အဆိုပါ အပြောင်းအလဲများကို မစ္စတာ ဂျွန်ကယ်ရီနှင့် ဂျပန်နိုင်ငံ ခြားရေးဝန်ကြီး ဖူမိယိုကီရှီဒါတို့က နယူးယောက်မြို့၌ ကြေညာခဲ့ကြသည်။ **(ဘီဘီစီ)**

# နီပေါငလျင် ထိခိုက်သူ ရှစ်သန်းကျော်ရှိ၊ အင်္ဂါနေ့အထိ သေဆုံးသူ ၄၃၁၀အထိရှိလာ

**ခတ္တမန္ဒူ ဧပြီ ၂၈**

အင်အားပြင်းထန်သော နီပေါငလျင်ကြောင့် လူပေါင်းရှစ်သန်း ထိခိုက်ခံစားရပြီး ၁ ဒသမ ၄ သန်းမှာ စားနပ်ရိက္ခာများလိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောသည်။ နိုင်ငံတကာအကူအညီများ စတင်ရောက်ရှိလာသော်လည်း ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ စားနပ်ရိက္ခာများ၊ ရုပ်အလောင်းများထည့်သည့်အိတ်များ ပြတ်လပ်နေသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

ပြင်းအား ၇ ဒသမ ၉ရှိ ငလျင်သည် စနေနေ့က လှုပ်ခဲ့ရာတွင် ခတ္တမန္ဒူမြို့ရှိ အဆောက်အအုံများ ပြိုကျပျက်စီးသွားပြီး ကျေးလက်ဒေသများပါ ထိခိုက်မှုများပြားခဲ့သည်ဟု ဆိုသည်။ အစိုးရ၏တရားဝင်စာရင်းများအရ အင်္ဂါနေ့အထိ သေဆုံးသူ ၄၃၁၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

လူပေါင်း ၈၀၀၀ နီးပါးဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပရာဆက်ဒါကယ်က ပြောသည်။ နီပေါနှင့်ပတ်ဝန်းကျင်ဒေသများသည် ငလျင်ငယ်များ ထပ်မံလှုပ်ခတ်လျက်ရှိသည်။ မြို့တော်ခတ္တမန္ဒူရှိ ထောင်ပေါင်းများစွာသော ပြည်သူများသည် တတိယညအဖြစ် နေအိမ်အပြင် ဘက်၌ အိပ်ခဲ့ရပြီး အများစုမှာနေအိမ်သို့ပြန်ရန် ကြောက်လန့်နေကြဆဲ ဖြစ်သည်ရေနှင့် စားနပ်ရိက္ခာများ၊ လျှပ်စစ်မီးများ ပြတ်တောက်နေဆဲဖြစ်သည်။ **(ဘီဘီစီ)**



# တောင်ကိုရီးယားတရားရုံးက ကူးတို့သင်္ဘောကပ္ပတိန်တွင် အပြစ်ရှိကြောင်းတွေ့ရှိပြီး ထောင်ဒဏ်ချမှတ်

**ဆိုးလ် ဧပြီ ၂၈**

လွန်ခဲ့သည့်နှစ်က လူပေါင်း ၃၀၄ ဦး သေဆုံးခဲ့သည့် တောင်ကိုရီးယား ကူးတို့သင်္ဘော Sewol နစ်မြုပ်မှု၌ တောင်ကိုရီးယား ကူးတို့သင်္ဘော ကပ္ပတိန်တွင် အပြစ်ရှိကြောင်းအယူခံရုံးက တွေ့ရှိခဲ့သဖြင့် အင်္ဂါနေ့က ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့သည်။

အစိုးရရှေ့နေများသည် အစောပိုင်းက လူအများအပြားသေဆုံးစေမှုဖြင့် ကူးတို့သင်္ဘောကပ္ပတိန်လီဂျွန်စောက်တွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့ပြီး အောက်ရုံးတော်မှ လွန်ခဲ့သော နိုဝင်ဘာလက ၎င်းကူးတို့သင်္ဘောမောင်းရာတွင် ပေါ့ဆမှုဖြင့် ထောင်ဒဏ် ၃၆ နှစ် ချမှတ်ခဲ့ခြင်းကို ဆန့်ကျင်၍ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။

တရားခံလီ၏ရှေ့နေများကယခင်အောက် ရုံးတော်မှ အမိန့်ချမှတ်ခြင်းကို ကန့်ကွက်လွှာတင်သွင်းခဲ့သော်လည်း ၎င်းကန့်ကွက်လွှာကို ဂွမ်ကျူးတရားရုံးက ပယ်ချခဲ့ပြီး ပြင်းထန်ထိရောက်သော ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဂွမ်ကျူးတရားရုံးက အဆိုပါ သင်္ဘောကပ္ပတိန်၏ ပြစ်ဒဏ်ကို ပြန်လည် စိစစ်ပြီး ထောင်ဒဏ်နှစ် ၃၀မှ၁၀နှစ်လျှော့၍ကျခံစေရန် အမိန့်ချမှတ် ခဲ့သည်။ ကူးတို့သင်္ဘောပေါ်တွင်ပါရှိသော ခရီးသည် ၄၇၆ ဦးအနက် ၁၇၂ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၃၀၄ ဦးမှာ သေဆုံးခဲ့ရကာ ၎င်းအနက် ၂၅၀ မှာ ကျောင်းသားများဖြစ်ကြောင်း သိရသည်။

ကပ္ပတိန်လီက သေဆုံးသူမိသားစုဝင်များကို ၎င်းတရား ရင်ဆိုင်နေရစဉ်အတွင်း တောင်းပန်ခဲ့ပြီး ၎င်းသည် တစ်ဦးတစ်ယောက်ကိုမျှ သေစေရန် မရည်ရွယ်ကြောင်း ပြောခဲ့သည်။

ကူးတို့သင်္ဘောပေါ်ပါ အမှုထမ်းများမှာ ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ ၃၆ နှစ်ထိ ချမှတ်ခံရဖွယ်ရှိကြောင်း၊ ၎င်းတို့သည် ခရီးသည်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနိုင်သည့် အရေးပေါ်ကယ်ဆယ် ရေးသင်တန်းများကို တက်ရောက်ဖူးခြင်းမရှိကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# ဘာလ်တီမိုးဆန္ဒပြမှု အကြမ်းဖက်မှုအသွင်ပြောင်းလဲလာသောကြောင့် အရေးပေါ်အခြေအနေကြေညာကာ ကာဖျူးအမိန့်ထုတ်ပြန်ထား

သုတ

**ဘာလ်တီမိုး (မာရီလန်းပြည်နယ်) ဧပြီ ၂၈**

အမေရိကန်ပြည်ထောင်စု မာရီလန်းပြည်နယ် ဘာလ်တီမိုးမြို့တွင် ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားစဉ် ပြင်းထန်သော ကျောရိုးဒဏ်ရာကြောင့် သေဆုံးသွားခဲ့သည့် အသက် ၂၅ နှစ်အရွယ် လူမည်းအမျိုးသား ဖရက်ဒီဂရေး၏ စျာပနအခမ်းအနားကျင်းပပြီး နာရီအနည်းငယ်အကြာတွင် လမ်းမများပေါ်၌ တိုက်ခိုက်မှုများဖြစ်ပေါ်လျက်ရှိသည်။ မြို့တော်တစ်ဝန်းရှိ အဆောက်အအုံများ၊ ကားများ မီးလောင်လျက်ရှိသလို စီးပွားရေးလုပ်ငန်းတစ်ဒါဇင်ခန့်မှာလည်း ဖောက်ထွင်းခံခဲ့ရ သို့မဟုတ် ဖျက်ဆီးခံခဲ့ရသည်။

တစ်ညတာ အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် ဧပြီ ၂၈ရက် အစောပိုင်းက ဘာလ်တီမိုးမြို့မှာ စစ်ပွဲဇုန်အတွင်းကျရောက်နေသည့် မြို့တစ်မြို့ပုံပေါက်နေကြောင်း မြို့တော်ဝန် စတက်ဖနီရောလင်းဘလိတ်ခ်က ပြောကြားသည်။ ဧပြီ ၂၇ ရက်က ဖြစ်ပွားသည့် အကြမ်းဖက်မှုကြောင့် ရဲအရာရှိ ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး




အကြမ်းဖက်ဆန္ဒပြမှုကြောင့် မီးလောင်သွားသော နေရာအချို့ကို တွေ့ရစဉ်။

၎င်းတို့အနက် ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲမင်းကြီး အန်ထော်နီလတ်စ်က ပြောကြားသည်။ "ကျွန်မသားအတွက် တရားမျှတမှုကိုပဲ ကျွန်မလိုချင်တာပါ။ ဒီမှာ အခုဖြစ်နေတဲ့အခြေအနေမျိုး မဖြစ်စေချင်ပါဘူး"ဟု သေဆုံးသူ ဂရေး၏မိခင်က သတင်းထောက်များကို ပြောသည်။ ဂရေး၏ အမြွှာညီမဖြစ်သူ ဖရက်ဒရက်ကာက သူ့အနေဖြင့် အကြမ်းဖက်မှုများကို နားမလည်နိုင်ကြောင်း၊ အကြမ်းဖက်သည်မှာ မှားယွင်းသည်ဟု ထင်မြင်ကြောင်း၊ ဖျက်ဆီးမှုများမှာ အလွန်ကိုဆိုးရွားသောကြောင့် ဧပြီ ၂၉ရက်က ကလေးငယ်များ ကျောင်းမတက်နိုင်ကြောင်း ပြောသည်။

**အရေးပေါ်အခြေအနေကြေညာ**

ဗီဒီယိုပြကွက်တစ်ခုတွင် ကိုယ်ထိလက်ရောက် ကျူးလွန်သူများက ကျောက်တုံးများဖြင့် ပစ်ပေါက်သောကြောင့် အကြမ်းဖက်နှိမ်နင်းရေးဝတ်စုံ ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်များက သံချပ်ကာကားတစ်စီး၏နောက်ကွယ် ၌ အကာအကွယ်ယူလျက်ရှိသည်ကို ပြသနေသည်။ အကြမ်းဖက်မှုတွင်ပါဝင်သူ နှစ်ဒါဇင်ထက်မနည်းအား ဖမ်းဆီးပြီးဖြစ်ကြောင်း ဘာလ်တီမိုးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဒါရိုင်းဒီဒီဆူဆာက ပြောကြားသည်။ ယခုအခါ ဘာလ်တီမိုးမြို့၌ အရေးပေါ်အခြေအနေ ကြေညာထားပြီး အမျိုးသားလုံခြုံရေးအစောင့် တပ်ဖွဲ့အား တာဝန်ပေးအပ်ထားကြောင်း မာရီလန်း ပြည်နယ်အုပ်ချုပ်ရေးမှူး လာရီဟိုဂန်က ဆိုသည်။ အခြေအနေကို ထိန်းချုပ်ရန် ဘာလ်တီမိုးမြို့တော်တွင် လုံခြုံရေးအင်အား ဖြန့်ကြက်ထားပြီး ဧပြီ ၂၉ရက်မှစတင်ကာ နံနက် ၁၀နာရီမှ ညနေ ၅နာရီထိ အပြင်မထွက်ရ အမိန့်တစ်ပတ်ကြာ ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများ ဖြန့်ကြက်ထား**

ဘာလ်တီမိုးမြို့၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို ကူညီနှိမ်နင်းရန် အနွတ္တလန္တစ်ဒေသမှ တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူ ၅၀၀၀ ကို အကူအညီ တောင်းခံသွားမည်ဖြစ်ကြောင်း မေရီလန်းပြည်နယ် ရဲတပ်ဖွဲ့မှ ဗိုလ်မှူးကြီး ဝီလီယမ်ပယ်လေ့ဇီက ပြောကြားသည်။ အမျိုးသားလုံခြုံရေးအစောင့် တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၅၀၀ နီးပါးကို ဖြန့်ကြက်ပြီးဖြစ်ကြောင်း အာဏာပိုင်များ က ပြောကြားသည်။ မာရီလန်းပြည်နယ် ရဲတပ်ဖွဲ့က ဘာလ်တီမိုးရဲတပ်ဖွဲ့ကို အကူအညီပေးရန် ဧပြီ ၂၇ ရက်က စေလွှတ်ပြီးဖြစ်သည့် တပ်ဖွဲ့ဝင် ၄၂ ဦးနှင့် ပူးပေါင်းရန် အရန်တပ်ဖွဲ့ဝင် ၄၀ အား အမိန့်ပေးထားခဲ့သည်။ ဘာလ်တီမိုးမြို့တွင်ဖြစ်ပွားနေသည့် ဖောက်ထွင်းမှု၊ အကြမ်းဖက်မှုအပြုအမူများမှာ သည်းခံနိုင်ဖွယ်ရာမရှိကြောင်း၊ ဆန့်ကျင်ဆန္ဒပြမှုနှင့် အကြမ်းဖက်မှုကြား သိသာထင်ရှားသော ခြားနားချက်တစ်ခုရှိကြောင်း၊ အကြမ်းဖက်မှု အပြုအမူကျူးလွန်သူများကို ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဟိုဂန်က ပြောကြားသည်။ ကျမ်းသစ္စာကျိန်ဆိုပြီး နာရီအနည်းငယ်အကြာတွင် ရှေ့နေချုပ်သစ် လော်ရတ်တာလင့်ခ်ျကဘာလ်တီမိုးမြို့မှအဖြစ်အပျက်များကို "အသိဉာဏ်ကင်းမဲ့သည့် အကြမ်းဖက်မှုအပြုအမူများ" အဖြစ်ဝေဖန်ရှုတ်ချခဲ့သည်။ ၎င်းက တရားရေးဝန်ကြီးဌာနသည် အကူအညီလိုအပ်သူများအား မည်သည့်အကူအညီ မဆိုပေးအပ်ရန် အဆင်သင့်ရှိနေကြောင်း ပြောကြားသည်။

**စီအင်န်အင်န်**

# မဟာချိုင်မြို့ အသားလုံးအလုပ်ရုံမှ အလုပ်လုပ်ပြီး ပြန်လာကြသည့် မြန်မာအလုပ်သမားများ၏ ယာဉ်တိမ်းမှောက်၍ ကိုးဦးသေဆုံး

**မဟာချိုင် ဧပြီ ၂၈**

ထိုင်းနိုင်ငံ မဟာချိုင်မြို့တွင် ဧပြီ ၂၇ ရက် ညပိုင်းက မြန်မာအလုပ်သမားများ လိုက်ပါစီးနင်းလာကြသော ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ထပ်ကျင်တံတားအောက် ယာဉ်ကွေ့သည့်နေရာ၌ ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် ည ၈ နာရီဝန်းကျင်က အသားလုံးအလုပ်ရုံမှ အလုပ်လုပ်ပြီး ပြန်လာကြသည့် မြန်မာအလုပ်သမားမောင်းနှင်ပြီး မြန်မာ၂၀ လိုက်ပါစီးနင်းလာကြသည့် ယာဉ်သည် အဆိုပါနေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် မြန်မာအလုပ်သမား ရှစ်ဦးသေဆုံးခဲ့ကြောင်း မဟာချိုင်ရုပ်သံလိုင်းက ကနဦး ထုတ်လွှင့်ခဲ့သည်။

လက်ရှိ မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့မှ မဟာချိုင်တာဝန်ခံနှင့် အတွင်းရေးမှူးတို့သည် ကျန်ရစ်သူမြန်မာအလုပ်သမားများ၏ မိသားစုများအတွက် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးနိုင်ရန် မဟာချိုင်မြို့ရှိ စမွတ်ဆာခွန်ဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း သိရသည်။ အနီးအနားရှိ မြန်မာအလုပ်သမားများ၏ပြောကြားချက်နှင့် MAT အဖွဲ့၏ စုံစမ်းချက်အရ ယာဉ်တိမ်းမှောက်မှုကြောင့် စုစုပေါင်းမြန်မာအလုပ်သမား ကိုးဦးသေဆုံးခဲ့သည်ဟု သတင်းရရှိခဲ့သည်။

ကနဦး သတင်းအရ ယာဉ်တိမ်းမှောက်မှုကြောင့် အခင်းဖြစ်နေရာ၌ သေဆုံးသူများမှာ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး၊ မဟာချိုင်ဆေးရုံကြီးသို့ရောက်ရှိပြီး သေဆုံးသူ အမျိုးသမီးတစ်ဦး၊ ဧကချိုင်ဆေးရုံကြီးသို့ရောက်ရှိပြီး သေဆုံးသူအမျိုးသားတစ်ဦးနှင့် ကျန်သေဆုံးအလောင်းတစ်လောင်းမှာ ပျောက်ဆုံးနေကြောင်းသိရပြီး မဟာချိုင်ဆေးရုံကြီး၌ အမျိုးသားလေးဦးအားလည်းကောင်း၊ ဧကချိုင်ဆေးရုံကြီး၌ အမျိုးသမီးတစ်ဦးအားလည်းကောင်း အသီးသီး အရေးပေါ်တင်ပို့ကုသခဲ့ရကြောင်း ဆိုထားသည်။

ဧပြီ ၂၈ ရက် နံနက်ပိုင်းက MAT အဖွဲ့၏ ထပ်မံသတင်းပေးပို့ချက်အရ ယာဉ်ပေါ်၌ မြန်မာ အလုပ်သမား ၂၃ ဦးလိုက်ပါ စီးနင်းလာကြကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးသုံးဦး သေဆုံးခဲ့ရကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများစာရင်းအရ စမွတ်ဆာခွန်ဆေးရုံကြီး လေးထပ်ရှိ အရေးပေါ်ခန်း၌ အမျိုးသမီးသုံးဦး၊ စမွတ်ဆာခွန်ဆေးရုံကြီး ငါးထပ်၌ အမျိုးသားနှစ်ဦး၊ ဆေးစစ်ချက်ခံယူနေရဆဲ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ဧကချိုင်ဆေးရုံကြီး၌ အမျိုးသမီးတစ်ဦး (အရေးပေါ်ကုသနေရ)၊ မဟာချိုင်ဆေးရုံကြီး၌ အမျိုးသားတစ်ဦး(အရေးပေါ်ကုသနေရ)ကြောင်း သိရကာ သေဆုံးအလောင်းနှင့်တကွ လူနာပါပျောက်ဆုံးနေသည့် အရေအတွက်မှာ ငါးဦးရှိနေကြောင်း ထပ်မံသိရသည်။



သေဆုံးအလောင်းနှင့်တကွ လူနာပါပျောက်ဆုံးနေသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ MAT အဖွဲ့ ပြန်ကြားရေးတာဝန်ခံ ကိုစောမောင်က "ထိုင်းနိုင်ငံမှာက ဒီလိုဓလေ့ရှိပါတယ်။ ဥပမာ အခင်းတစ်ခုဖြစ်ပြီဆိုရင် ဆေးရုံပေါင်းစုံမှာ လူနာတင်ယာဉ်တွေက အကုန်ရှိနေကြတာဆိုတော့ တစ်ခုခုဖြစ်တာနဲ့ ဆေးရုံပေါင်းစုံက လူနာတင်ယာဉ်တွေ အကုန်ရောက်လာပြီး လူနာတွေကို လူနာတင်ယာဉ်တွေနဲ့ ဆေးရုံကို ယူသွားကြပါတယ်။ အဲဒီတော့ လူနာရှင်တွေက သူတို့လူနာ ဘယ်ဆေးရုံပါသွားတယ်ဆိုတာ ပြီးမှလိုက်ရတယ်။ ဒီနိုင်ငံမှာဆို လူနာတင်ယာဉ်တွေက တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်ပါပဲ။ သေဆုံးအလောင်းကို သူ့ထက်ငါ လိုက်လုကောက်ကြလို့ ရန်တောင်ဖြစ်ကြတာလေ။ ဒါကို သေဆုံးအလောင်းနှင့်တကွ လူနာပါ ပျောက်ဆုံးဆိုပြီး ဆိုလိုတာပါ။ ဒီယာဉ်မောင်းကလည်း နဂိုကတည်းက ကားမောင်းကြမ်းတယ်လို့ စုံစမ်းသိရပါတယ်။ လက်ရှိကြားရတဲ့ သတင်းအရတော့ အခင်းဖြစ်နေရာ သေဆုံးသူအားလုံးကို ဗန်ကောက်မြို့က ရဲဆေးရုံကိုပို့လိုက်ပြီး ဆေးစစ်ချက်ယူနေတယ်လို့ သိရပါတယ်"ဟု ရှင်းပြသည်။

အခင်းဖြစ် ယာဉ်တိမ်းမှောက်စဉ်က သေဆုံးသူများကို မြို့တော်ဗန်ကောက်ရှိ ရဲဆေးရုံ၌ ပို့ဆောင်ဆေးစစ်ချက်ရယူနေသဖြင့် MAT အဖွဲ့သားများက သေဆုံးသူများ၏ စာရင်းအား ထပ်မံစုံစမ်းသွားမည်ဖြစ်ကြောင်းနှင့် ယာဉ်မောင်း မြန်မာအလုပ်သမား ညီဇော်(၃၂နှစ်) အား မဟာချိုင်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း စုံစမ်းသိရသည်။ **စိုးဝင်း(SP)**

# ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၁၀/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)**

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် ဦးပုညလမ်း အမှတ်(၃၆၆/က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အကျိုးပြု ကျောင်းသားများ ဒီမိုကရေစီပါတီ**အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၂) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဆိုလာပြား အပူလွန်ကဲ၍ ရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွား

**ကသာ ဧပြီ ၂၈**

ဧပြီ ၂၇ ရက် ညနေ ၄ နာရီ ၃၅ မိနစ်က ရဲအုပ်ရဲအောင်သည် အင်းရွာနယ်မြေရဲစခန်း၌ စခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် အင်းရွာမြို့မရပ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ခွဲမှူး ဦးမောင်မောင်ပါ ၃၅ ဦး ၊ ကျေးရွာလူထု ၅၀ တို့က သွားရောက်ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့နယ် အင်းရွာမြို့မရပ် ဒေါ်ဝဏ္ဏသိင်္ဂီ (၅၂ နှစ်) ဝါတော် (၁၆ )ဝါ သီတင်းသုံးနေထိုင်သော အဆောက်အအုံရှေ့တောင်ဘက် အမိုး သွပ်ပြားပေါ်တွင်တင်ထားသည့် ဝပ် ၅၀ ဆိုလာပြား ဆိုင်ကယ်သုံး ၁၂ ဗို့အားရှိ ဘက်ထရီနှစ်လုံး၊ သွယ်တန်းတပ်ဆင်ထားရှိသည့် ဆိုလာပြားမှ အပူလွန်ကဲပြီး ရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်အမြင့်အဆောက်အအုံ မီးလောင်ဆုံးရှုံးခဲ့ရာ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း၊ ဆိုလာပြားကို ပေါ့ဆစွာ တပ်ဆင်အသုံးပြုသူ ဒေါ်ဝဏ္ဏသိင်္ဂီကို အင်းရွာနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးပေးသူများကို ရဲတပ်ဖွဲ့က ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်

**နတ်တလင်း ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ဧပြီ ၂၅ ရက် နံနက် ၉ နာရီက တောင်ညိုရဲကင်းစခန်း (ပ)၁၉/၂၀၁၄ ပြစ်မှုပုဒ်မ(၃၀၂) အမှုမှ ပြစ်မှုကျူးလွန်သူများအား ကြိုးစားဖမ်းဆီးနိုင်ခြင်းအတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေချီးမြှင့် အပ်နှင်းပွဲအခမ်းအနားကျင်းပခဲ့သည်။

ယင်းအခမ်းအနား၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသိဏ်းက အမှာစကားပြောကြားရာတွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပဲခူးရိုးမတောင်ခြေရှိ ဝါးခုတ်စခန်းတွင်ဖြစ်ပွားခဲ့သည့် လူနှစ်ဦးကို လူလေးဦးက သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နတ်တလင်းမြို့နယ် ဘော်ဘင်သစ်တောကြိုးဝိုင်းတွင် အဆိုပါပြစ်မှုကျူးလွန်သူလေးဦးက ပြည်သူတစ်ဦးကို ထပ်မံသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်တို့၌ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ရာတွင် စစ်ကြောင်းလေးကြောင်းဖြင့် ပဲခူးရိုးမအတွင်း ပိုက်စိပ်တိုက် ကြိုးစားရှာဖွေဖော်ထုတ်ခဲ့ရာ အချိန်တိုအတွင်း ပြစ်မှုကျူးလွန်သူ စိုးခိုင်ပါလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ စုံစမ်းဖော်ထုတ်ဖမ်းဆီးပေးခဲ့ခြင်းတို့အတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့ကြောင့် စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခဲ့ခြင်းတို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေသောင်း၊ နတ်တလင်းမြို့မရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်း၊ တောင်ညိုရဲကင်းစခန်းခေတ္တစခန်းမှူး ရဲအုပ်မျိုးမင်းသော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ခင်မောင်ဝင်း၊ ဆီဆုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်နိုင်ဝင်း၊ ရွာသာယာရွာမှ ဦးမျိုး၊ ဦးသန်းစိုး၊ ချောင်းခွရွာမှ ဦးစိန်မင်းတို့ကို ခရိုင်ဒုတိယရဲမှူးကြီး အေးသိဏ်းက ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေကျပ်သုံးသိန်းကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

**လူကုန်ကူးမှု အန္တရာယ် ဝိုင်းဝန်းကာကွယ်**

# ယာဉ်မောင်းလိုင်စင် သက်တမ်းတိုး နယ်လှည့်ဆောင်ရွက်ပေးမည်

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့်၊ ကာမိုင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ဝက်လက်၊ မြို့သစ် |
| ၃။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း၊ ကျောက်ကြီး |
| ၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ မြို့သစ်၊ မြိုင်၊ ဆိပ်ဖြူ ပွင့်ဖြူ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦး |
| ၇။ | မွန်ပြည်နယ် | ချောင်းဆုံ၊ ကျိုက်ထို |
| ၈။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ တွံတေး |
| ၁၀။ | ရှမ်းပြည်နယ် | ရပ်စောက်၊ဖယ်ခုံ၊ လင်းခေး၊ သိန္နီ၊ နမ့်ခမ်း၊ နောင်ချို၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ညောင်တုန်း၊ ကြံခင်း၊ မြန်အောင် |

**အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး**

# သံဝေဂတရား ပွားများအပ်ဆုံးဌာန သံဝေဇနိယ လေးဌာန





















အမေး၊ အရေး-ထွန်းဝင်းနိုင်
ဓာတ်ပုံ-ရဲထွဋ်

## သံဝေဂတရား ပွားများအပ်ဆုံး သံဝေဇနိယလေးဌာနမှာ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင်၊ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဓမ္မစက် ဟောမြွက်ရာ မိဂဒါဝုန်နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းဂုံဆိုသည့် "ဖွား၊ ပွင့်၊ ဟော၊ စံ"ဌာနတို့ပင်ဖြစ်

မြတ်စွာဘုရားရှင်တော်မြတ်က **"ချစ်သားအာနန္ဒာ ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့ အတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သောဌာန လေးဌာနရှိ၏၊ နောင်အခါ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့"။**

**"ချစ်သားအာနန္ဒာ အကြင်လူတို့သည် ဘုရားဖူးခရီးလှည့်လည်မှုကိုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီး နောက်၌ နတ်ရွာသုဂတိသို့ ရောက်ကြ ကုန်လတ္တံ့"** ဟု ဟောတော်မူခဲ့၏။

ထိုသံဝေဂတရား ပွားများအပ်ဆုံး သံဝေဇနိယ လေးဌာနမှာ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင်၊ ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးဓမ္မစက် ဟောမြွက်ရာ မိဂဒါဝုန်နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းဂုံဆိုသည့် "ဖွား၊ ပွင့်၊ ဟော၊ စံ" ဌာနတို့ပင်ဖြစ်သည်။

သို့အတွက် ဗုဒ္ဓသာသနာတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်၊ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာနှင့် သံဝေဇနိယလေးဌာနတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုရဘိသကဲ့သို့ ဖူးမြော်ကြည်ညို သဒ္ဓါတရားပွားများနိုင်ကြစေရန် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူများ စရိတ်စကသက်သာစွာဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ရေမြေ၌ပင် အလွယ်တကူ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်ကြည်ညို သဒ္ဓါတရားပွားများနိုင်ကြစေရန်အတွက် နေပြည်တော်၌ "ဖွား၊ ပွင့်၊ ဟော၊ စံ" ဆိုသည့် သံဝေဇနိယ (၄)ဌာနကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ရာ နေပြည်တော် ဥဒယံသီကုန်းတော်မြတ်တွင် ဘုရားအဖြစ်သို့ ပွင့်တော်မူရာ သံဝေဇနိယ "ပွင့်"ဌာနအဖြစ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးကို အောင်မြင်စွာတည်ထားကိုးကွယ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် ကျန်ရှိနေသည့် "ဖွား၊ ဟော၊ စံ" သုံးဌာနသည်လည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ ကဆုန်လပြည့်နေ့တွင် ဖွင့်ပွဲအခမ်းအနားများဖြင့် ခမ်းခမ်းနားနား ဖွင့်လှစ်သွားမည်ဟုသိရသည်။

ထို့ကြောင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" ဆိုသည့် သံဝေဇနိယ(၄)ဌာန တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရည်ရွယ်ချက်နှင့် ပြီးစီးမှုအခြေအနေများအား နတ်၊ လူ သာဓုခေါ်ဆိုနိုင်စေရန်နှင့် ကြည်ညိုသဒ္ဓါတရား ပွားနိုင်ကြစေရန် ပြန်လည်ဝေမျှလိုက်ရပါသည်။

**ဦးကံချွန်**
**နေပြည်တော်ကောင်စီဝင်**

ဒီမှာကတော့ သံဝေဇနိယ လေးဌာန တည်ဆောက်ရေးဆပ်ကော်မတီ တာဝန်ယူထားပါတယ်။ ၂၀၁၁ ခုနှစ် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် စတင်တာဝန်ယူချိန်မှာပဲ သမ္မတကြီးရဲ့ အကြံပေး ဦးဖေညာဏ်က ဒီနေပြည်တော်မှာ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တရားစခန်းတစ်ခုကို နေပြည်တော်မှာ သင့်လျော်တဲ့နေရာမှာ ဆောက်ပေးရင် ကောင်းပါတယ်လို့ သမ္မတကြီးကို အကြံဉာဏ်ပေးတဲ့အတွက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မြေပြင်ကိုစစ်ဆေးပြီးတော့ ဒီနေရာဖြစ်တဲ့ သပြေစမ်းကျေးရွာတစ်ဝိုက် ဥတ္တရသီရိမြို့က နေဆိုရင် ငါးမိုင် ခြောက်ဖာလုံရှိတဲ့ ဒီနေရာလေးဟာ မြို့နဲ့လည်း မဝေးလွန်း၊ မနီးလွန်းရှိတယ်။ ဒါဟာ သာသနာ့မြေအဖြစ် သတ်မှတ်ဖို့ ကောင်းတဲ့နေရာဖြစ်လို့ သတ်မှတ်ရွေးချယ်ပြီးတော့ သမ္မတကြီးကို တင်ပြပြီး အတည်ပြုခဲ့ပါတယ်၊ ဒီနေရာကို ပထမကတော့ ကျွန်တော်တို့က တရားစခန်းလေး အရင်စလုပ်တာပါ။ တရားစခန်းအတွက် နေရာကို သမ္မတကြီးကိုယ်တိုင် လာကြည့်ရင်းကနေပြီးတော့ တရားစခန်းနဲ့ တစ်ပြိုင်နက်တည်းမှာ မြန်မာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ထားတဲ့ မြေမြတ်မဟာပါ။ ဒါ ဗုဒ္ဓဂယာ သံဝေဇနိယ လေးဌာနကို ဒီမှာ ဆောက်ကြရအောင်လို့ ပြောပြီး ၂၀၁၁ ခုနှစ်ကနေစပြီး ကျွန်တော်တို့ စဆောက်ခဲ့တာပါ။

ဒီ သံဝေဇနိယလေးဌာနကတော့ ကျွန်တော်တို့ သံဝေဂယူစရာ၊ သံဝေဂပွားများနိုင်စရာ ဘုရားရှင် "ဖွား၊ ပွင့်၊ ဟော၊ စံ" ဖြစ်ပါတယ်။ ဘုရားဖွားတဲ့နေရာ၊ နောက် ဘုရားပွင့်တဲ့နေရာ၊ နောက် ဓမ္မစကြာတရားဟောတဲ့နေရာ၊ နောက် ဘုရားပရိနိဗ္ဗာန်ပြုတဲ့နေရာ ဒါကတော့ သံဝေဇနိယ လေးဌာန။ နောက်တစ်ခါ ဘုရားရှင်တိုင်း မစွန့်လွှတ်အပ်တဲ့နေရာဆိုတာ အဝိဇဟိတ လေးဌာနဆိုတာရှိတယ်။ အဲ့ဒီ အဝိဇဟိတ လေးဌာနကျတော့ ဘုရားရှင်တိုင်း ပွင့်တဲ့နေရာ၊ နောက် ဘုရားရှင်တိုင်း ဓမ္မစကြာတရားဟောတဲ့နေရာ ဒီနှစ်နေရာကတော့ သံဝေဇနိယ လေးဌာနထဲက ဌာနနှစ်ခုနဲ့ တူတယ်။ ကျန်တဲ့ နှစ်ဌာနကတော့ မြတ်စွာဘုရား တာဝတိံသာမှ လူ့ပြည်သို့ ဆင်းသက်ရာ စောင်းတန်းဦးစိုက်ရာ နေရာတစ်နေရာ အဲ့ဒါက အဝိဇဟိတ၊ အဲ့ဒါကတော့ ကျွန်တော်တို့ ဒီဆောက်တဲ့အထဲမှာတော့ မပါဘူး။ ဘုရားရှင်တိုင်း အဲ့ဒီလိုပဲ ဒီနေရာမှာ ဆင်းတယ်။ နောက်တစ်ခါ ဇေတဝန်ကျောင်းတော်ရှိရာ ဂန္ဓကုဋိဌာန၊ အဲ့ဒါတွေဟာ ဘုရားရှင်တိုင်းရဲ့ ဘဝပါ။ အဲ့ဒီတော့ အခု ကျွန်တော်တို့ကတော့ သံဝေဇနိယလေးဌာန၊ အဝိဇဟိတထဲကဆိုရင် နှစ်ဌာနပါ။

တရားစခန်းနဲ့ မဟာဗောဓိစေတီ ဘုရားပွင့်တဲ့နေရာတို့ကို အစောဆုံး အရင်ဆုံးစလုပ်တယ်။ အဲ့ဒါတော့ ၂၀၁၃ မေလ ၂၄ ရက် ကဆုန်လပြည့်နေ့မှာ ကျွန်တော်တို့ အောင်မြင်စွာ ပြီးစီးပြီးတော့ ထီးတင်ပွဲလုပ်ခဲ့တယ်။ အဲ့ဒါပြီးတဲ့အခါကျတော့ ဘုရားပွင့်တဲ့ လုမ္ဗိနီဥယျာဉ်၊ နောက်တစ်ခါ ဓမ္မစကြာတရားဦးဟောတဲ့ မိဂဒါဝုန်၊ နောက် ဘုရားပရိနိဗ္ဗာန်စံတဲ့ ကုသိနာရုံ အဲ့ဒါတွေကတော့ တစ်နည်းအားဖြင့် "ဖွား၊ ဟော၊ စံ" ပါ။ အဲ့ဒီ သုံးဌာနကို ၂၀၁၃ မေလ ၂၄ ရက် နောက်ပိုင်းကစပြီးတော့ လုပ်ပါတယ်။ အဲ့ဒါကို မကြာခင် ဒီ ၂၀၁၅ မေ ၂ ရက်နေ့ ကဆုန်လပြည့်နေ့မှာ ဌာနသုံးဌာနစလုံးအပါအဝင် အပြီးဖွင့်မှာပါ။ အဲ့ဒါဆိုရင် ဒီနေရာဟာ သံဝေဇနိယဌာနအားလုံး ပြည့်စုံသွားပါပြီ။

ကျွန်တော်တို့ စလုပ်ခါစကတော့ ဘုရားပွင့်တဲ့ ဗုဒ္ဓဂယာစတည်ပါတယ်။ အဲ့ဒီတုန်းကတော့ ကျွန်တော်တို့ ဟိုမှာသွားပြီးတော့ ပညာရှင်အဖွဲ့တွေနဲ့ တိုင်ပင်တယ်။ နောက်တစ်ခါ မှတ်တမ်းဓာတ်ပုံတွေရိုက်တယ်။ အဲဒီနောက် ပညာရှင်တွေရဲ့ ကျွမ်းကျင်မှုနဲ့ အခြေခံပြီးတော့ ထုတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ သီတဂူ ဆရာတော်ကြီးက ကျွန်တော်တို့ကို မိန့်ကြားဖူးတယ်၊ ပုံတူရိုက်တဲ့အခါမှာ ရိုးရိုးကင်မရာနဲ့ မရိုက်နဲ့ 3D ကင်မရာနဲ့ သရီးဒိုင်မေးရှင်းကင်မရာနဲ့ ရိုက်ပြီးတော့ တစ်ပုံစံတည်း တစ်ထေရာတည်းရအောင် လုပ်ဖို့ မိန့်ကြားပါတယ်၊ ဒီ ရွှေသုဝဏ် ဆရာတော်ကြီးကလည်း အဲ့ဒီအတွက်ဆိုရင် လုပ်နိုင်တဲ့ ပညာရှင်တွေကို လမ်းညွှန်ဩဝါဒပေးပြီးတော့ "မိုး" CNC အဖွဲ့နဲ့ နောက် ပြင်ဆင်ရေးကော်မတီပါ။ အဲ့ဒီအဖွဲ့နဲ့ ပေါင်းပြီးတော့ ကျန်တဲ့စေတီတွေ သာသနိကအဆောက်အအုံတွေကို အခက်အခဲမရှိဘူး ပုံတူလုပ်နိုင်ခဲ့တယ်။

သို့သော် အဓိကဖြစ်တဲ့ မဟာပရိနိဗ္ဗာနလျောင်းတော်မူကို လုံးဝ တစ်ပုံစံတည်းဖြစ်အောင် အဓိကထားပြီးတော့ 3D ကင်မရာတွေနဲ့ သီးခြားသွားပြီးရိုက်ရတယ်၊ ရိုက်ပြီးတော့မှ Software အဆင့်ဆင့်တွေနဲ့လုပ်ပြီးတော့ နောက်ဆုံး CNC Mechine တွေနဲ့အတိအကျ စခဲ့ပါတယ်။ ဓာတ်ပုံရိုက်တဲ့အခါမှာ ဓာတ်ပုံကို ၆၅၀ လောက်ရိုက်ရတယ်၊ Point တွေအားလုံးကိုလည်း3D ဆိုတော့ အဲဒီအတိုင်း ချိုင့်ရင်ချိုင့်နေတဲ့အတိုင်း၊ ဖောင်းရင်ဖောင်းနေတဲ့အတိုင်းရတာပါ။ အဲဒီ ၆၅၀ ထဲကမှ တကယ်သုံးနိုင်တဲ့ ၃၅၀ လောက်ပဲ ယူပြီးတော့ Software နဲ့ ထွင်းထုပြီးတော့ ပူဇော်ဖို့ထားတာပါ။

ဒီလက်ရာဟာ အေဒီ ၅၀၀ စုလောက်က လက်ရာလို့ ပညာရှင်များက ပြောပါတယ်။ မထုရာပြည်သား ဒိနာဆိုသူက ထုထားတာပါ၊ အဲဒီလက်ရာမူရင်းကတော့ သဲကျောက်နဲ့ဖြစ်ပါတယ်။ သူ့မှာ ထူးခြားတဲ့အချက်က သူက အမြင်သုံးမျိုး၊ ခံစားမှု သုံးမျိုးပါတယ်။ မဏ္ဍိတော်က ဖူးမြော်လို့ရှိရင် ပြုံးနေတာ၊ ရှေ့တည့်တည့်က ဖူးမြော်ရင် ကျိန်းစက်နေတာ၊ ခြေရင်းတော်ဘက်က ဖူးမြော်ရင် ဝေဒနာခံစားနေရတာ ဒီခံစားမှုသုံးမျိုးပေါ်တဲ့ လက်ရာကို ရိုးရိုးစိတ်ခံစားမှုသက်သက်လောက်နဲ့ ကူးယူမယ်ဆိုရင် တူနိုင်စရာမရှိဘူး၊ နောက်တစ်ခါ ကျွန်တော်တို့ကလည်း ဘာနဲ့ထုလည်းဆိုရင် မြန်မာပြည်ထွက် စကျင်ကျောက်နဲ့ထုထားတာ အားလုံးပြီးစီးသွားပါပြီ။ ပထမအချက်က သံဝေဇနိယ လေးဌာနတို့ အဝိဇဟိတ လေးဌာနတို့ဆိုတာ အိန္ဒိယ၊ နီပေါတို့မှာရှိတာပါ။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့တွေက ဦးဆောင်ပြီးတော့ ဘုရားဖူးတွေ ပို့နေတာရှိတယ်၊ ခုနစ်ရက် ၁၄ ရက်လောက် အချိန်ပေးရတယ်ထင်တယ်။ ငွေကလည်း တစ်ယောက်ကို ဒေါ်လာ ၆၀၀ ကနေ ၁၀၀၀ အထိ ကုန်ကျတယ်လို့ သိရတယ်၊ ဟိုမှာရှိတဲ့ သံဝေဇနိယ လေးဌာနတစ်ခုတည်းကို သွားမယ်ဆိုရင်တောင်မှ မိုင်က ၁၄၄၃ မိုင်လောက်သွားရတယ်၊ ဒီမှာဆိုရင် ၁ ဒသမ ၇၆ မိုင်လောက်သွားတာနဲ့ လေးဌာနလုံးကို ရောက်ပါတယ်။

အဲဒီလို ကွာခြားတဲ့အတွက် အချိန်ကုန်တာတို့ ငွေကုန်တာတို့ သက်သာပြီး ဒီမှာပဲ ဖူးမြော်နိုင်အောင် စီစဉ်ထားပါတယ်၊ နောက်တစ်ခုက သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် လုပ်ခဲ့ကြတဲ့ အစဉ်အလာကောင်းတွေရှိခဲ့တယ်၊ လုပ်လည်း လုပ်ခဲ့ကြတယ်။ သာသနာတော် ထွန်းကားပြန့်ပွားရေးကို ရှေးမြန်မာမင်းအဆက်ဆက်ကစပြီး တာဝန်ရှိသူတွေက ကြိုးပမ်း အားထုတ်ခဲ့ကြတဲ့အပြင် အားပေးခဲ့ကြပါတယ်။

အိန္ဒိယဒေသမှာရှိတဲ့ မြင့်မြတ်တဲ့ မဇ္ဈိမဒေသခရီးစဉ်ဟာ နေပြည်တော်မှာတင် ဖူးမြော်လို့ရပါပြီ၊ ဒါကြောင့် နေပြည်တော်မှာရှိတဲ့ သံဝေဇနိယလေးဌာနကို လာရောက်ဖူးမြော်ကြပါ၊ လာရောက်ဖူးမြော်သူတွေအတွက်လည်း နေရေး၊ ထိုင်ရေးနဲ့ တည်းခိုဖို့နေရာကအစ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။

**ဦးဇော်မိုးဝင်း**
**အေစီအီးဆောက်လုပ်ရေးကုမ္ပဏီ**

ကျွန်တော်တို့ ပုံစံထုတ်တဲ့နေရာမှာ အထူးသဖြင့် အိန္ဒိယနိုင်ငံမှာရှိတဲ့ မူရင်း စေတီတော်တွေ၊ ပုထိုးတော်တွေဟာ ယူနက်စကိုရဲ့ အသိအမှတ်ပြုတဲ့ စာရင်းဝင် ရှေးဟောင်းအဆောက်အအုံတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ ပုံစံကူးယူဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ မြန်မာပြည်က ဆရာတော်ကြီးများဖြစ်တဲ့ ကုသိနာရုံ ဆရာတော်ကြီးတို့၊ ဗုဒ္ဓဂယာ ဆရာတော်ကြီးတို့ရဲ့ အကူအညီနဲ့ ရတဲ့အချိန်လေးမှာ တချို့စေတီတော်တွေမှာဆိုရင် ၁၅ မိနစ်လောက်ပဲ အချိန်ရတယ်။ ဒီလိုအချိန်အတွင်းမှာ ဒီကသွားတဲ့ ပညာရှင်အဖွဲ့ဟာ တိုင်းတယ်၊ ထွာတယ်၊ ပုံထုတ်တယ်၊ နောက်ပုံစံတွေ ရေးသားမှတ်သားတယ်။ ပြန်လာတော့ သူတို့ပုံစံထုတ်ပြီးတော့ ဒါမျိုးတွေလုပ်ရတာ ထူးခြားချက်တစ်ခု ရှိပါတယ်။

နောက် ကုသိနာရုံမှာဆိုရင်တော့ မဟာပရိနိဗ္ဗာနလျောင်းတော်မူ ရုပ်ပွားတော်ကြီးဟာ မူရင်းကတော့ သဲကျောက်နဲ့ထုထားတာပါ။ အခု ကျွန်တော်တို့ ဒီမှာဆိုရင်တော့ စကျင်ကျောက်နဲ့ထုပါတယ်။ ဒီရုပ်ပွားတော်ကြီးဆိုရင် သူ့ရဲ့မူရင်းပုံစံအတိုင်းကို 3D Scanner တွေနဲ့ Scan ဖတ်ပါတယ်။ နောက် ဓာတ်ပုံရိုက်ပါတယ်။ အဲ့ဒါတွေအားလုံးကို ကျွန်တော်တို့က CNC စက်ကြီးနဲ့ ထုဆစ်လို့ရတဲ့အထိ Computer Software အဆင့်ဆင့်နဲ့ ပုံဖော်ပြီးတော့မှ ဒီရုပ်ပွားတော်ကြီးကို ထုဆစ်ပူဇော်ခြင်းဖြစ်ပါတယ်။

# အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှုအကျိုးကျေးဇူးကို အာဆီယံပြည်သူတွေ ပိုပြီးခံစားရတော့မည်

**(၂၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် လန်ကာဝီမြို့တို့၌ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ဧပြီ ၂၈ ရက်တွင် မြန်မာနိုင်ငံ နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါအစည်းအဝေးများနှင့် စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ယခုလိုရှင်းပြခဲ့သည်-**

မြန်မာ့သတင်းစဉ်အဖွဲ့

**ဦးဝဏ္ဏမောင်လွင်**
**(ပြည်ထောင်စုဝန်ကြီး)**



ကျွန်တော်တို့ မလေးရှားနိုင်ငံကနေပြီး ၂၀၁၅ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအနေနဲ့ ပထမခြောက်လပိုင်းမှာလုပ်တဲ့ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ပြီး ဒီနေ့ ပြန်ရောက်တာဖြစ်ပါတယ်။ ဝန်ကြီးများအဆင့်နဲ့ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွေကို ဧပြီ ၂၅ နဲ့ ၂၆ ရက်နေ့တွေမှာ ကျင်းပခဲ့ပြီး ထိပ်သီးအစည်းအဝေးကိုတော့ ဧပြီ ၂၇ ရက် မနက်ပိုင်းမှာ ဖွင့်ပွဲလုပ်ပြီး မျက်နှာစုံညီအစည်းအဝေးနဲ့ နေ့လယ်ပိုင်းမှာ လန်ကာဝီမြို့မှာ ထိပ်သီးခေါင်းဆောင်ကြီးများ သီးသန့်အစည်းအဝေးတွေကို တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိတာဖြစ်ပါတယ်။

အာဆီယံအနေနဲ့ နှစ်အစမှာလုပ်တဲ့ ထိပ်သီးအစည်းအဝေးတွေမှာ အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အသိုက်အဝန်း တည်ဆောက်ရေးကိစ္စ၊ ဒေသတွင်းကိစ္စတွေနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးတဲ့ ထိပ်သီးအစည်းအဝေးဖြစ်ပါတယ်။

ပုံမှန် အစည်းအဝေးတွေမှာတော့ တစ်နှစ်တာပတ်လုံးမှာ ဆောင်ရွက်ခဲ့တဲ့ ပြီးခဲ့တဲ့နှစ်က မြန်မာနိုင်ငံမှာ ချမှတ်ခဲ့တဲ့ နေပြည်တော် ကြေညာချက်အပါအဝင် ၂၀၁၅ အလွန်မှာ အာဆီယံ အသိုက်အဝန်း ထူထောင်ရေးကိစ္စရပ်တွေ ဆွေးနွေးပါတယ်။ နောက်တစ်ခါ သီးသန့်အစည်းအဝေးမှာတော့ အလယ်အလတ်ဝါဒ ကျင့်သုံးတဲ့သူတွေရဲ့ လှုပ်ရှားမှုတွေကိုအားပေးဖို့၊ အစွန်းရောက်ဝါဒတွေကို ဆန့်ကျင်ဖို့၊ ကမ္ဘာ့ရဲ့ လုံခြုံရေးနဲ့ ခြိမ်းခြောက်မှုအန္တရာယ်တွေရှိနေတဲ့ဟာတွေ ဖျောက်ဖျက်ဖို့အတွက်ကို ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံနဲ့ အကုန်လုံးက အလယ်အလတ်ကျတဲ့၊ သမာသမတ်ကျတဲ့ လမ်းကြောင်းကို လျှောက်လှမ်းကြဖို့အတွက်ကို လှုပ်ရှားမှုတွေ ဆောင်ရွက်ကြဖို့ဆိုတဲ့ Global Movement of Moderates ဆိုတဲ့ လန်ကာဝီကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

နောက်တစ်ခါ အာဆီယံ အသိုက်အဝန်းထူထောင်ရေး ရှေ့လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့လည်း လုပ်ငန်းစဉ်တွေ ဆက်လက်ချမှတ်ထားခဲ့တဲ့ အနေအထားဖြစ်ပါတယ်။ နောက်တစ်ခါ ဒေသတွင်းကိစ္စရပ်တွေဖြစ်တဲ့ အရှေ့အလယ်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေ၊ အထူးသဖြင့်တော့ အာရှပစိဖိတ်ဒေသမှာ ဖြစ်ပေါ်နေတဲ့ တောင်တရုတ်ပင်လယ်ကိစ္စမှာ သက်ဆိုင်ရာ ပါဝင်ပတ်သက်တဲ့ နိုင်ငံတွေနဲ့ တရုတ်နိုင်ငံတို့ရဲ့ ဆက်ဆံရေး၊ ဒီအခြေအနေကနေပြီးတော့ Code of Conduct ဆိုတဲ့ တောင်တရုတ်ပင်လယ်ပြင်ထဲမှာရှိတဲ့လှုပ်ရှားမှုတွေ၊ ကူးသန်းရောင်းဝယ်မှုတွေ၊ ပင်လယ်ပြင် အသုံးပြုပြီးတော့ သွားလာမှုတွေနဲ့ ပတ်သက်တဲ့ ကျင့်ထုံးတစ်ရပ် အမြန်ပေါ်ပေါက်ရေးကို အားလုံး ဆွေးနွေးသွားကြဖို့၊ ဆွေးနွေးတဲ့ နည်းလမ်းနဲ့ပဲ အဖြေရှာကြဖို့၊ ငြိမ်းချမ်းစွာအဖြေရှာကြဖို့ ဒါတွေကို အကျေအလည် ဆွေးနွေးခဲ့ကြတဲ့ အနေအထားတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တောင်တရုတ်ပင်လယ်ကိစ္စနဲ့ ပတ်သက်လာရင်လည်း ရှေ့ဆက်ပြီးတော့ ဆွေးနွေးမှုတွေကို အဆင့်လိုက် အဆင့်လိုက် ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါကို ထိပ်သီးဆွေးနွေးပွဲက ရရှိတဲ့ ထူးခြားချက်တွေအနေနဲ့ ပြောကြားလိုပါတယ်။

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး)**



ဒီဆွေးနွေးပွဲမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက ကျွန်တော်တို့နိုင်ငံ ဥက္ကဋ္ဌတာဝန်ယူတဲ့အချိန်မှာ ထုတ်ပြန်ခဲ့တဲ့ ၂၀၁၅ အလွန် အာဆီယံ မျှော်မှန်းချက်တွေဖြစ်တဲ့ နေပြည်တော် ကြေညာစာတမ်းကို အခြေခံပြီး ဘာတွေဆက်လုပ်မလဲဆိုပြီး မလေးရှားနိုင်ငံက ဦးဆောင်ပြီးဆွေးနွေးခဲ့တာပါ။ အဓိကအားဖြင့် အာဆီယံက လူဦးရေအားဖြင့် သန်း ၆၀၀ ရှိပြီး ပို့ကုန်အနေနဲ့ ကမ္ဘာပေါ်မှာ စတုတ္ထမြောက် ပို့ကုန်အများဆုံးနဲ့တတိယမြောက် စီးပွားရေး အကြီးဆုံးဖြစ်တယ်။ ဒါကြောင့် လာမယ့် ၂၀၂၅ ကာလအတွင်းမှာ ဘယ်လောက်ထိ စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင်လုပ်မလဲ၊ နောက်တစ်ခါ အာဆီယံပြည်သူတွေ အားလုံးအနေနဲ့ အာဆီယံပေါင်းစည်းတဲ့ အကျိုးကျေးဇူးကို ဘယ်လိုခံစားရအောင် လုပ်မလဲဆိုတာကို ဦးစားပေး ဆွေးနွေးတယ်။ ဒုတိယတစ်ပိုင်းကတော့ လန်ကာဝီကြေညာချက်လို့ ခေါ်တယ်။ အာဆီယံသည် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းတဲ့နေရာမှာ၊ အစွန်းရောက်ဝါဒတွေကို ဖြေရှင်းတဲ့နေရာမှာ စံနမူနာပြအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ဖို့အတွက် Global Movement of Moderates လို့ခေါ်ပါတယ်။ ဒီကနေ့ အစ္စလာမ်အစွန်းရောက် ဝါဒတွေကို ဆန့်ကျင်နိုင်ဖို့အတွက် လုပ်တဲ့ဟာပါ။ ဒါကြောင့်မို့ ပြန်ချုံ့ပြောရရင် အခုအစည်းအဝေးမှာ ပထမတစ်ချက်က ၂၀၁၅ နဲ့ ၂၀၂၅ ကြားကာလအတွင်းမှာ အကောင်အထည်ဖော်ရမယ့်ကိစ္စတွေနဲ့ ဒုတိယတစ်ချက်က အစွန်းရောက်ဝါဒ ဆန့်ကျင်ဖို့တွေကို လုပ်ခဲ့ပါတယ်။

ဟောင်ကောင်အနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အတော်များများရှိတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းနဲ့ ဖိနပ်ချုပ်လုပ်ငန်းတွေမှာ အများကြီးရှိပါတယ်။ သမ္မတကြီးနဲ့ တွေ့တဲ့အခါမှာ ဟောင်ကောင်အနေနဲ့ မြန်မာနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ဖို့၊ နောက်တစ်ခုက ဟောင်ကောင်ရဲ့အားသာချက်ဖြစ်တဲ့ ခရီးသွားလုပ်ငန်းကဏ္ဍမှာ ပိုပြီးပူးပေါင်းဆောင်ရွက်နိုင်ဖို့ကို ဦးစားပေးဆွေးနွေးခဲ့ပါတယ်။ ဒီနှစ်ခုကို တိုးချဲ့ပြီးလုပ်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နဲ့ ဟောင်ကောင်က ကုန်သည်ကြီးများအသင်းနဲ့ အပြန်အလှန်လည်ပတ်ဖို့ ဆွေးနွေးပွဲတွေ ကျင်းပဖို့ကို လုပ်ခဲ့ပါတယ်။

အေအီးစီ(AEC)နဲ့ပတ်သက်ပြီး ၂၀၁၅ ကနေ ၂၀၂၅ ကာလအတွင်းမှာ အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှုအကျိုးကျေးဇူးကို အာဆီယံပြည်သူတွေ ပိုပြီးခံစားရဖို့ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံပြည်သူထဲမှာကို အာဆီယံတစ်ခုတည်းသော စီးပွားရေးဇုန်ဖြစ်လို့ရှိရင် ဘာအခွင့်အရေးတွေရမယ်ဆိုတာကို မသိသေးသလို ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်မှုတွေအပေါ် အစိုးရိမ်လွန်တာတွေလည်းရှိပါတယ်။ အဲဒါတွေကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။ နောက်တစ်ခုက အာဆီယံကုန်သည်ကြီးများနဲ့ အာဆီယံခေါင်းဆောင်များ တွေ့တဲ့အခါမှာ အာဆီယံကုန်သည်ကြီးများက အာဆီယံစီးပွားရေးဇုန်အတွင်းမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံခေါင်းဆောင်များက အားပေးဖို့၊ အာဆီယံဒေသအတွင်းမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေရဲ့ အခွင့်အရေးကို သက်ဆိုင်ရာနိုင်ငံတွေက ပိုပြီးအကာအကွယ်ပေးဖို့၊ ဘာကြောင့်လဲဆိုတော့ အာဆီယံမှာ ရွှေ့ပြောင်းလုပ်သားတွေနဲ့ ပတ်သက်တဲ့ မူဝါဒ တိတိကျကျ မပေါ်ထွက်သေးတဲ့အတွက် အဲဒါကို တိုက်တွန်းတာဖြစ်ပါတယ်။

သမ္မတကြီးအနေနဲ့ မလေးရှားနိုင်ငံအပြင် ဘယ်နိုင်ငံမှာပဲရှိရှိ အလုပ်သမားတွေနဲ့ မြန်မာနိုင်ငံသားတွေရဲ့အခွင့်အရေးနဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမယ် ဆိုတဲ့ မူဝါဒရှိပါတယ်။ ဒါကြောင့်မို့ မလေးရှားနိုင်ငံမှာ အလုပ်သမားသံအရာရှိ ခန့်ထားသလို အင်အားကိုလည်း တိုးချဲ့ထားပါတယ်။ နောက်ပြီး မလေးရှားမှာရှိတဲ့ အလုပ်သမားတွေရဲ့အခွင့်အရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ တရားဝင်လုပ်ကိုင်နိုင်ခွင့်ရရှိဖို့တွေကို အမြဲတမ်း ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် သမ္မတကြီးအနေနဲ့ နှစ်နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါတိုင်း အမြဲပြောပါတယ်။

သီးသန့်အစည်းအဝေးမှာ ခေါင်းဆောင်တွေအနေနဲ့ လန်ကာဝီကြေညာစာတမ်းနဲ့ GMM ပတ်သက်တဲ့ ကိစ္စတွေကို အဓိကထားဆွေးနွေးကြတယ်လို့ သိရပါတယ်။

မလေးရှားနဲ့ စင်ကာပူက အာဆီယံရဲ့တစ်ခုတည်းသော စံတော်ချိန်ပြုလုပ်ဖို့ အဆိုပြုပါတယ်။ ဟောင်ကောင်နဲ့ တရုတ်တို့နဲ့ စံတော်ချိန်တူတယ်ဆိုရင် စတော့ဈေးကွက်တွေ လုပ်ကိုင်ရာမှာ အဆင်ပြေမယ်ဆိုပြီး ဆွေးနွေးကြတာပါ။ ဒါကို လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းကလည်း တင်သွင်းခဲ့ဖူးပါတယ်။ အာဆီယံမှာ တခြားအရေးကိစ္စတွေ ရှိသေးတဲ့အတွက် အခုကိစ္စကို ထပ်မံပြီး အကျိုးအပြစ်တွေ လေ့လာဖို့ရှိပါတယ်။ ချက်ချင်းတော့ မဆုံးဖြတ်သေးပါဘူး။

**ဦးအောင်လင်း**
**ညွှန်ကြားရေးမှူးချုပ်**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

အာဆီယံ ထိပ်သီးအစည်းအဝေးက (၂၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးဖြစ်ပါတယ်။ အခုနှစ်ရဲ့ ဒုတိယအကြိမ်ကျင်းပမယ့် ထိပ်သီးအစည်းအဝေးအပြီးမှာ အာဆီယံနိုင်ငံတွေဟာ အာဆီယံအသိုက်အဝန်းဆိုပြီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အခုအစည်းအဝေးက အဲဒီအတွက်ကို ပြင်ဆင်တဲ့ အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ဘာတွေဆုံးဖြတ်လဲဆိုတော့ မနှစ်က နေပြည်တော်မှာ ကျင်းပခဲ့တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးမှာ နေပြည်တော် ကြေညာချက်ဆိုတာ ထုတ်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ အာဆီယံ အသိုက်အဝန်းကြီး ပေါ်ပေါက်လာခဲ့ရင် အာဆီယံက ပြည်သူကို ဗဟိုပြုပြီး ပြည်သူကို အခြေခံတဲ့ အာဆီယံအနေနဲ့ ဘယ်လို ရှေ့ဆက်သွားမယ်ဆိုတဲ့ အခြေခံအစပြုခဲ့တာကို အာဆီယံအသိုက်အဝန်း ပေါ်ပေါက်တဲ့အခါ နောင်လာမယ့် အနာဂတ်မှာ ဘယ်လိုလုပ်မလဲဆိုတဲ့ ကြေညာချက်တစ်ခု ထုတ်ဖို့အတွက်ကို အခုအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်တွေ ဆွေးနွေးခဲ့ပါတယ်။ ဒါ့ကြောင့် အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။

အစည်းအဝေးကို နှစ်ပိုင်းခွဲထားပါတယ်။ ပထမအပိုင်းကတော့ ကွာလာလမ်ပူမြို့တော်မှာ ကျင်းပခဲ့တဲ့ မျက်နှာစုံညီအစည်းအဝေးရယ်၊ လန်ကာဝီကျွန်းမှာ ကျင်းပခဲ့တဲ့ သီးသန့်အစည်းအဝေးဖြစ်ပါတယ်။ မျက်နှာစုံညီအစည်းအဝေးမှာ နိုင်ငံခေါင်းဆောင်တွေက အာဆီယံ အသိုက်အဝန်းမှာ သူတို့ ဘာတွေမျှော်မှန်းလဲ၊ အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရင် ပြည်သူတွေကို အခြေခံပြီး ဘယ်လိုဆက်ပြီး အသိုက်အဝန်းကြီး တည်ဆောက်မယ်ဆိုတာတွေကို ဆွေးနွေးကြပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့က လာမယ့် အာဆီယံအသိုက်အဝန်းမှာ ပြည်သူကိုအခြေပြုတဲ့ အာဆီယံကို မြန်မာနိုင်ငံက အပြည့်အဝထောက်ခံတယ်ဆိုတာကို ပြောကြားခဲ့ပါတယ်။

နောက်တစ်ခုက အခု ကမ္ဘာပေါ်မှာ ရင်ဆိုင်နေရတဲ့ အစွန်းရောက်တွေနဲ့ပတ်သက်ပြီး အာဆီယံအနေနဲ့ ဘယ်လိုကိုင်တွယ် ဖြေရှင်းသွားမယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အကြမ်းဖက်မှု၊ အစွန်းရောက်မှုက မဖြစ်သင့်တဲ့ကိစ္စတွေလို့ အာဆီယံအနေနဲ့ မြင်ပါတယ်။ ဒါ့ကြောင့်မို့ ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာကို ခေါင်းဆောင်တွေဆွေးနွေးခဲ့တာ ရှိပါတယ်။ နောက်တစ်ခု လန်ကာဝီမှာကျတော့ အာဆီယံနိုင်ငံတွေမှာ မတူကွဲပြားနေတဲ့ ယဉ်ကျေးမှုတွေ၊ နောက်ခံတွေ၊ ဘာသာရေးတွေ ရှိနေပေမယ့် တူညီတဲ့ အချက်က ဘာလဲဆိုတော့ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးကို တည်ဆောက်ဖို့ဆိုတဲ့ ဘုံရည်မှန်းချက်ကို ဘယ်လို အကောင်အထည်ဖော်သွားမယ်ဆိုတာကို မလေးရှားနိုင်ငံအနေနဲ့ အစွန်းမရောက်ဘဲ အလယ်အလတ်လှုပ်ရှားမှုလမ်းစဉ် (Global Movement of Moderate)ကို ကနဦး အစပျိုးခဲ့တာကိုလည်း မြန်မာနိုင်ငံအနေနဲ့ ထောက်ခံပါတယ် ဆိုတာကို ကျွန်တော်တို့ နိုင်ငံတော်သမ္မတက ပြောကြားခဲ့တာ ရှိပါတယ်။

ထင်ရှားတဲ့ပြောင်းလဲမှုကတော့ အာဆီယံကို စတည်ထောင်ခဲ့စဉ်က အာဆီယံကို အစိုးရချင်းဆက်ဆံတဲ့ Intergovernmental Organization လို့ခေါ်ခဲ့ပါတယ်။ အခုက အစိုးရချင်းမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အာဆီယံအနေနဲ့ ပြောင်းလဲလာတာပေါ့။ အာဆီယံက စဖွဲ့ခဲ့စဉ်က စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုကို အခြေခံခဲ့တာပေါ့။ အခုက ပူးပေါင်းဆောင်ရွက်မှုထက် ပိုပြီးအဆင့်မြင့်တဲ့ ပေါင်းစည်းမှုကို ဦးစားပေး ဆောင်ရွက်နေတာ ထူးခြားတဲ့ ပြောင်းလဲမှုဖြစ်ပါတယ်။

နောက်ပြီး မလေးရှားက အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့အချိန်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေ မြင့်တင်ဖို့ကိုလည်း ဦးစားပေး ဆွေးနွေးခဲ့တာရှိပါတယ်။ ဒါကြောင့်မို့ ၂၀၁၅ ခုနှစ်အကုန်မှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းမှာ အာဆီယံရဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ပိုပြီး ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မြင်ပါတယ်။



အရှေ့တီမောက အာဆီယံကို ဝင်ရောက်လိုပါတယ်လို့ ပြောခဲ့တာ နှစ်အတော်အတန် ရှိခဲ့ပါပြီ။ အာဆီယံအနေနဲ့လည်း အရှေ့တီမော (တီမောလက်စတေ)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ဖို့ လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ သူဝင်လာတဲ့အခါ ဘယ်လိုရှိမလဲဆိုတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ အသိုက်အဝန်း မဏ္ဍိုင်ကြီးသုံးခုစလုံးကနေ ဆန်းစစ်မှုတွေ ပြုလုပ်နေပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာလိမ့်မယ်လို့ အားလုံးက မျှော်လင့်နေကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့ အာဆီယံက နိုင်ငံ ၁၀ နိုင်ငံနဲ့ ဖွဲ့စည်းထားပြီး အာဆီယံခြောက်နိုင်ငံက နောက်လေးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်တို့ထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှေ့ရောက်နေပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှုကို ကျဉ်းမြောင်းဖို့ အာဆီယံ ကနဦးအစီအစဉ် (Initiative for Asean Integration) ဆိုတာကို အကောင်အထည်ဖော်နေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှုကလည်း ပိုပြီးကျဉ်းမြောင်းဖို့အတွက် ဖွံ့ဖြိုးတိုးတက်နေတဲ့ ခြောက်နိုင်ငံနဲ့အတူ ကျန်တဲ့ လေးနိုင်ငံကလည်း ကြိုးစားနေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှုကလည်း တဖြည်းဖြည်း ပိုပြီးကျဉ်းမြောင်းလာပါတယ်။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်အနေနဲ့ ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်ဖြစ်လာပြီး နောက်ပိုင်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေနဲ့ တာဝန်ကျေခဲ့တယ်လို့ မြင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အာဆီယံ ဥက္ကဋ္ဌအနေနဲ့ တာဝန်ထမ်းဆောင်စဉ်ကလည်း အာဆီယံ အသိုက်အဝန်းကြီး ပေါ်ပေါက်လာဖို့၊ လိုအပ်တဲ့ပြင်ဆင်မှုတွေလုပ်နိုင်ဖို့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့တဲ့အတွက် တာဝန်ကျေတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ တကယ်လည်း ဖြစ်နေပါတယ်။

ရှေ့ဆက်မယ့် လုပ်ငန်းစဉ်အနေနဲ့ အာဆီယံက ပိုပြီးပေါင်းစည်းလာတဲ့ အာဆီယံဖြစ်လာတဲ့အခါ စီးပွားရေးသာမက နိုင်ငံရေးဖြစ်စဉ်တွေမှာပါ အာဆီယံနိုင်ငံတွေအနေနဲ့ တူညီတဲ့အမြင် သဘောထားတွေရှိပါတယ်။ ပေါင်းစည်းလာတဲ့အခါ စီးပွားရေးတင်မဟုတ်ဘဲ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတွေမှာ ကွဲပြားနေတဲ့ နိုင်ငံရေးစနစ်တွေ ရှိပေမယ့် ကိုယ့်ဒေသရဲ့ စီးပွားရေးကို ဖော်ဆောင်ပေးမယ့် နိုင်ငံတကာဖြစ်စဉ်တွေမှာ ဘုံတူညီချက်ရပ်တည်ချက်နဲ့ တူညီတဲ့ အမြင်သဘောထားတွေ ဖော်ဆောင်သွားဖို့ ရှိပါတယ်။

Free Trade Area အနေနဲ့က အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံတွေနဲ့ တည်ထောင်ထားတာလည်း တော်တော်များများရှိတာ အများလည်း သိပါတယ်။ ဒီ့ထက်ပိုပြီး ကျယ်ပြန့်တဲ့ အလုံးစုံစီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်မယ့် Regional Comprehensive Economic Partnership ဆိုတဲ့ အင်မတန် ရည်မှန်းချက်ကြီးမားတဲ့ အစီအစဉ်ကိုလည်း အာဆီယံက ဆွေးနွေးဖက်နိုင်ငံတွေနဲ့ ဆက်လက်ပြီး လုပ်နေပါတယ်။ ဒီနှစ်ကုန်မှာ ဆွေးနွေးမှုတွေ အောင်မြင်မယ်ဆိုရင် အာဆီယံဒေသသာမက ပိုပြီးကျယ်ပြန့်တဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်လာနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကတည်းက အာဆီယံက တရုတ်နဲ့ Free Trade Area ကို စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံနဲ့ ပိုပြီး ကျယ်ပြန့်အောင်နဲ့ အာဆီယံနိုင်ငံတွေ ပိုမိုပါဝင်နိုင်အောင် ဆောင်ရွက်နိုင်ဖို့လည်း လုပ်နေပါတယ်။ တရုတ်နဲ့သာမက အိန္ဒိယ၊ အီးယူတို့နဲ့လည်း ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ဖို့လုပ်နေပါတယ်။ အခုကျင်းပတဲ့ အစည်းအဝေးကာလမှာပဲ အာဆီယံဝန်ကြီးတွေနဲ့ အီးယူစီးပွားရေး စီးပွားရေးဝန်ကြီးတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်ခဲ့ပါတယ်။

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ

## ကောင်းမွန်သောဆက်ဆံရေးရှိမှသာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသငြိမ်းချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်


**ပေကျင်း ဧပြီ ၂၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက ကောင်းမွန်သော ဆက်ဆံရေးရှိမှသာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအပါအဝင် နယ်စပ်ဒေသငြိမ်းချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်း နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာဖလှယ်မှုများ၊ ကုန်သွယ်မှု တိုးမြှင့်မှုများအပြင် နှစ်နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှုများရှိခဲ့ကြပါကြောင်း၊ ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒများသည် ကောင်းမွန်၍ လက်တွေ့ကျပါကြောင်း၊ တရုတ်နိုင်ငံသည်အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်သော မူဝါဒနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလက်ခံထားသည်ဟု သိရှိထားပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံနှင့် ကိုက်ညီသော နိုင်ငံရေးစနစ်ကို နားလည်လက်ခံအားပေးသည်ကို သိရှိရ၍ ဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက တရုတ်-မြန်မာနှစ်နိုင်ငံ၏ ကောင်းမွန်သောဆက်ဆံရေးသည် ရှေးအဆက်ဆက်နိုင်ငံခေါင်းဆောင်များက ဂရုတစိုက်ဆောင်ရွက်ခဲ့သည့် ဆက်ဆံရေးဖြစ်သည့်အတွက် မိမိတို့ မျိုးဆက်သစ်များအနေဖြင့်လည်းကောင်းမွန်သည့် အမွေအနှစ်များကို ဆက်ခံဖို့လိုပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့် ဘန်ဒေါင်းညီလာခံမှချမှတ်သောမူ(၁၀)ချက်မှာ ကောင်းမွန်သည့် အစဉ်အလာများဖြစ်သည့်အတွက် ဆက်လက်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အတူတကွဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁ ဘီလီယံထိရှိ

**နေပြည်တော် ဧပြီ ၂၈**

(၁၂)ကြိမ်မြောက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ ခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်မှ တာဝန်ပေးအပ်မှုအရ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်လမ်းကြောင်းများမှ ကုန်သွယ်မှုများတွင် တရားမဝင်တင်ပို့ တင်သွင်းနေမှုများအား စနစ်တကျ စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်ခြင်းဖြင့် တရားဝင်ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားသုံးသူပြည်သူလူထု၏ ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ Mobile Team အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တရားမဝင်ကုန်သွယ်မှုများ အတိုင်းအတာတစ်ခုထိ လျော့နည်းကျဆင်းလာကြောင်း၊ အဖွဲ့စုံဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိန်းကျောင်းမှုရှိသဖြင့် ပိုမိုမှန်ကန်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိလာ၍ နိုင်ငံတော်အတွက် ရသင့်သည့် အခွန်ဘဏ္ဍာများ ပိုမိုတိုးတက်ရရှိလာကြောင်း၊ ဗဟိုကော်မတီနှင့် လမ်းကြောင်းလှုပ်ရှား Mobile Team အဖွဲ့များ၊ စခန်းထုတ်နုတ်အဖွဲ့များ၊ ဆိပ်ကမ်းလေဆိပ်အသီးသီးရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများအား ထိရောက်စွာဟန့်တားနိုင်မှု ပိုမိုများပြားလာသည်နှင့်အမျှ မိမိဝန်ထမ်း အဆင့်အတန်းအားလုံးအား တရားမဝင်ကုန်သွယ်မှု ပြုသူများက နည်းမျိုးစုံဖြင့် မမှန်မကန်စွပ်စွဲပြောဆိုခြင်း၊ ပုဂ္ဂိုလ်ရေး၊ လူမှုရေးအရ တိုက်ခိုက်မှုများ ဆောင်ရွက်နေသည့်အတွက် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အပြည့်အဝကာကွယ်ပေးရန်လိုကြောင်း၊ အောင်မြင်မှုများကို မိမိတို့ Mobile Team အဖွဲ့ဝင်ဌာနဆိုင်ရာများမှ ပြည်သူလူထုနှင့် ပူးပေါင်းကာ ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်များ အောင်မြင်အောင် ပိုမိုကြိုးစား ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် သူရဘိုနီတို့က အမှာစကားအသီးသီး ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စီမံ/ စီးပွားဝန်ကြီးများက Video Conferencing စနစ်ဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ Mobile Team များအား ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိအမှုတွဲ ၆၁၈၂ မှုရှိခဲ့ပြီး စုစုပေါင်းတန်ဖိုးကျပ်သိန်း ၃၅၀၀၀၀ ခန့် (၃၅ ဘီလီယံခန့်)အား ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိ တရားမဝင် ကုန်ပစ္စည်းများတွင် အများပြည်သူစားသုံးရန်မသင့်သော ကုန်ပစ္စည်းအမှုတွဲ ၅၀၁ မှု၊တန်ဖိုး ၁၃၇၅၆ သိန်း (၁၄ဘီလီယံ ခန့်)အား ဖျက်ဆီးခဲ့သည်။

Mobile Team မှ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ခြင်းဖြင့် အထောက်အကူပြုဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံထူးချွန်လူငယ်မောင်မယ်များ(ငွေဆောင်) အပန်းဖြေစခန်း၌ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေလျက်ရှိ

**ငွေဆောင် ဧပြီ ၂၈**

ငွေဆောင်မြို့ ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်တို့၌ ဧပြီ ၂၅ ရက်မှစတင်၍ စခန်းသွင်းနေထိုင်လျက်ရှိသော ဘက်စုံထူးချွန်မောင်မယ်များသည် ဧပြီ ၂၈ ရက် နံနက် ၆ နာရီမှစ၍ ငွေဆောင်ကမ်းခြေ သဲသောင်ပြင်တွင် ကင်းထောက်လက်တွေ့သင်ကြားကြခြင်း၊ နံနက်စာသုံးဆောင်ခြင်း၊ ကင်းထောက် စာတွေ့သင်ကြားခြင်း၊ နေ့လယ်စာသုံးဆောင်ခြင်း၊ ကင်းထောက် စာတွေ့လက်တွေ့ သင်ကြားခြင်း၊ ကမ်းခြေတွင် ဘောလုံးကစားခြင်း၊ ပိုက်ကျော်ခြင်း ကစားခြင်း၊ မြန်မာ့ရိုးရာ ခြင်းခတ်ကစားခြင်း၊ ပင်လယ်ပြင်တွင် ရေချိုးအပန်းဖြေခြင်း၊ ညနေစာသုံးဆောင်ခြင်း၊ စာကြည့်အပန်းဖြေခြင်းများ ဆောင်ရွက်ကြပြီး အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေ စခန်းသွင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**ငွေဆောင်(မြန်/ဆက်)**




ဘက်စုံထူးချွန်လူငယ်များ ကင်းထောက် စာတွေ့ လက်တွေ့သင်ကြားခြင်းကို ပျော်ရွှင်စွာ ပြုလုပ်နေကြသည်ကို တွေ့ရစဉ်။

# ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ပါကစ္စတန်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

**ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်သည် ပါကစ္စတန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ National Security & War Course 2014/2015 (NSWC) သင်တန်းတက်ရောက်လျက်ရှိသည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်နှင့်အတူ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် ဌေးနိုင်၊ ဗိုလ်မှူးချုပ် မြင့်ကိုကို၊ ဗိုလ်မှူးချုပ် မောင်မောင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E.Mr. Ehsan Ullah Batth လည်း တက်ရောက်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က လေ့လာရေးအဖွဲ့ သိရှိလိုသည့် လွှတ်တော်များ ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်လုပ်ငန်းတာဝန်များ၊ ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ လွှတ်တော်အနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအခြေအနေများအား အသေးစိတ် ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပါကစ္စတန်နိုင်ငံ National Defence University ( NDU) မှ ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မိုဟာမက် အာနမ်ဘူရ် ရာမန်မာလစ်ခ် ဦးဆောင်သော သင်တန်းသားလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဗိုလ်မှူးချုပ် မိုဟာမက် အာနမ် ဘူရ် ရာမန်မာလစ်ခ် နှင့်အတူ ပါကစ္စတန်နိုင်ငံ National Defence University ( NDU), National Security & War Course 2014/2015(NSWC) သင်တန်းမှ သင်တန်းသားများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Ehsan Ullah Batth နှင့် စစ်သံမှူး Colonel Azhar Yasin တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကောင်းမွန်လျက်ရှိသည့် ရှိရင်းစွဲဆက်ဆံရေးအား ပိုမိုမြှင့်တင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများတွင် အပြန်အလှန်သတင်းဖလှယ်ရေး၊ သင်တန်းများဖွင့်လှစ်လေ့ကျင့်ရေး၊ အပြန်



အလှန် ချစ်ကြည်ရေးခရီးစေလွှတ်ရေး စသည့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများတွင် တိုးမြှင့်ဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များ နှင့် နှစ်နိုင်ငံရပ်တည်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(မြဝတီ)**

# တီထွင်ဖန်တီးမှုအားကောင်းသော အရည်အချင်းပြည့်ဝသည့် လူငယ်များကို မြန်မာနိုင်ငံ၏အိုင်စီတီစက်မှုလုပ်ငန်းများမှ လိုအပ်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

မြန်မာသတင်း အချက်အလက် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology - MIIT)နှင့် အိန္ဒိယနိုင်ငံ၊ (India Institute of Information Technology, Bangalore- IIIT-B) တက္ကသိုလ်တို့အကြား ပူးပေါင်းဖွင့်လှစ်သည့် Post Graduate Diploma in Software Development (PGDSD) သင်တန်းဆင်းအကျိုးရှိစွာ အသုံးပြုရမည်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းစွာနားလည်ပါကြောင်း၊ ICT ဆိုင်ရာ Long Term Master Plan ကို ရေးဆွဲထားရှိပြီး ပိုမိုကောင်းမွန်ပြည့်စုံစေရန်၊ ခေတ်နှင့်လျော်ညီမှုရှိစေရန် အတွက် ICT Master Plan ကို အမြဲပြောင်းလဲ ဖြည့်စွက်ရေးဆွဲနိုင်ရန်လည်း အစဉ်တွန်းအားပေးလျက်ရှိပါကြောင်း၊ ယခု PGDSD ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ၂၀၁၄-၂၀၁၅ ခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် နည်းပညာအသစ်များ၊ အတွေးအခေါ်အသစ်များကို အသုံးပြု၍ တီထွင်ဖန်တီးမှုအားကောင်းသော အရည်အချင်းပြည့်ဝသည့် လူငယ်များကိုလည်း မြန်မာနိုင်ငံ၏ ICT Industries များမှ အမြဲလိုအပ်လျက်ရှိပါကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ယခုကဲ့သို့သော ဒီပလိုမာဘွဲ့ရများအား Myanmar Institute of



Information Technology, MIIT မှဆက်လက်မွေးထုတ်ပေးလာနိုင်မည် ဖြစ်သည့်အတွက် ICT Industries အတွက်လည်း များစွာအကျိုးရရှိမည် ဖြစ်ပါကြောင်း။

ယခုသင်တန်းတွင် တက်ရောက်ခဲ့သော သင်တန်းသားသင်တန်းသူများသည် ကွန်ပျူတာအသုံးချ Software များကို ကျွမ်းကျင်စွာ ရေးသားနိုင်သည့် Software Engineer များအဖြစ် ရမှတ်ကောင်းများဖြင့် ရရှိအောင်မြင်ခဲ့သူများ ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ ICT Industries များနှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ရပ်တည်သွားနိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါ သင်တန်းဆင်းပွဲသို့ တက်ရောက်လာသည့် ICT ကုမ္ပဏီများဖြစ်သည့် MCC, MIT, ACE, Galaxy Software, iT STAR, Orient Mandalay, Information Matrix စသည်တို့မှ တာဝန်ရှိသူများက သင်တန်းဆင်း သင်တန်းသားများအားလူတွေ့မေးမြန်း၍ မိမိတို့ကုမ္ပဏီများတွင် အလုပ်ခန့်အပ်နိုင်ရေးအတွက် တစ်ပါတည်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ MIIT Task Force ၏ ဥက္ကဋ္ဌ Mr. S. Ramadorai နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အထူးဧည့်သည်တော်များက Software Development ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ PGDSD သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများကို ဘွဲ့လက်မှတ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘွဲ့လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မန္တလေး ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သတင်းအချက်အလက်နှင့်နည်းပညာခေတ်ကြီးတွင် နယ်ပယ်ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်ပြီး ယှဉ်ပြိုင်အားသာချက်များ ရယူနိုင်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communications Technology - ICT) အား ပညာသင်နှစ်တွင် MIIT ကို မန္တလေးမြို့တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်ပင်မအဆောက်အအုံ တည်ဆောက်နေစဉ်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ယာယီ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလ ကိုးလဖြစ်ပြီး ပထမသင်တန်းကာလခြောက်လကို အိန္ဒိယနိုင်ငံ၊ IIIT-B တက္ကသိုလ်တွင် ၂၀၁၄ ခုနှစ် မေလမှ အောက်တိုဘာလအထိလည်းကောင်း၊ ဒုတိယသင်တန်းကာလ သုံးလကို မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိလည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့

# မြန်မာ့ပင်လယ်ပြင်ငါးထုထည်ပမာဏတိုင်းတာ ဆောင်ရွက်မည့် သုတေသနရေယာဉ်ရောက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဧပြီ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ ရောက်ရှိနေသော နော်ဝေနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ပိုင်နက် ပင်လယ်အတွင်း ငါးသယံဇာတ ထုထည်ပမာဏတိုင်းတာရန် သုတေသနရေယာဉ် Dr.Fridtjof Nansen ပေါ်တွင် သုတေသနလိုက်ပါဆောင်ရွက်မည့် နော်ဝေနိုင်ငံမှပညာရှင်များ၊ မြန်မာ နိုင်ငံမှလိုက်ပါမည့် ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်၊ မြိတ်၊ မော်လမြိုင် တက္ကသိုလ်များမှနည်းပြများ၊ တပ်မတော်ရေယာဉ်မှ လိုက်ပါမည့် အရာရှိများအား တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါညစာစားပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံရုံးမှ သံအမတ်ကြီး Madam Ann Ollestad၊ မြန်မာနိုင်ငံဆိုင်ရာ FAO ကိုယ်စားလှယ်ရုံးမှ Mr.Giuseppe Romalli၊ နော်ဝေသုတေသနရေယာဉ်မှ ပညာရှင်အဖွဲ့ ခေါင်းဆောင် Dr.Jens-Otto Krakstad တို့မှ ဂုဏ်ပြုအမှာစကားပြောကြား ပြီး သုတေသနရေယာဉ်နှင့်ပတ်သက်သောအချက်အလက်များ၊ မြန်မာ့ပင်လယ်ပြင်တွင် ငါးထုထည်ပမာဏ တိုင်းတာဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါသုတေသနရေယာဉ်သည် မြန်မာ့ပိုင်နက်ရေပြင်အတွင်း ၁၉၇၉ ခုနှစ်တွင် ပထမအကြိမ်တိုင်းတာခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် တတိယအကြိမ်အဖြစ်လည်းကောင်း တိုင်းတာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခု စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဧပြီ ၂၈ မှ ဇွန် ၂၁ ရက်အထိ ၅၅ ရက်ကြာ သုတေသနလုပ်ငန်း များအား မြန်မာပိုင်နက်ရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ငါးထုထည် ပမာဏတိုင်းတာဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# ပျဉ်းမနားမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး လုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဧပြီ ၂၈**

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ နေပြည်တော် ပညာရေးတာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းက ပျဉ်းမနားမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကရင်တိုင်းရင်းသားအများစုနေထိုင်သော ကျေးရွာများဖြစ်ကြသည့် သံပရဲ၊ ဆိတ်ဖူးတောင်၊ လက်ဖက်တောင်၊ အောင်ဘိသိတ်၊ ဘို့မသံတောင်နှင့် နန်းလွန်ဆန်းစသည့် ကျေးရွာများသို့ သွားရောက်၍ စာသင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာရေးကိရိယာများနှင့် သင်ကြားပို့ချပေးနေကြသည့် မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၏ ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာ ၄၂ ရွာ၌ စာသင်ဝိုင်း ၆၅ ဝိုင်းဖြင့် စာသင်သားဦးရေ ၆၅၇ ဦးကိုမိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၆၅ ဦး၊ အုပ်ချုပ်ကြီးကြပ်သူ ခုနှစ်ဦး စုစုပေါင်း ၇၂ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဝင်း (ပျဉ်းမနား)

# စိုက်ပျိုးနည်းပညာပြန့်ပွားရေးနှင့် တောင်သူလူမှုဘဝမြှင့်တင်ရေးများဆောင်ရွက်

သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ချစ်သမီး

**နေပြည်တော် ဧပြီ ၂၈**

စိုက်ပျိုးရေး ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော ကျေးလက်နေ တောင်သူလယ်သမားများလူနေမှုဘဝမြင့်မားလာစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ စိုက်ပျိုးနည်းပညာပြန့်ပွားရေးနှင့် တောင်သူများ လူနေမှုဘဝ မြှင့်တင်ရေးသင်တန်းကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီခွဲက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ တောင်သူတွေ ဝင်ငွေတိုးတက်ရေးနဲ့ လူနေမှုဘဝ မြင့်မားလာစေရေးအတွက်လည်း အရေးပါတဲ့အတွက် စိုက်ပျိုးတိုးချဲ့ပညာပေးရေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ပါတယ်။ လယ်ယာကဏ္ဍမှာ စိုက်ပျိုးတိုးချဲ့ပညာပေးရေးက အရေးကြီးဆုံးပါ။ အရင်က တောင်သူတွေကို စိုက်ပျိုးတိုးချဲ့ပညာကို နည်းအမျိုးမျိုးနဲ့စမ်းသပ်လုပ်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ဘူး။ အခုအခါ စိုက်ပျိုးတိုးချဲ့ပညာပေးရေးကို ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်နဲ့ ပူးပေါင်းပြီး သုံးနှစ်စီမံကိန်းလုပ်ဆောင်မှာ ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခနှစ်ဦးဖြစ်တဲ့ Dr. Michelle နဲ့ Dr. Julian Prior တို့က တစ်လှည့်စီ လာရောက်ပြီး သင်ကြားပေးသွားမှာပါ " ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။




အဆိုပါ အခမ်းအနားတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကား ပြောကြားပြီး ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခ Dr. Julian Prior က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

သင်တန်းသားများ အနေဖြင့် စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် NGO အဖွဲ့စည်းများမှ တာဝန်ရှိသူများ တက်ရောက်သင်ကြားကြသည်။

ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခ Dr. Julian Prior က "စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေပေးရလို့ အလွန်ဝမ်းသာပါတယ်။ အခုလို သင်တန်းတွေကို နိုင်ငံတကာမှာ ပေးလာခဲ့တာ မြန်မာနိုင်ငံနဲ့ သဘာဝတူတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ အဲဒီက အတွေ့အကြုံတွေနဲ့ အကောင်းဆုံးဖြစ်အောင် သင်ကြားပို့ချပေးသွားမှာပါ။ အခုအခါ နည်းပညာပိုင်းဆိုင်ရာတွေကို သေသေချာချာသင်ကြားပေးသွားမယ်။ အောင်မြင်တဲ့အထိ ကြိုးစားလုပ်ဆောင်သွားမှာပါ။ ဒီစီမံကိန်းက သုံးနှစ်စီမံကိန်းဖြစ်တဲ့အတွက် သင်တန်းတွေ၊ သုတေသနပိုင်းတွေကို ပို့ချပေးသွားမှာပါ။ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန်အတွက် ကြိုးစားပြီး ပို့ချပေးသွားမှာပါ " ဟု ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် ရာသီဥတု ရေမြေ အချိန်အခါကိုလိုက်၍ တောင်သူများ စိုက်ပျိုးသီးနှံ အမျိုးအစားကို လျင်မြန်စွာဆုံးဖြတ်ချက်ချ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တစ်ပတ်တိတိ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ဧပြီလဆန်းမှစ၍ စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ဆီဈေးနှုန်းများ လျှော့ချဖြန့်ဖြူး

**မန္တလေး ဧပြီ ၂၈**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေးဌာနမှ ပြည်တွင်းဓာတ်ဆီအရောင်းဆိုင်များသို့ ၂၀၁၅ ခုနှစ် ဧပြီလဆန်းမှစ၍ ဓာတ်ဆီဈေးနှုန်းများ လျှော့ချဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သကြ်န်မတိုင်ခင်က ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ ဂါလန် ၅၀ ပါတစ်စည်လျှင် ၅၄ ဒသမ ၉၅ ဒေါ်လာရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ဧပြီ ၂၈ ရက်အထိ ၆၄ ဒသမ ၈၃ ဒေါ်လာရှိခဲ့သော်လည်း ယခင်ဓာတ်ဆီ ၁ ဂါလန်လျှင် ကျပ် ၃၃၅၀ မှ ယခုအခါ ကျပ် ၂၉၀၀ ဖြင့်သာ ရောင်းချပေးသည့်အပြင် ဓာတ်ဆီဆိုင်များသို့ လစဉ်ဖြန့်ချိပေးသည့် ဂါလန်အရေအတွက်ကိုလည်း တိုးမြှင့်ဖြန့်ဖြူးပေးခဲ့ကြောင်း ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် စက်သုံးဆီအရောင်းဆိုင်)က ပြောသည်။

"ဧပြီလဆန်းကနေဈေးလျှော့ပေးတဲ့အပြင် ခွဲတမ်းအနေနဲ့လည်း ယခင်က တစ်လကို ဂါလန် ၃၀၀၀ ကနေ ၄၀၀၀ အထိသာ ထုတ်ယူခွင့်ပြုခဲ့ရာ အခုတော့ ဂါလန် ၉၆၀၀ အထိ တိုးမြှင့်ပေးတဲ့အတွက် သုံးစွဲသူတွေအဖို့ ဈေးသက်သာသွားတဲ့အတွက် ဝန်ကြီးဌာနရဲ့စေတနာကို အသိအမှတ်ပြုရမှာပါ"ဟု ၎င်းက ပြောသည်။

သကြ်န်မတိုင်ခင် မန္တလေးမြို့တွင် အောက်တိန်းတစ်ပီပါလျှင် ကျပ် ၁၃၈၀၀၀၊ ဒီဇယ်တစ်ပီပါလျှင် ကျပ် ၁၂၉၀၀၀၊ ဓာတ်ဆီတစ်ပီပါလျှင် ကျပ် ၁၄၈၀၀၀ ရှိခဲ့ရာမှ လက်ရှိတွင် အောက်တိန်းတစ်ပီပါလျှင် ကျပ် ၁၅၂၀၀၀၊ ဒီဇယ်တစ်ပီပါလျှင် ကျပ် ၁၄၀၀၀၀ နှင့် ဓာတ်ဆီတစ်ပီပါလျှင် ကျပ် ၁၄၉၀၀၀ ရှိခဲ့သည်။

တစ်ဂါလန် နှုန်းထားများ အနေဖြင့် သကြ်န်မတိုင်ခင် အောက်တိန်းတစ်ဂါလန်လျှင် ကျပ် ၃၀၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ်၃၀၆၀၊ ဓာတ်ဆီတစ်ဂါလန် ၃၈၂၅ ကျပ်တို့ဖြစ်ပြီး လက်ရှိတွင် အောက်တိန်းတစ်ဂါလန်လျှင် ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၁၅၀၊ ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၀၀ နှုန်းဖြင့် အရောင်းဆိုင်များမှ ဖြန့်ချိရောင်းချပေးလျက်ရှိပြီး မန္တလေးမြို့၌ စက်သုံးဆီရောင်းချသောဆိုင်ပေါင်း ၄၀ ကျော်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

**တာချီလိတ် ဧပြီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲအမှတ်စဉ် (၁/၂၀၁၄-၂၀၁၅) အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာချီလိတ် နယ်စပ်ကုန်သွယ်ရေး စခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုလျာထားချက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများနှင့် ကုန်သွယ်မှုမူဝါဒဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တာချီလိတ်နယ်စပ်စခန်း၏ One Stop Services (OSS) အဖွဲ့ဝင်ဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) တို့မှ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များနှင့် မော်တော်ယာဉ်အသင်းဂိတ်များမှ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# ၂၀၁၄ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေတစ်ရပ်လုံး ရာနှုန်းပြည့်ကောက်ခံပြီးစီး

**မကွေး ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဘဏ်ခွဲ(၂၅)ဘဏ်သို့ ၂၀၁၄ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ကျပ်သိန်းပေါင်း ၄၇၂၆၀၉ ဒသမ ၈၀ သိန်း ထုတ်ချေးပေးခဲ့ရာ ဧပြီ ၂၂ ရက်တွင် ချေးငွေတစ်ရပ်လုံးကို ရာနှုန်းပြည့် ပြေကျေစွာကောက်ခံပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(တိုင်းဒေသကြီးဘဏ်ခွဲ)မှ သိရသည်။

သန်းနိုင်ဦး(ငဖဲ)

# စက်မှုဇုန်ထုတ်ယာဉ် အပ်နှံမည့်ပိုင်ရှင်များအား အသိပေးနှိုးဆော်

**နေပြည်တော် ဧပြီ ၂၈**

ပြည်သူများ မော်တော်ယာဉ်အသုံးပြုရာတွင် အဆင်ပြေစေရန် ၁၉-၉-၂၀၁၁ ရက်မှစ၍ ယာဉ်အို ယာဉ်ဟောင်းအပ်နှံပါက အစားထိုးယာဉ်ဝယ်ယူတင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

ယာဉ်အို ယာဉ်ဟောင်းများအဖြစ် အပ်နှံဆောင်ရွက်ရာတွင် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း၊ ထုတ်လုပ်သည့် ခုနှစ်များသတ်မှတ်ကာလကျော်လွန်သည့် ယာဉ်များကိုသာ အပ်နှံလက်ခံဆောင်ရွက်ပေးပါသည်။

စက်မှုဇုန်ထုတ် ယာဉ်အပ်နှံခြင်းကိစ္စများတွင် မမှန်မကန်ဆောင်ရွက်ခြင်းများရှိလာသဖြင့် စိစစ်နိုင်ရန် ၂၇-၂- ၂၀၁၅ ရက်မှစ၍အပ်နှံခြင်းအား ယာယီရပ်ဆိုင်းထားခဲ့သည်။ ယခုအခါ စက်မှုဇုန်ထုတ်ယာဉ်များအပ်နှံမှုအတွက် ယာဉ်မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်လွန်ပြီးသည့် ယာဉ်များသာ အပ်နှံလက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အပ်နှံသူများ သိရှိရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားပါကြောင်း သိရှိရသည်။

(သတင်းစဉ်)

# လျှပ်စစ်အန္တရာယ်နှင့် ဓာတ်အားပြတ်တောက်ပျက်ဆုံးမှုလျော့ကျရေး လျှပ်ကာပါသောဓာတ်ကြိုးများ အစားထိုးတပ်ဆင်



**ရန်ကုန် ဧပြီ ၂၈**

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့ကျစေရေးအတွက် ACSR Conductor နှင့် မြေအောက်ဓာတ်ကြိုးလိုင်းများ အစားထိုးလဲလှယ်ခြင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ ဈေးကြီးရပ်ကွက်တွင် အဆိုပါလျှပ်စစ်ဓာတ်ကြိုး လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၂၆ ရက် နံနက်ပိုင်းရီခဲ့က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ဓာတ်ကြိုးများ လှယ်လဲခြင်းကို ဘဏ္ဍာလမ်း၊ ရွှေဘုံသာလမ်း၊ ကုန်သည်လမ်း၊ သင်္ဂဟလမ်းတို့တွင် 95 mm2 Insulated Wire ဓာတ်ကြိုးများဖြင့် အစားထိုးလှယ်လဲလှယ်တပ်ဆင်ခဲ့သည်။ မူလတပ်ဆင်ထားသော လျှပ်ကာမပါသော ကြိုးများအစား လျှပ်ကာပါသောကြိုးများ (Insulated Wire) ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းဖြစ်ကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းမှုနှင့် ဓာတ်အားပြတ်တောက်ပျောက်ဆုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါလျှပ်ကာပါသော ဓာတ်ကြိုးများကို ဆက်လက်လဲလှယ်သွားမည်ဖြစ်ကာ မြို့မဈေးပတ်လမ်းတစ်လျှောက်တွင် လမ်းမီးများ ထွန်းညှိပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**(သတင်းစဉ်)**

# ရွှေပြည်သာတွင် ကုစားစာမေးပွဲ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော် ပြန်ဖြေရမည်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိုင်းဒေသကြီးမေးခွန်းအဋ္ဌမတန်း၊ ခရိုင်မေးခွန်း စတုတ္ထတန်း အစိုးရစစ်အား နောက်ထပ်တစ်ကြိမ် ပြန်လည်ကုစားစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၄၄ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဋ္ဌမတန်း ကုစားစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၂၆၂၉ ဦးကို အထကနှင့် အထက (ခွဲ)ကျောင်း ငါးကျောင်းတွင် စာစစ်ဌာနငါးခု၊ စတုတ္ထတန်းကုစားစာမေးပွဲကိုဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၂၅၁၅ ဦးကို အလကနှင့် အလက (ခွဲ) ကျောင်း ၁၂ ကျောင်းတွင် စာစစ်ဌာန ၁၂ ခု ဖွင့်လှစ်ထားပြီး ယခင်ဖြေဆိုခဲ့ပြီးသော ခုံနံပါတ်နှင့် စာစစ်ဌာနအတိုင်း မေ ၁၄ ရက်မှ ၁၆ ရက်အထိ ဘာသာရပ်များကို သတ်မှတ်ချိန်အတိုင်း ဖြေဆိုကြရမည်ဟု သိရသည်။

ကုစားစာမေးပွဲကို မဖြေဆိုမီ အခြေခံပညာဦးစီးဌာနက ဧပြီ ၂၇ ရက်မှ မေ ၈ ရက်အထိ ကုစားသင်ကြားရေးကို အချိန်ကာလသတ်မှတ်ပေးထားသော်လည်း ရွှေပြည်သာမြို့နယ် ပညာရေးဌာနသည် အောင်စာရင်းထုတ်ပြန်သည့် အဖြေရလဒ်ပေါ်မူတည်၍ ကျောင်းသား ကျောင်းသူများ၏အခွင့်အရေးကိုကြည့်ကာ ဧပြီ ၂၀ ရက်မှ စတင်ပြီး ကုစားသင်ကြားမှုများ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ရွှေပြည်သာမြို့နယ် ပညာရေးဌာနအောက်မှာအစိုးရ(ထက်၊လယ်၊မူ) ၅၇ ကျောင်း၊ ဘကကျောင်းကိုးကျောင်း၊ ကိုယ်ပိုင်ကျောင်းကိုးကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေက တက်ပြီးဖြေဆိုကြတဲ့ အဋ္ဌမတန်း၊ စတုတ္ထတန်းကျောင်းသား ကျောင်းသူတွေဟာ ကုစားစာမေးပွဲကိုဖြေဆိုနိုင်ဖို့ မိမိတက်ရောက်နေတဲ့ ကျောင်းတွေကပဲ ကုစားသင်ကြားရေး သင်ခန်းစာတွေကို သက်ဆိုင်ရာ ဆရာ ဆရာမတွေက သင်ပြနေပါတယ်။ ဒါပေမယ့် အချို့သော ကျောင်းသား ကျောင်းသူတွေဟာ နယ်ဝေးရောက်နေလို့၊ စီးပွားရေးအဆင်မပြေလို့၊ အလုပ်လုပ်နေရလို့ စတဲ့အကြောင်းမျိုးစုံနဲ့ လာမတက်ကြလို့ စိတ်မကောင်းဖြစ်မိတယ်။ စာစစ်ဌာနတွေ့ရဲ့ ကြီးကြပ်ရေးမှူးနဲ့ ကြီးကြပ်ရေးအဖွဲ့များကိုလည်း အရင်ကအတိုင်း ထက်၊ လယ်ကျောင်းအုပ်များ၊ ဆရာ ဆရာမများကိုပဲ တာဝန်ချထားပါတယ်။ အခုတစ်ကြိမ်ဟာ ကျောင်းသား ကျောင်းသူတွေအထူးဂရုစိုက်ပြီး အောင်မြင်အောင် ဖြေဆိုဖို့လိုပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ အတန်းတက်ခွင့်မရှိဘဲ မူလအတန်းမှာသာ ပြန်လည် စာသင်ကြားရမယ်" ဟု မြို့နယ်ပညာရေးမှူးက ပြောသည်။

"အစိုးရစစ်စာမေးပွဲမှာ တစ်ခါမှ နှစ်ကြိမ်ပြန်ဖြေရတယ်လို့ မရှိခဲ့ဘူး။ ဒီနှစ်ဟာ စမ်းသပ်ကာလမို့လို့ကုစားပြန်ဖြေခွင့်ပေးတယ် ထင်ပါတယ်။ နောင်နှစ်တွေမှာ ဒီလိုအခွင့်အရေးပေးမှာမဟုတ်ဘူး။ ကျွန်တော်တို့တုန်းကဆို အောင်စာရင်းထွက်ပြီးရင် အောင်/ရှုံးအဖြေပဲ၊ ဒါကြောင့် အချို့ဆို စာမေးပွဲကို အကြိမ်ကြိမ်ကျလို့ အဋ္ဌမတန်း၊ စတုတ္ထတန်းနဲ့ပဲ အိမ်ရာထူထောင်သွားကြတဲ့သူတွေ မနည်းဘူး။ ဒါကြောင့် အခွင့်အရေးရခိုက်မှာ ကျောင်းသားကျောင်းသူများဘက်က ကြိုးကြိုးစားစားနဲ့ အာရုံစိုက်ပြီး ဖြေဖို့လိုတယ်။ မိဘများကလည်း တိုက်တိုက်တွန်းတွန်းနဲ့ ပညာရေးရဲ့ ပြုပြင်ပြောင်းလဲမှုကို သိဖို့လိုတယ်။ ဒါမှသာ တစ်နှစ်ကျလို့၊ တစ်တန်းအောက်ရင် အချိန်ကုန်၊ ငွေကုန်တဲ့ ဘေးက လွတ်မြောက်နိုင်မယ်"ဟု အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ဧပြီ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော ရွှေပြည်သာမြို့နယ် ပညာရေးဌာန၏ အောင်စာရင်းအရ စတုတ္ထတန်းဖြေဆိုသူ ၅၂၁၂ ဦး၊ အောင်မြင်သူ ၂၆၉၇ ဦး၊ ကုစား ၂၅၁၅ ဦး၊ အောင်ချက် ၅၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဋ္ဌမတန်းဖြေဆိုသူ ၃၇၀၃ ဦး၊ အောင်မြင်သူ ၁၀၇၄ ဦး၊ ကုစား ၂၆၂၉ ဦး၊ အောင်ချက် ၂၉ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**




**အ.ထ.က(၅) မင်္ဂလာတောင်ညွန့်**
**(၁၉၇၆–၂၀၀၂)ခု ကျောင်းသား/ သူဟောင်းများ၏**
**စတုတ္ထအကြိမ် မြောက် " မြတ်ဆရာပူဇော်ပွဲ "**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အ. ထ. က(၅)ကျောင်းကြီးတွင်ပညာသင်ကြားပေးခဲ့သောဆရာကြီး၊ ဆရာမကြီးများအားကျောင်းသား/သူဟောင်းများကမြတ်ဆရာပူဇော်ပွဲကိုအောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများကြွရောက်ကြပါရန်နှင့်ကျောင်းသား/သူများအားလုံး မြတ်ဆရာပူဇော်ပွဲသို့တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**(မှတ်ချက်)ကျောင်းသား/သူဟောင်းများအားသီးခြားဖိတ်စာထပ်မံပေးပို့မည် မဟုတ်ပါ။**

ကျင်းပမည့်နေ့ရက်။ ။ ၁၀-၅-၂၀၁၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် (၉ း ၀၀ )
ကျင်းပမည့်နေရာ ။ ။ အ. ထ. က (၅) မင်္ဂလာတောင်ညွန့်၊ မြတ်ဆရာခန်းမ
**ဆက်သွယ်လှူဒါန်းရန်ဖုန်း** - ဆရာမဒေါ်မိုးမြင့်မြင့်ခိုင်-၀၁ ၃၈၇၀၅၃၊ ဆရာမဒေါ်ရီရီဝင်း - ၀၉ ၅၁၆၇၇၆၆၊ ဆရာမဒေါ်မြင့်မြင့်ချို - ၀၉ ၄၂၀၀၅၅၆၅၂၊ ဦးလှရွှေ - ၀၉ ၅၁၄၆၀၈၂ ဦးမြတ်ထွဋ် - ၀၉ ၅၀၂၉၁၂၊ ဦးခင်မောင်ထွန်း -၀၉ ၅၁၉၅၉၇၅ ၊ ဦးမျိုးဝင်း - ၀၉ ၄၃၁၂၉၉၁၀



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက် အမှတ် ၆၄၈ မြေကွက်ရရှိထားသူ ဒေါ်လှလှဦး ၁၂/မဂဒ(နိုင်)၀၁၁၁၁၆က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက် အမှတ် ၅၈၂၊ မြေကွက်ရရှိထားသူ ဒေါ်သန်းသန်းနွယ် ၁၂/သကတ(နိုင်)၀၃၃၀၀၀က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**ဘဏ္ဍာရေးဝန်ကြီးဌာန**
**တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | **ညွှန်ကြားရေးမှူးအိမ်ရာ(၄၀'×၄၅'×၁၀')** | (၁) လုံး |
| (ခ) | **၁၂ ပေ မြင့်သံရေစင်တည်ဆောက်ခြင်း** | (၁) လုံး |
| (ဂ) | **ရုံးဝန်ထမ်းအိမ်ရာအတွက် ၁၂၀' အရှည် မြေထိန်းနံရံတည်ဆောက်ခြင်း** | (၁) ခု |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တိုင်းဒေသကြီး ရသုံးမှန်း ခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ၄-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၅-၅-၂၀၁၅ ရက်(တနင်္လာနေ့) ညနေ ၄နာရီ ထက်နောက်မကျစေဘဲ ပေးသွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၅၂-၂၂၀၀၀၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ်(၃၆၆)၊ မြေကွက်ရရှိထားသူ ဒေါ်သိန်းသိန်းမြင့် ၁၂/မဂတ(နိုင်)၁၂၈၆၂၄က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



**ဓမ္မစကူးလ်ဖောင်ဒေးရှင်း(၃)နှစ်ပြည့်**
**ဓမ္မစကူးလ်အထူးတရားပွဲ ကျင်းပမည့်နေရာ ပြောင်းရွှေ့ခြင်း**

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ (၃)နှစ်ပြည့် ဓမ္မစကူးလ်အထူးတရားပွဲကို ယခင်ပြည်သူ့ရင်ပြင်တွင် ကျင်းပရန် စီစဉ်ထားပါသော်လည်း ယခုအခါ ရာသီဥတုအခြေအနေအရ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ယခုနှစ် အကယ်ဒမီပေးသည့်နေရာ Myanmar Event Park(မိုးလုံလေလုံခန်းမ)တွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ပါ၍ တရားချစ်ခင်စိတ်ကောင်းဝင်ကြကုန်သော ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်းတို့အား တရားတော်နာကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဟောကြားမည့်ဆရာတော်များနှင့်နေ့ရက်**

| | |
|---|---|
| **၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၄ရက်** ၁-၅-၂၀၁၅ရက်(သောကြာနေ့) | ဒေါက်တာအရှင်ဉာဏိဿရ (ရွှေကျင်ဂိုဏ်း၏ဥပဥက္ကဋ္ဌသီတဂူဆရာတော်ကြီး) |
| **၁၃၇၇ခုနှစ် ကဆုန်လပြည့်နေ့** ၂-၅-၂၀၁၅ရက်(စနေနေ့) | မနာပဒါယီ အရှင်ဝိစိတ္တ (ကိုရီးယားနိုင်ငံသာသနာပြုဆရာတော်) |
| **၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်** ၃-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) | အရှင်သုဇာတ (မေတ္တာအေးဆရာတော်) |

**လှူဒါန်းနိုင်သည့်အလှူများ**

ဓမ္မစကူးလ်ဖောင်ဒေးရှင်းအတွက် ပဒေသာပင်အလှူ၊ ဓမ္မပူဇာအလှူ၊ ဝေယျာဝစ္စအလှူ၊ မော်တော်ယာဉ်အလှူ၊ အာဟာရအလှူ၊ LED အလှူ၊ မုန့်ဦးအလှူ၊ သောက်ရေအလှူ၊ ပန်းအလှူ၊ စတိတ်စင်အလှူ၊ စတိတ်စင်နောက်ခံအလှူ၊ မီးတာခအလှူ၊ မီးစက်ဆီအလှူ၊ ဖျာအလှူ လှူဒါန်းလိုပါက အောက်ပါလိပ်စာ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လှူဒါန်းနိုင်သည့်တည်နေရာ**

စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ Myanmar Event Park(MEP)ယခုနှစ် အကယ်ဒမီပေးခဲ့သည့် မိုးလုံလေလုံခန်းမ ဖုန်း-၀၉-၅၁၈၆၃၅၇၊ ၀၉-၅၁၅၅၆၉၁၊ ၀၉-၄၄၈၅၄၀၇၂၈၊ ၀၉-၂၅၀၃၈၁၆၉၂၊ ၀၉-၄၃၀၅၇၁၁၆- ရွှေသံလွင် မိသားစုမှ Live Show ထုတ်လွှင့်မှုသုံးရက်နှင့် မတည်အလှူတော်ငွေကျပ်သိန်းနှစ်ရာ လှူဒါန်းပါသည်။

# ဆေးပညာသတင်းဆန်းများ (၉၃)

ဒေါက်တာ-ကံညွန့်

### ကွန်ပျူတာနည်းပညာသုံး နှလုံးတီထွင်

ကွန်ပျူတာနည်းပညာတိုးတက်လာတာဟာ ဆေးပညာတိုးတက်လာဖို့အတွက်လည်း အထောက်အကူအလွန်ပြုနေပါတယ်။ ယခုလည်း လူရဲ့နှလုံးအစစ်နှင့် ပုံစံတူ အင်မတန်သေးငယ်တဲ့ နှလုံးတစ်ခုကို ကွန်ပျူတာနည်းပညာနှင့် တီထွင်နိုင်ခဲ့ကြပါတယ်။ ဒါကို ပြုလုပ်နိုင်ခဲ့ကြတာကတော့အမေရိကန်နိုင်ငံ Berkeley မှာရှိတဲ့ University of California က သုတေသနပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့ဟာ Bioengineering နည်းပညာ၊ ကွန်ပျူတာနည်းပညာတို့နှင့် ပေါင်းစပ်ပြီး လူရဲ့ pluripotent stem cells ခေါ်တဲ့ သန္ဓေတည်စ ပင်မ cells ကို special silicon microchip ထဲမှာ မွေးယူခဲ့ကြတာဖြစ်ပါတယ်။ ဒီလူနှလုံးရဲ့ အရွယ်ဟာ ဆံချည်မျှင်တစ်ခုအရွယ်သာရှိပြီး ဒီအထဲမှာ လူနှလုံးရဲ့ ကြွက်သားသွေးကြောအားလုံး ပုံစံအတူတူပါရှိမှာဖြစ်ပါတယ်။ ဒီနှလုံးဟာ တစ်လခန့် နှလုံးခုန်နှုန်း ၅၀မှ ၈၀ အထိခုန်နေမှာဖြစ်ပါတယ်။ ဒီအတောအတွင်း နှလုံးနှင့် ပတ်သက်တဲ့ ဆေးဝါးတွေကို စမ်းသပ်နိုင်မယ်လို့ဆိုပါတယ်။ ယခင်တုန်းက ကြွက်တွေနှင့် စမ်းသပ်ခဲ့ရတာဟာ အချိန်ကြာမြင့်ပြီးဆေးဝါးတစ်ခု ထုတ်လုပ်ဖို့ ငွေကုန်ကြေးကျအများကြီးခံ၊ အချိန်တွေအများကြီးကြာပြီးမှ ထုတ်လုပ်ခဲ့ရတယ်။ အခုဒီနှလုံးဖြစ်ပေါ်လာတာဟာ လူနှလုံးအစစ်ကို စမ်းသပ်ရတာဖြစ်တဲ့အတွက် ပိုပြီးတိကျတဲ့ ဆေးတွေ ထုတ်လုပ်နိုင်မယ်ဆိုတာ သတင်းကောင်းအဖြစ်တင်ပြလိုက်ရပါတယ်။

### လည်ချောင်းကင်ဆာ ကြိုတင်သိနိုင်

လည်ချောင်းကင်ဆာဆိုတာ ဖြစ်လာရင် ကုရခက်ပြီး အစားအသောက် မျိုမချနိုင်တာကြောင့် လူနာတွေမှာလည်း အနေရခက်လွန်းတဲ့ ရောဂါတစ်ခုပါ။အခုတော့ ဒီရောဂါဖြစ်နိုင်တဲ့ Gene သုံးမျိုးကိုရှာတွေခဲ့ကြပြီလို့ ဆိုပါတယ်။ အခုလိုတွေ့ရှိခဲ့သူတွေကတော့ တရုတ်နှင့် နိုင်ငံခြားက ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့တွေဟာ တရုတ်နိုင်ငံ Chinese PLA General Hospital မှာ တက်ရောက်ကုသမှုခံယူခဲ့ကြတဲ့ လည်ချောင်းကင်ဆာလူနာပေါင်း ၉၉၃ ဦးကိုလေ့လာပြီး တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါဆေးရုံက ဆရာဝန်ကြီးတစ်ဦး၊ Chinese Academy of Medical Science က ဆရာဝန်တစ်ဦး၊ Shanghai Medical Collage of Fudan University က ဆရာဝန်တစ်ဦးနှင့် နိုင်ငံခြားကဆရာဝန်နှစ်ဦးပါဝင်တဲ့အဖွဲ့ဟာ မျိုးဗီဇ ကျွမ်းကျင်သူအသင်းကြီးက ချမှတ်ထားတဲ့ နည်းပညာ (Method of genome -Wide Association study GWAS ) အတိုင်း ရှာဖွေခဲ့ကြတာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကြောင့် Laryageal Cancer ခေါ်တဲ့လည်ချောင်းကင်ဆာကို Gene Study လုပ်ကြည့်လျှင် မဖြစ်ခင်ကဘဲ ကြိုသိနိုင်မှာဖြစ်ပြီး ကာကွယ်မှု၊ ကုသမှုတို့ကိုလည်း ထိရောက်အောင် ဆောင်ရွက်နိုင်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### တုပ်ကွေးရောဂါစစ်ဆေးဖို့လို

အမေရိကန်နိုင်ငံမှာတော့ ယခုနှစ် ဇန်နဝါရီလ အတွင်းလောက်မှာဖြစ်ခဲ့တဲ့ Flu ခေါ်တုပ်ကွေးရောဂါဟာ ကလေးပေါင်း ၂၆ ယောက် သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအရေအတွက်ဟာ အမေရိကန်ပြည်ထောင်စုပြည်နယ် ၄၃ ခုက ရရှိတဲ့စာရင်း ဖြစ်ပါတယ်။ ဒီရောဂါဟာ H3N2 ဗိုင်းရပ်စ်ကြောင့် ဖြစ်ခဲ့တာဖြစ်ပြီး ဒီရောဂါဖြစ်နှုန်း ဟာ၂၀၁၂-၂၀၁၃ ခုနှစ်က ဖြစ်ခဲ့တာလောက် မဆိုးဘူးလို့ သိရပါတယ်။ ၂၀၁၂-၂၀၁၃ အတွက် လူတစ်သိန်းမှာ ၁၈၃ ဦးဖြစ်ခဲ့ပြီး ယခု ၂၀၁၅ အတွင်း ၉၂ ဦးခန့်ရှိတယ်လို့ဆိုပါတယ်။ ဒီတုပ်ကွေးရောဂါဟာ အလွန်ဆုံး ၁၃ ပတ် အချိန်လောက်သာဖြစ်တတ်ပြီး ယခုနှစ်အရေအတွက်ဟာ ခုနစ်ပတ်အတွင်းရရှိတဲ့ စာရင်းအရထုတ်ပြန်ထားတာ ဖြစ်တယ်လို့ ဆိုပါတယ်။ US CDC ခေါ်တဲ့ Centre of Disease Control and Prevention အဖွဲ့ကြီးက ကြိုတင်ကာကွယ်တဲ့အနေနဲ့ အမေရိကန်နိုင်ငံတစ်ဝန်း နှစ်နှစ် အောက်ကလေးတွေနှင့် ၆၅ နှစ်အထက် သက်ကြီး ရွယ်အိုတွေကို ကာကွယ်ဆေးထိုးပေးထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုရောဂါဖြစ်ပွားနှုန်းမကျဆင်းဘဲ ယမန်နှစ် ၂၀၁၄ ထက် ဆိုးလာတာဟာ ကာကွယ်ဆေးစွမ်းအား ကျဆင်းမှုကြောင့်လား၊ ဗိုင်းရပ်စ်ပိုးတွေ Strain ပြောင်းလဲ လာမှုကြောင့်လား ဆိုတာ စစ်ဆေးဖို့လိုလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### ရေဒီယိုသတ္တိကြွမှုအန္တရာယ်

၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ Fukushima မြို့မှာ ငလျင်လှုပ်ပြီး ဆူနာမီဒဏ်ကိုပါ ခံလိုက်ရတာကြောင့် Tokyo Electric Power Company က ဖွင့်လှစ်ထားတဲ့ Nuclear ဓာတ်အားပေးစက်ရုံကြီးပါ ပျက်စီးခဲ့ရပါတယ်။ ဒီလိုပျက်စီးခဲ့တာကြောင့် ရေဒီယိုသတ္တိကြွဓာတ်တွေဟာ Fukushima အနီးတစ်ဝိုက်က လေထု၊ ရေထုနှင့် မြေထုတွေဆီကို ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါကြောင့် ဒီဒေသထွက်ကုန်တွေဖြစ်တဲ့ ကောက်ပဲသီးနှံတွေနှင့် ရေလုပ်ငန်းက ပင်လယ်ငါးတွေကိုစားသုံးဖို့နှင့်နိုင်ငံခြားတင်ပို့မှုကိုလည်း ရပ်ဆိုင်းခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာတစ်ကြိမ် ဒီဒေသကထွက်တဲ့ဆန်စပါးနှင့် သီးနှံတွေ၊ ပင်လယ်စာတွေကိုစမ်းသပ်ကြည့်တဲ့အခါ လူတွေရဲ့ ကျန်းမာရေးကို အန္တရာယ်ပြုနိုင်တဲ့ ရေဒီယိုသတ္တိကြွဓာတ်တွေပါဝင်နေသေးတာကြောင့် အသုံးပြုခြင်းမပြုဘဲ ဖျက်ဆီးခဲ့ရပါတယ်။ ခန့်မှန်းခြေ တန်ချိန်ပေါင်း ၃၆၀၀၀၀ ခန့် ရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ယခုနှစ် ၂၀၁၄မှာတော့ ဒီဒေသထွက်ကုန်တွေကို စစ်ဆေးရာမှာ အန္တရာယ်မရှိနိုင်တော့တာကြောင့် ပြန်လည်အသုံးပြုနိုင်ပြီး နိုင်ငံခြားကိုလည်း တင်ပို့နိုင်တော့မယ်လို့ဆိုပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ ဒီဒေသထွက်ကုန်တွေကို အများဆုံးတင်ပို့နေရတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး ဒီနိုင်ငံက သိပ္ပံပညာရှင်တွေကိုယ်တိုင် စစ်ဆေးခဲ့တာလို့ဆိုပါတယ်။ Nuclear ဓာတ်အားပေးရုံတစ်ခုက ဖြစ်နိုင်တဲ့အန္တရာယ်ကို တင်ပြလိုက်ရပါတယ်။

### ကိုယ်ဝန်ဆောင်မိခင်နှင့် အေအိုင်ဒီအက်စ်ရောဂါ

ကမ္ဘာတစ်လွှား အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသူပေါင်း ၃၅ ဒသမ ၅ သန်း ကျော်ရှိနေပါသေးတယ်။ ဒီအထဲက ၃ ဒသမ ၂ သန်းဟာ ငါးနှစ်အောက်ကလေးတွေဖြစ်ကြတယ်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်နေသူ မိခင် ၁၀ ယောက်မှာ ၉ ယောက်ရဲ့ ကလေးတွေဟာ AIDS ရောဂါကို ခံစားရတတ်ပါတယ်။ ဒီလိုမွေးလာတဲ့ကလေးတွေဟာ ငယ်စဉ်ကပင် ကိုယ်ခံအားကျဆင်းနေတာကြောင့် ကလေးငယ်စဉ်မှာ ဖြစ်တတ်တဲ့ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးပါးရောင်ရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါစတဲ့ရောဂါတွေကို သာမန်ကလေးတွေထက် ပိုပြီးပြင်းထန်စွာခံစားရတတ်ပါတယ်။ ဒါကြောင့်လည်း ဒီကလေးတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ တစ်နှစ်မတိုင်ခင် သေဆုံးသွားရတတ်ပါတယ်။ ကလေးရဲ့မိဘတွေကလည်း ဒီရောဂါဖြစ်နေတာကြောင့် စီးပွားရေးချို့တဲ့ပြီး ကလေးရဲ့ကျန်းမာရေးကို ဂရုမစိုက်နိုင်တာလည်း ပါပါတယ်။ ဒါ့အပြင် မိဘတွေ အရွယ်မတိုင်ခင် သေဆုံးသွားကြပြီးမိဘမဲ့ဖြစ်နေရတာဟာလည်း ကလေးတွေရဲ့ အသက်ရှင်ရပ်တည်နိုင်ရေးမှာ ဒုက္ခရောက်ကြရပါတယ်။ ဒီဒဏ်ကိုများများခံစားနေရတာကတော့ အာဖရိကတိုက်ကဆင်းရဲတဲ့နိုင်ငံငယ်လေးတွေဖြစ်ပါတယ်။ ဒါကိုကာကွယ်နိုင်ဖို့ နည်းလမ်းနှစ်ခုရှိပါတယ်။ ပထမနည်းကတော့ AIDS ဖြစ်နေတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေက မွေးလာတဲ့ကလေးတွေမှာ ရောဂါမပါလာအောင် မိခင်လောင်းတွေကို ART ဆေးပေးပြီး စနစ်တကျကုသပေးဖို့ ဖြစ်ပါတယ်။ ဒုတိယနည်းကတော့ AIDS ရောဂါပါပြီး မွေးလာတဲ့ကလေးတွေကို အချိန်မီ ART ဆေးကုသပေးဖို့ပဲ ဖြစ်ပါတယ်။ အမေရိကန်အစိုးရဟာ နိုင်ငံတွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဒေါ်လာ သန်း ၂၀၀ မတည်ပြီး ဒီကိစ္စကို ဦးဆောင်ဆောင်ရွက်နေကြောင်း တင်ပြလိုက်ရပါတယ်။

### မျိုးဗီဇနည်းပညာနှင့် စိုက်ပျိုးသောသီးနှံ ကျန်းမာရေးကို ထိခိုက်နိုင်

အမေရိကန်အစိုးရဟာ မျိုးဗီဇနည်းပညာနှင့် စိုက်ပျိုးထားတဲ့ သီးနှံတွေဟာ နိုင်ငံသားစားသုံးသူတွေရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်မှုတွေ ဖြစ်လာနိုင်တာကြောင့် ဒီသီးနှံထုတ်ကုန်တွေကို ခွင့်ပြုချက်မရဘဲ မဖြန့်ချိနိုင်အောင် ဥပဒေတစ်ခုထားရှိပြီး တားမြစ်ခဲ့တာပါ။ အခုတော့ အမေရိကန်ကုမ္ပဏီတစ်ခုက ထုတ်လုပ်တဲ့အာလူးတစ်မျိုးနှင့် ကနေဒါနိုင်ငံကထုတ်လုပ်တဲ့ ပန်းသီးတစ်မျိုးကို ထုတ်လုပ်ရောင်းချဖို့ ခွင့်ပြုလိုက်ပါပြီ။ ပန်းသီးကိုတော့ Arctic Apple လို့ နာမည်ပေးထားပြီး အာလူးကိုတော့ Innate Potato လို့ အမည်ပေးထားပါတယ်။ ဒီနှစ်မျိုးစလုံးဟာ ကိုယ်ခန္ဓာထဲမှာ ရောင်ရမ်းမှုကို မဖြစ်စေဘဲ သွေးခြေဥခြင်း၊ ဒဏ်ရာတစ်ခုဖြစ်လာရင် Brulses ခေါ်တဲ့ အညိုအမည်းစွဲခြင်းတို့ကို သက်သာစေတယ်လို့ ဆိုပါတယ်။ အာလူးမှာပါတဲ့ Acrylamide ဆိုတဲ့ ဓာတုပစ္စည်းတစ်မျိုးဟာ အပူချိန်များစွာနှင့် ချက်ပြုတ်လိုက်ရင် ကင်ဆာဖြစ်စေတဲ့ဓာတ်တစ်မျိုးဖြစ်အောင် ပြောင်းလဲသွားနိုင်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဒီဓာတ်ပါဝင်နှုန်းဟာ အန္တရာယ်မဖြစ်လောက်ဘူးလို့ ဆိုပါတယ်။ ကမ္ဘာကြီးမှာ လူဦးရေတိုးပွားလာတာကြောင့် သီးနှံရိက္ခာပိုမိုလိုအပ်လာတဲ့ အချိန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံထွက်ကုန်ကျဆင်းလာချိန်မှာ သိပ္ပံနည်းပညာအရ တီထွင်တဲ့အခုလို အသီးအနှံမျိုးကို စားသုံးသူတွေ ကျန်းမာရေးမထိခိုက်စေဘဲ တီထွင်ထုတ်လုပ်နိုင်ခဲ့ကြတာကို သတင်းကောင်းအဖြစ်တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြတာကို နိဂုံးချုပ်လိုက်ရပါတယ်။



## အဘိုးအဘွားများအား ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် မေ ၂၈**

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁၈)ရပ်ကွက်/L ဘလောက်မိသားစုဝင်များ၏ တတိယအကြိမ်မြောက် အသက် ၇၅ နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရပ်ကွက်အတွင်းရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ မေ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အတွင်းရှိ ဆရာတော်နှစ်ပါးနှင့် သက်ကြီးဘိုးဘွား စုစုပေါင်း ၆၈ ဦးအား လှူဖွယ်ပစ္စည်း၊ ဆေးဝါးနှင့် ငွေသားအပါအဝင်ငွေကျပ်သိန်း ၃၀ ကျော်ကို သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များက ပေးအပ်လှူဒါန်းကြသည်။

သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်ရှင်းက “တစ်နှစ်တစ်ကြိမ် လှူဒါန်းနေကြပါ၊ ဒီတစ်ခေါက် လှူဒါန်းတာကတော့ သုံးကြိမ်မြောက်ပေါ့၊ ပြီးခဲ့တဲ့နှစ်ကလည်း ငွေကျပ် ၂၈ သိန်းတန်ဖိုးရှိတဲ့ ငွေသားနဲ့ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ပါသေးတယ်၊ ဒီနှစ်အတွက်ကတော့ ပိုလှူဒါန်းဖြစ်သွားတာပေါ့။ အခုလို သက်ကြီးရွယ်အိုတွေကို ပူဇော်ရတာ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဓလေ့ဖြစ်ပါတယ်။ ဒီနှစ်အတွက် လှူဒါန်းမယ့် အစီအစဉ်ကိုလည်း ကျွန်တော်တို့ ကော်မတီအဖွဲ့ဝင် ၁၅ ဦးက L ဘလောက်အတွင်းမှာရှိနေတဲ့ အိမ်တွေမှာ အလှူငွေကောက်ခံပြီး L ဘလောက်အတွင်းက မိသားစုဝင်များနဲ့အတူ အဘိုးအဘွားများကို လှူဒါန်းလိုက်တာပါ” ဟု ပြောသည်။

**တင်လှမောင်**

## ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၈**

သင်္ဃန်းကျွန်းမြို့နယ် ရွှေပေါင်း သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ (၁၁၅) ကြိမ်မြောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကြီးကို မေ ၂ ရက် (ကဆုန်လပြည့်နေ့) နံနက် ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

နံနက် ၅ နာရီတွင် ဆရာတော် သံဃာတော် ၃၆ ပါးတို့က စေတီတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး နံနက် ၇ နာရီတွင် အရှေ့ဘက်မုခ် ဗောဓိပင်၌ ကဆုန် ညောင်ရေသွန်းလောင်းပွဲတော်ကို ညောင်ရေသွန်းလောင်းဖွင့်လှစ်၍ လည်းကောင်း၊ နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ ပါးတို့က ရွှေသင်္ကန်းကပ်လှူပြီးစီးခြင်း အနုမောဒနာ ရေစက်ချ တရားတော်များ ချီးမြှင့်တော်မူကြမည် ဖြစ်သည်။

ယင်းနေ့ ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းလောင်းပွဲတွင် နံနက် ၆ နာရီမှ ည ၉ နာရီ အထိ အများပြည်သူကုသိုလ်ယူလိုသူများ စေတီတော် အရှေ့ဘက်မုခ်ရှိ ဗောဓိပင်ရင်း၌ ကဆုန်ညောင်ရေသွန်းလောင်း ကုသိုလ်ပြုနိုင်ကြောင်း ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

## ငါးအိမ်ထောင်ကျေးရွာ၌ လေပြင်းတိုက်ခတ် စာသင်ကျောင်းနှင့် လူနေအိမ်များ ပျက်စီး

**စဉ့်ကူး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စု ငါးအိမ်ထောင်ကျေးရွာတွင် မေ ၂၄ ရက် ညနေ ၅ နာရီခန့်က လေပြင်းများတိုက်ခတ်ခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် လေးလုံးပြိုကျပြီး အခြေခံပညာမူလတန်းကျောင်းနှင့် လူနေအိမ် ၁၉ လုံး သွပ်မိုးများလန်ခြင်းနှင့် မြင့်မိုရ်များ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပျက်စီးသွားသော စာသင်ကျောင်းကို လာမည့် ပညာသင်နှစ်အမီ ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် ပညာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်သည့်ကျေးရွာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ထုံးကြီးတိုက်နယ်ရဲစခန်းမှူး ဒုရဲမှူး ဝင်းမောင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုကြပြီး ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ(မြဝတီ) ထီးတော်တင်အခမ်းအနား ကျင်းပနိုင်ရေး ဆွေးနွေး

**မြဝတီ ဧပြီ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် သီဟာသန ကုန်းမြေပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသည့် မြို့ကျက်သရေဆောင် ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ (မြဝတီ) စေတီတော်မြတ်ကြီးအား ထီးတော်တင်အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေးပွဲကို ဧပြီ ၂၄ ရက်က စေတီတော်ပရိဝုဏ်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများ၊ ပန်းဝတီမြန်မာမှုဗိသုကာ တည်ဆောက်ရေးအဖွဲ့မှ တာဝန်ခံ ဦးမြင့်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စေတီတော်ကြီး တည်ထား ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို စေတီပုံစံငယ်နှင့် တကွ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**



# ပုဗ္ဗသီရိမြို့နယ်တွင် ကျန်းမာရေး ကွင်းဆင်းစစ်ဆေး ကုသဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အခမဲ့ ကျန်းမာရေးကွင်းဆင်းစစ်ဆေး ကုသဆောင်ရွက်ခြင်းကို ဧပြီ ၂၇ ရက်က မင်္ဂလာဒီပရပ်ကွက် အမှတ် ၉၇ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်လှလှကြည်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အရေပြားရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနန်းကျော့ခိုင်က သွေးတိုးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပြီး ရပ်ကွက်နေ ပြည်သူ ၈၀ ကို အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ ဆေးဝါးပေးခြင်း၊ ဆေးရုံတက်ရောက်ရမည့် လူနာအား ညွှန်ပို့လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယခုကျင်းပသော ကျန်းမာရေးစစ်ဆေးကုသဆောင်ရွက်ခြင်းသည် မြို့နယ်ဆေးရုံနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်းနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်ရှိသည့်ရပ်ကွက်များသို့လည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် မှတ်တမ်းများထားရှိဆောင်ရွက်နေခြင်းအား သိရှိနိုင်ရန် သတင်းထုတ်ပြန်

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲအား အစိုးရသစ်လက်ထက်တွင် ခေတ်စနစ်နှင့်လျော်ညီစွာ ၂၄-၁-၂၀၁၃ ရက်နေ့မှစ၍ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ထုတ်ဝေစာများအား မှတ်တမ်းအဖြစ် ထိန်းသိမ်းထားရှိခြင်း၊ တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်စဉ် စာရင်းပြုစုမှတ်တမ်းထားရှိခြင်းတို့ကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ခံရရှိသော စာအုပ်စာစောင်များကို ၁၉၈၄ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ သက်ဆိုင်ရာနှစ်အလိုက် မြန်မာနိုင်ငံအတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်ချုပ်စာရင်းစာအုပ် ၂၈ အုပ်ထားရှိပြီး မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

ယခင်က စာအုပ်စာစောင်များကို မှတ်တမ်းအဖြစ်သိမ်းဆည်းခဲ့ရာ ရေရှည်ထားသိုသိမ်းဆည်းရန် နေရာအခက်အခဲရှိသဖြင့် အရေးကြီးသည်ဟု ယူဆရသော စာအုပ်စာစောင်များကိုသာ ဆက်လက်သိမ်းဆည်းနိုင်ပြီး အများစုမှာ နှစ်ရှည်ဆက်လက်ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့သည့်အတွက် လက်ရှိတွင် နှစ်အဆက်ဆက်မှတ်တမ်းဖြင့် သိမ်းဆည်းထားသော စာအုပ်စာစောင် ၂၅၇၇၂ အုပ်သာရှိပါသည်။ ယခုအခါ အသစ်ပြဋ္ဌာန်းသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ပုံနှိပ်သူနှင့်ထုတ်ဝေသူများမှ ပေးပို့လာသည့် Electronic Document များကိုလည်း ရေရှည်သိမ်းဆည်းမှတ်တမ်းထားရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နှစ်စဉ် တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်၊ စာတမ်းများ စာရင်းကိုလည်း ဆက်လက်ပြုစုမှတ်တမ်းထားရှိပြီး ၎င်းစာအုပ်စာရင်းကို လေ့လာလိုသူများအတွက် စီဒီဖြင့် ဖြန့်ဝေပေးနိုင်ရေး ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် နှစ်စဉ် မြန်မာနိုင်ငံအတွင်းထုတ်ဝေခဲ့သော စာအုပ်စာစောင်များနှင့်ပတ်သက်၍ သုတေသနပြုလိုသူများ၊ စာအုပ်စာရင်းပြုစုလိုသူများ၊ မူပိုင်ခွင့်အတွက် အထောက်အထားအဖြစ် လေ့လာအသုံးပြုလိုသူများအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၁၂၂၄၂၊ ၀၉-၈၆၃၆၆၈၀ သို့ ဆက်သွယ်ပြီး အခမဲ့လေ့လာဖတ်ရှုမှတ်တမ်းပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန)**

# လယ်ထဲတွင်အလုပ်လုပ်နေစဉ် မိုးကြိုးပစ်ခံရသဖြင့် သေဆုံး

**နေပြည်တော် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကံစုကျေးရွာနေ ထွန်းကျော် (၃၀နှစ်) သည် ဧပြီ ၂၅ ရက်မွန်းလွဲ ၂ နာရီ ၁၀မိနစ်က လယ်ထဲ၌ အလုပ်လုပ်နေစဉ် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ကာ မိုးကြိုးပစ်သဖြင့် ထိမှန်သေဆုံးသွားရာ ဘိုကလေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်-မော်ကျွန်းသင်္ဘောခများ ခရီးသည်လိုက်ပါမှုနည်း၍ ဈေးနှုန်းလျှော့ချလာ

**ရန်ကုန် ဧပြီ ၂၈**

သင်္ကြန်ပိတ်ရက်ရှည်ကာလ ဌာနေပြန် သင်္ဘောစီးခရီးသည်များ များပြားသဖြင့် ရန်ကုန်-မော်ကျွန်း သင်္ဘောခနှုန်းထားမှာ အများစုပုံမှန် ငွေကျပ် ၁၅၀၀ နှုန်းမှ ငွေကျပ် ၃၅၀၀ ထိ မြင့်တက်စီးနင်းခဲ့ရသည်။ အချို့ဆိုလျှင် ငွေကျပ် ၄၀၀၀၊ ၅၀၀၀ နှုန်းထိပင် ဝယ်ယူခဲ့ရသည်။

သို့သော် ကားလမ်းခရီးဖြင့် အချိန်တိုအတွင်း ရောက်နိုင်သော ရန်ကုန်-ဖျာပုံ ခရီးစဉ်တွင် သင်္ဘောခနှုန်းမှာ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းသာရှိပြီး သင်္ကြန်ကာလ ဈေးတက်ခြင်းမရှိကြောင်း ရွှေတောင်တန်းဗောတံတား အမှတ် (၂) ဖျာပုံသို့ ထွက်ခွာသော ပုဂ္ဂလိက လူစီးကုန်တင် ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပုံမှန်ကာလတွင် ခရီးသည် ဆယ်ဂဏန်း အရေအတွက်သာ လိုက်ပါစီးနင်းလေ့ရှိသော ရန်ကုန်-မော်ကျွန်း ကြားသင်္ဘောများတွင် သင်္ကြန်ကာလ ဌာနေပြန်သူများကြောင့် သင်္ဘောခေါက်ရေ နှစ်ခေါက်သာ ပြေးဆွဲခွင့်ရှိရာမှ ယခုနှစ်သင်္ကြန်ကာလတွင် အချို့ရေယာဉ်များ လေးခေါက်ထိပြေးဆွဲနိုင်ခဲ့သည်။ သင်္ဘောခမှာလည်း ပုံမှန်ဈေးနှုန်းထက် တစ်ဆကျော်မြင့်တင်ကောက်ယူခြင်း၊ သင်္ဘောစီးခရီးသည် သုံးရာဝန်းကျင်ထိ လိုက်ပါ စီးနင်းလာခြင်းတို့ကြောင့် သင်္ကြန်မတိုင်မီ ရန်ကုန်မှ နယ်အသွား၊ သင်္ကြန်အလွန် နယ်မှ ရန်ကုန်အပြန် ခရီးစဉ်များတွင် ပုံမှန်ရရှိနေကျ ဝင်ငွေထက် များစွာ ပိုမိုရရှိခဲ့သည်။

ပုံမှန်ကာလ သင်္ဘောလက်မှတ်ရောင်းချသူများအနေဖြင့် ဆိပ်ခံဗောတံတားအဆင်း စားပွဲတစ်လုံးခင်း ဗီနိုင်းထောင်ကာခရီးသည်များကို စောင့်မျှော်၍ တစ်နေကုန်ထိုင်၍ လက်မှတ်ရောင်းရသည်။ သင်္ကြန်ဝန်းကျင်တွင် ယခင်ကဲ့သို့ လက်မှတ်ရောင်းသည့်အလုပ်ကို လုပ်စရာမလိုသည်အထိ စီးနင်းသူများပြားခဲ့သည်ဟု လက်မှတ်ရောင်း ပုဂ္ဂလိကဝန်ထမ်းတစ်ဦးက ဆိုသည်။

ရန်ကုန်-မော်ကျွန်း ခရီးစဉ် ပြေးဆွဲသော ပုဂ္ဂလိကရေယာဉ်များအနေဖြင့် သင်္ကြန်ပိတ်ရက်မတိုင်မီနှင့် အလွန်ရက်များတွင်စီးပွားရေး အကျိုးအမြတ် များစွာရရှိခဲ့သော်လည်း ခရီးသွားများငွေကြေးပိုမိုကုန်ကျခံပြီး ရေယာဉ်ပေါ်တွင် အနေအထိုင်ဆင်းရဲခံကာ စီးနင်းခဲ့ရသည်ဟု မော်ကျွန်းဒေသခံများက ပြောသည်။

သင်္ကြန်ပွဲတော်အလွန် နယ်များမှ ရန်ကုန်အပြန်ခရီးသွားများ နည်းပါးလာခြင်း၊ ရှပ်ပြေးရေယာဉ်ငါးစင်းသင်္ဘောကြံ့ခိုင်မှုအတွက် ပြင်ဆင်စစ်ဆေးပြီးဖြစ်၍ ပြန်လည်ပြေးဆွဲလာခြင်းကြောင့် ကြားသင်္ဘောများတွင် ခရီးသည်များစီးနင်းမှု ဧပြီလကုန်ပိုင်းတွင် ပုံမှန်အနေအထားသို့ လျော့ကျလာသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် မှတ်ပုံတင်ထားသော ကြားရေယာဉ်များ ပြေးဆွဲနိုင်မှုနည်းလာသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မှတ်ပုံတင်ထားသော ကြားရေယာဉ်များသာ ပြေးဆွဲမှုများလာသည်။ ကြားရေယာဉ်တစ်စင်းသာ ထွက်ခွာသည့်နေ့တွင် ခရီးသည် တစ်ရာဝန်းကျင်စီးနင်းမှု ရှိသော်လည်းကြားရေယာဉ်နှစ်စင်း ပြိုင်တူထွက်ခွာသည့်နေ့တွင် ခရီးသည် ၅၀ ဝန်းကျင်သာ စီးနင်းမှုရှိလာသည်။

ဧပြီ ၂၆ ရက် စဉ့်အိုးတန်းဗောတံတား အမှတ်(၂)ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီးတွင် သင်္ဘောခ ကုလားထိုင်ဖြင့် ငွေကျပ်၂၅၀၀ နှုန်းပေးရပြီး နေရာဖြင့်ဆိုလျှင် ငွေကျပ် ၃၅၀၀ နှုန်းပေးခဲ့ရကြောင်း၊ ယခင်က အဆိုပါရေယာဉ်မှာ သင်္ဘောခ ငွေကျပ် ၁၅၀၀ နှုန်းသာရှိခဲ့ကြောင်း ဝါးခယ်မမြို့နယ် ကျုံမငေး-ပိတ္တာလေး ကျေးရွာမှ ခရီးသည်များက ပြောသည်။

လမ်းမတော်ဗောတံတား အမှတ် (၁) ဗောတံတားအဝင်ဝတွင် ကြားရေယာဉ်တစ်စင်းမှ လက်မှတ်ရောင်းချရာတွင် ရေယာဉ်ရှေ့ပိုင်းအပေါ်ထပ် ငွေကျပ် ၂၀၀၀ နှုန်း၊ ရေယာဉ်အပေါ်ထပ်နောက်ပိုင်း ငွေကျပ် ၁၅၀၀ နှုန်းသာရှိသော်လည်း နံနက်ပိုင်း ၁၀ နာရီထိ လက်မှတ်ကြိုတင်ဝယ်ယူသူ ဆယ်ဂဏန်းပင် မပြည့်ကြောင်း လက်မှတ်ရောင်းသူ၏ လက်မှတ်ဇယားတွင် မြင်တွေ့ရသည်။

ဧပြီ ၂၆ ရက်သည် တနင်္ဂနွေဖြစ်ပြီး ကြားရေယာဉ်တစ်စင်းတည်းသာ ထွက်သော်လည်း ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး ငါးစင်းအင်အားပြည့် ပြန်လည်ပြေးဆွဲသဖြင့် ကြားရေယာဉ်တွင် သင်္ဘောခမူလဈေးနှုန်းသို့ ပြန်လည်ချထားပြေးဆွဲရခြင်းဖြစ်သည်ဟု သင်္ဘောတာဝန်ခံတစ်ဦးက ပြောသည်။

“ကြားရေယာဉ်များ သင်္ဘောခ ပုံမှန်ဈေးသို့ ပြန်လည်ရောက်ရှိလာသော်လည်း ရှပ်ပြေးနှစ်ထပ်ရေယာဉ်အချို့မှာ ခွင့်ပြုခရီးသည် အရေအတွက်အတိုင်းသာ တင်ဆောင်ရသဖြင့် ပုံမှန်ဈေးနှုန်း ငွေကျပ် ၁၅၀၀ နှုန်းသို့ ဈေးနှုန်းချမပေးသေးပါ” ဟု ခရီးသည်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## သတင်းတို

### ဗုဒ္ဓနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဘားအံမြို့နယ်၌ကျင်းပ

**ဘားအံ ဧပြီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ဧပြီ ၂၆ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲတွင် အခြေခံပညာ အလယ်တန်းအဆင့်ကျောင်းသားများအတွက် စာစီစာကုံးပြိုင်ပွဲတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ခေါင်းစဉ်၊ အထက်တန်းအဆင့် ကျောင်းသားများအတွက် စာစီစာကုံးပြိုင်ပွဲတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

အလွတ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် အမှတ်(၁)၊ (၂)၊ (၃) ရပ်ကွက်များမှ ယှဉ်ပြိုင်သူများက သရက်တောကျောင်း တိုက်တွင်လည်းကောင်း၊ အမှတ်(၄)၊ (၆)၊ (၇)၊ (၈) ရပ်ကွက်မှ ယှဉ်ပြိုင်သူများက မာဃလူမှုကူညီရေး အသင်းရုံးတွင် လည်းကောင်း၊ အမှတ်(၅)နှင့် (၉) ရပ်ကွက်များမှ ယှဉ်ပြိုင်သူများက သီရိမင်္ဂလာကျောင်းတိုက်တွင်လည်းကောင်း ယှဉ်ပြိုင်လျက်ရှိကြသည်။

ပြိုင်ပွဲများအတွက် ပထမဆုငါးဆု၊ ဒုတိယဆု ငါးဆု၊ တတိယဆု ငါးဆု ရွေးချယ်ကာ ဆုများကို ကဆုန်လပြည့်နေ့တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မိတ္ထီလာရေသန့်စင်စက်ရုံများမှ သောက်သုံးရေ ဂါလန် ၁၄ သိန်းနေ့စဉ်ဖြန့်ဝေ

**မိတ္ထီလာ ဧပြီ ၂၈**

မိတ္ထီလာမြို့သည် လူဦးရေ တစ်သိန်းခန့်ရှိကာ မြို့နေလူထု၏ သောက်သုံးရေအတွက် အဓိကအားထားနေသောရေမှာ မိတ္ထီလာကန်မှ ရေဖြစ်သည်။ မိတ္ထီလာကန်သည် နှစ်ပေါင်းများစွာကြာမြင့်လာသည့်အတွက် သန့်ရှင်းမှုမရှိတော့ဘဲ သောက်သုံးရန် မသင့်သည့်အပြင် အနံ့ဆိုးများပါထွက်လျက်ရှိနေသောကြောင့် မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် ရရှိအောင် ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက တင်ပြလာသည့်အတွက် မိတ္ထီလာမြို့သောက်သုံးရေရရှိရေး ဦးတည်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဖွဲ့က ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် တိုင်ပင်ဆွေးနွေးကြရာတွင် မိတ္ထီလာမြို့နှင့် မိုင်၂၀ ခန့်ကွာဝေးသည့် မုန်တိုင်ကန်မှ တိုက်ရိုက်ယူရန် တွက်ချက်ခဲ့ကြောင်း၊ သို့သော် မုန်တိုင်ကန်မှ တိုက်ရိုက်ရေယူပါက ကုန်ကျငွေကျပ်သန်းပေါင်း ၂၀၀၀ ခန့်ရှိမည် ဖြစ်သည့်အတွက် အဆိုပါကုန်ကျငွေကို လက်ရှိအချိန်တွင် အသုံးပြုနိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အနီးအနားတွင်ရှိသည့် မိတ္ထီလာကန်ရေကို သန့်စင်အောင်ပြုလုပ်၍ပေးဝေရန် ရေပညာရှင် ဒေါက်တာထွန်းသန်းထွန်းနှင့် ဆွေးနွေးခဲ့ကြောင်း၊ မိတ္ထီလာကန်သည် မိတ္ထီလာမြို့ကို ရေလုံလောက်စွာပေးဝေနိုင်သောကြောင့် မိတ္ထီလာကန်ရေကိုပင် သန့်စင်ရန် အကြံပြုခဲ့သည်။

ထို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၉၃၂၀ ဖြင့် ရေသန့်စင်စက်ရုံနှစ်ရုံကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဒီလိုရေသန့်စင်စက်ရုံပေါ်ပေါက်လာခြင်းကြောင့် မြို့လူထုအနေဖြင့် ဝမ်းသာပီတိဖြစ်ရပြီး ရေကလည်း သောက်သုံးရေအဖြစ် ကောင်းမွန်လာသောကြောင့် မြို့လူထု၏ ၆၀ ရာခိုင်နှုန်းလောက် ပေးဝေနိုင်ပြီး ကျန်ရှိနေရာများကို နောက်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မိတ္ထီလာမြို့ ရေသန့်စက်ရုံနှင့် ရေပေးဝေရေးလုပ်ငန်းများ တည်ဆောက်ခြင်းကို Authetic Trading ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရ၏ တင်ဒါအောင်မြင်ပြီးနောက် ရေပေးဝေရေးလုပ်ငန်းကို ယခင်ကအသုံးပြုသည့်ရေစုပ်စက်များကိုပြန်လည်အသုံးပြုခြင်းမရှိဘဲ အရန်အဖြစ်သာထားရှိပြီး လွတ်လပ်ရေးပန်းခြံရေသန့်စင်စက်ရုံတွင် ရေစုပ်စက်ရှစ်လုံး၊ ပေါက်ချောင်းရေသန့်စင်စက်ရုံတွင် ရေစုပ်စက်ခြောက်လုံးနှင့် ထီးသုံးဆင့်တွင် ရန်မျိုးအောင်၊ ဝန်ဇင်းရပ်ကွက်များအတွက် ရေစက် လေးလုံးကို တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန်ရေကိုတိုက်ရိုက်စုပ်၍ ကန်ရေတွင်းမှ အနံ့အသက်များနှင့် သံဓာတ်များကို လျော့ကျစေသည့်စနစ်ကို အသုံးပြုထားသည့် ရေသည် မူလရေထက် ၈၀ ရာခိုင်နှုန်းလောက် ပိုမိုကောင်းမွန်လာသည်။ ဆက်လက်၍ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို အနေးစစ်ကန်ဖြင့် ထပ်မံစစ်လိုက်ရာရေ အရည်အသွေးကောင်းမွန် ကြည်လင်လာခြင်းဖြစ်သည်။

ရေပေးဝေမှုတွင် လွတ်လပ်ရေးပန်းခြံရေသန့်စင်စက်မှ ပြည်သူများ၏ လိုအပ်ချက်အရ ရေဂါလန်တစ်သန်းလေးသိန်းကိုမြို့မလေးရပ်ကွက်၊ သီရိမင်္ဂလာ၊ ရတနာမာရ်အောင်၊ အောင်ဇေယျာ၊ ဈေးအရှေ့ပြင်၊ ဝန်းဇင်၊ ရန်မျိုးအောင် ရပ်ကွက်များကို ရေတိုင်ပေါင်း ၃၇၂၀ဖြင့် နေ့စဉ်အလှည့်ကျ ၂၄နာရီဖြန့်ဝေပြီး ပေါက်ချောင်း ရေသန့်စင်စက်မှ ရေဂါလန်ခြောက်သိန်းခုနစ်သောင်းခန့်ကို နန်းတော်ကုန်း၊ အောင်ဆန်း၊ ပေါက်ချောင်းရပ်ကွက်များမှ ရေတိုင်ပေါင်း ၁၃၇၂ တိုင် ပေးဝေနိုင်ပြီး မြေအောက် ရေဖြင့်လည်း မဟာစည်၊ ကျိုးတော်ကုန်း၊ ကျောက်ဖူးမြေအောက် ရေများမှ ရေမီတာပေါင်း ၁၃၀၀ ကျော်ကို ပေးဝေနိုင်ခဲ့သည်။

မိတ္ထီလာမြို့တွင် ၁၉၅၆ ခုနှစ်မှ စတင်၍ ရေပေးဝေရေးကိုဆောင်ရွက်ခဲ့သည့်အတွက် ရေပိုက်များမှာဆွေးမြေ့နေပြီး မြို့ရေပေးဝေရေးတွင် သွယ်တန်းထားသည့် ပိုက်လိုင်းအရှည် ၃၁ မိုင်ကျော်ရှိကာ လဲလှယ်ရမည့် ပိုက်လိုင်းအရှည်မှာ ၂၄ မိုင်ကျော်ရှိရာ ကုန်ကျငွေမှာ ၇၇၃ ဒသမ ၇၁၃ သန်းခန့်ဖြစ်၍ အဖွဲ့ဝင်ငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄ လက်မ၊ ၃လက်မ PVC ပိုက်များဖြင့် ပေပေါင်း ၈၄၈ ပေ ကုန်ကျငွေ ၁၀ ဒသမ ၁ သန်းဖြင့် ပြုပြင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေပေါင်း ၃၅၁၅ ပေကို ပြုပြင်ဆောင်ရွက်ရန် လျာထားလျက်ရှိသည်။

လက်ရှိ အသုံးပြုလျက်ရှိသည့် ရေပိုက်များမှ ရေများ အလေအလွင့်များ မဖြစ်ပေးစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်ဝန်ထမ်းများမှ အထူးအလေးထားဆောင်ရွက်လျက်ရှိသောကြောင့် မြို့လူထုအနေဖြင့် သန့်ရှင်းကောင်းမွန်သောရေကို အသုံးပြုလာနိုင်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





# မိုးဦးမကျခင် သီးနှံများ စိုက်ပျိုးနိုင်ရန် တောင်သူများ လုပ်ငန်းခွင်ကြိုတင်ဝင်ရောက်

**မလှိုင် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးဦးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူလုပ်ငန်းခွင်သို့ အစောဝင်ရောက်လုပ်ကိုင် ထွန်ယက်နေပြီဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ယခင်နှစ်က မိုးဦးကာလ မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် နှမ်းစိုက်တောင်သူများ အချိန်မီ (ရာသီမီ) မစိုက်ပျိုးနိုင်ခဲ့သဖြင့် မိုးဦးသီးနှံ မရရှိခဲ့ဘဲ အစားထိုးသီးနှံအဖြစ် မြေပဲကိုသာ စိုက်ခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေ မနှစ်က မိုးဦးသီးနှံမရလိုက်ဘူး။ မိုး မရွာတာ ဘယ်လိုမှမတတ်နိုင်ဘူး။ ဒီနှစ်မိုးဦးတော့ လက်လွတ်မခံနိုင်ဘူး။ မိုးရွာရင် အဆင်သင့်ဖြစ်အောင် တောင်သူလုပ်ငန်းခွင် အစောဝင်ရောက်လုပ်ကိုင်နေတာပါ။ မိုးရွာတာနဲ့ တန်းစိုက်နိုင်အောင်ပါ။ မိုးရွာသွန်းမှုက တစ်နှစ်ထက် တစ်နှစ် နည်းလာတော့ ကိုယ့်ဘက်က ဝီရိယထား လုပ်ကိုင်နေရတာပါ"ဟု ဒေသခံတောင်သူ ဦးစန်းလွင်က ပြောပြသည်။

ယခင်နှစ်များက သင်္ကြန်ပြီးကာလများတွင် ယာခင်းများ၌ နွားချေးချခြင်း၊ ကန်သင်းရိုးရှင်းခြင်း၊ ထင်းချိုင်ခြင်း၊ လုပ်ငန်းများသာ ဆောင်ရွက်လေ့ရှိပြီး မိုးဦးကျသည်နှင့်တစ်ပြိုင်နက် စတင်ထွန်ယက်လေ့ရှိသော်လည်း ယခုနှစ်တွင် မိုးမကျခင်ကပင် ထွန်ယက်လုပ်ကိုင်နေကြပြီး မိုးကျသည်နှင့် အစောစိုက်ပျိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# ကျောက်ပန်းတောင်းမြို့နယ်တွင်း သောက်သုံးရေဖူလုံရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်နိုင်ရေး ညှိနှိုင်း

**ကျောက်ပန်းတောင်း ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စကားဝါမြေဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာများတွင် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပေးနိုင်ရေးနှင့် သောက်သုံးရေအခက်အခဲရှိသည့်ကျေးရွာများအား ရေသယ်ဘောက်ဆာဖြင့် ပေးပို့လှူဒါန်းနိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကိုဧပြီ ၂၆ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ စကားဝါမြေဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ အုပ်စုဥက္ကဋ္ဌများနှင့် ရွာခွဲတာဝန်ခံများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြသည်။



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး စကားဝါမြေ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်က မြို့နယ်အတွင်းနှစ်စဉ်ဖွင့်နေကျဖြစ်သော သာသနရက္ခိတ အသင်းကကြီးမှူး ဖွင့်လှစ်ခဲ့သည့် ကျေးရွာများမှလွဲ၍ ကျန်ကျေးရွာများတွင် ကျောင်းဖွင့်ရာသီမရောက်မီ ဖွင့်လှစ်သွားရန်ဖြစ်ကြောင်း၊ ဆရာကိုင်ပြဋ္ဌာန်းစာအုပ်များနှင့်သင်တန်းသားသုံး ဗလာစာအုပ်များကိုလည်း ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဖောင်ဒေးရှင်းနာယကကြီး၏ပံ့ပိုးကူညီမှုဖြင့် သောက်သုံးရေခက်ခဲရှားပါးသည့်ကျေးရွာများကိုလည်း သောက်သုံးရေများပေးပို့ လှူဒါန်းသွားမည့်အခြေအနေများကို ဆွေးနွေးရာ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့်ကျေးရွာခွဲတာဝန်ခံများက သင်တန်းဖွင့်လှစ်နိုင်ရေးကိစ္စနှင့်သောက်သုံးရေလိုအပ်မှုရှိသည့်ကျေးရွာစာရင်းများ တင်ပြပြီး ယဉ်ကျေးလိမ္မာသင်တန်းကို မေ ၁ ရက် မှ ၁၅ ရက် အထိဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သောက်သုံးရေ လိုအပ်သည့် ကျေးရွာများသို့ ရေလှူဒါန်းပေးသွားမည်ဖြစ်သည်။

**နေအောင်(iprd)**



**မော်လမြိုင်ကျွန်း–လှိုင်းဘုန်း–ပြင်စလူဆက်သွယ်ရေးတာလမ်းမကြီး တည်ဆောက်ခဲ့၍ ပင်လယ်ပိုင်းဒေသ ပြင်စလူအထိ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသဖြင့် ကျေးရွာပေါင်း ၅၀ မှ ဒေသခံပြည်သူများ အချိန်အခါ မရွေးသွားလာနိုင်သည်ကို မြင်တွေ့ရစဉ်။**

သတင်းဓာတ်ပုံ-မော်ကျွန်းမြင့်အောင်



# ကျောင်းရေစက်ချပွဲနှင့် စုပေါင်းရှင်ပြုပွဲ လင်းခေးခရိုင် ဟိုမိန်းမြို့၌ ကျင်းပ

**ဟိုမိန်း ဧပြီ ၂၈**

လင်းခေးခရိုင် ဟိုမိန်းမြို့ ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်းတွင် ဒေသခံများ၏ စုပေါင်းရှင်ပြုပွဲတော်ကို ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ရိုးရာဓလေ့နှင့်အညီ ကျင်းပခဲ့သည်။

ဟိုမိန်းဒေသမှ ဒေသခံ တောင်ပေါ်ရှမ်းတိုင်းရင်းသား ကျောင်းသား ၁၀၈ ဦးတို့ကို နွေရာသီကျောင်းပိတ်ရက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ဝိသုဒ္ဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညဝံသ၊ ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်တိုးအောင်နှင့် အဖွဲ့ဝင်များက ဦးဆောင်ကျင်းပပေးခြင်းဖြစ်ပြီး ကျောင်းသား ၁၀၈ ဦးအပါအဝင် မိသားစုဝင်များနှင့် ဒေသခံများတက်ရောက်ကြသည်။

ထို့နောက်သာမဏေ ၁၀၈ ပါးတို့ကို ဆရာတော်ထံအပ်နှံကာ ဗုဒ္ဓစာပေများနှင့် ယဉ်ကျေးလိမ္မာ သင်ခန်းစာများကို သင်ယူနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရမှ လှူဒါန်းငွေကျပ် သိန်း ၁၂၀၊ ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ၊ အလှူရှင်များက စုပေါင်းဆောက်လုပ်လှူဒါန်းသော မဟာဝိသုဒ္ဓိရာမ ကျောင်းဆောင်သစ် ရေစက်ချအခမ်းအနားကို ဧပြီ ၂၅ ရက် ညနေ ၃ နာရီက ဆက်လက်ကျင်းပသည်။

ဆရာတော် အရှင်သုခမိန္ဒဦးဆောင်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမဟာဂျာနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် လင်းခေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ရဲနောင်(ပြန်/ဆက်)**

## လျှည်းကူးတံတားနှင့် တောထွက်လမ်းပြီးစီး

**ချောင်းဦး ဧပြီ ၂၈**

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ဖောက်လုပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာတောထွက်လမ်း မြောင်းကူးတံတား ပေါက်အင်း အတွင်းရှိ လျှည်းကူးတံတားနှင့် တောထွက်လမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တောကျောင်းကြီးကျေးရွာ တောထွက်လမ်း မြောင်းကူးတံတားကို ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၄၀ ဖြင့်လည်းကောင်း၊ ပေါက်အင်းအတွင်းရှိ လျှည်းကူးတံတားနှင့်အရှည်ပေ ၃၀၀၀ ရှိ တောထွက်လမ်းတို့ကို ရန်ပုံငွေ ကျပ်သိန်း ၄၀ ဖြင့်လည်း ကောင်း တည်ဆောက် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တံတားများနှင့် တောထွက်လမ်း တည်ဆောက်ဖောက်လုပ်ပြီးစီးမှုနှင့် ရွာထင်ကျေးရွာတွင် ဆောင်ရွက်မည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စတင်ရန် စီစဉ်ထားရှိမှုတို့ကို ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းနှင့် အဖွဲ့ဝင်များက ဧပြီ ၂၅ ရက်က သွားရောက်ကာ လုပ်ငန်းညှိနှိုင်းပေးခဲ့ပြီး မြောင်မြို့နယ် ဘူးကိုင်းကျေးရွာတွင် ကျင်းပမည့် ရှင် ၅၀၀၀ အလှူပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ကာ ရှင် အပါး ၈၀၀ အတွက် ကြိုတင်ပြင်ဆင်ခြင်းကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## နှစ်လသားပုလဲသွယ်စပ်မျိုးစပါးများ စိမ်းစိုအောင်မြင်

**ရေစကြို ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ၂၀၁၄-၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီ၌ ဧက ၃၆၀ခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထိုသို့စိုက်ပျိုးရာတွင် တောင်သူပညာပေးတစ်ကွင်းတစ်စပ်တည်း ပုလဲသွယ်အထူးအထွက်တိုးစပါး ၁၀ ဧကအပါအဝင် အခြားစပါးမျိုး ဧက ၃၅၀ တို့ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ရေစကြို မြို့နယ်ထွက် စပါးများ အထွက်နှုန်းအားကောင်းမည့်အလားအလာအဖြစ် ကျန်းမာသန်စွမ်းသော နှစ်လသား စပါးပင်များကို မြင်တွေ့ရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## သာစည်၌ ရွှေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**သာစည် ဧပြီ ၂၈**

မိတ္ထီလာခရိုင် သာစည်မြို့နယ်ရဲတပ်ဖွဲ့မှူးကြီးမှူး ဖွင့်လှစ်သည့်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မြို့မရဲတပ်ဖွဲ့ စခန်းဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းထွန်းက ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးရေးနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိစ္စရပ်များကိုအသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါဆင့်ပွားသင်တန်းဖွင့်ပွဲသို့ မြို့နယ်ကော်မရှင်အဖွဲ့(ခွဲ) ဥက္ကဋ္ဌ ဦးဝါလား၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်အတွင်းရှိသတင်းမီဒီယာသမားများ၊ မြို့မ၊ ဟံဇား၊ ညောင်ရမ်း၊ ယင်းမာပင်ရဲတပ်ဖွဲ့စခန်းတို့မှစခန်းမှူးများနှင့်ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၁ ရက် အထိဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ဆက်သွယ်ရေးအော်ပရေတာသစ် ဒီဇင်ဘာတွင် မိတ်ဆက်မည်

**ရန်ကုန် ဧပြီ ၂၈**

ပြည်ပ ဆက်သွယ်ရေးအော်ပရေတာနှစ်ခု ပြည်တွင်းလုပ်ကိုင်ခွင့်တစ်နှစ်တာဝန်းကျင် ရရှိပြီးနောက် တိုင်းရင်းသားပိုင် စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာသစ် ရတနာပုံတယ်လီပို့သည် အော်ပရေတာ လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်လာပြီဖြစ်ပြီး မကြာမီ အခြားအော်ပရေတာများ နည်းတူ မြန်မာ့ဆက်သွယ်ရေးလောကကို ဝင်ရောက်လာတော့မည်ဖြစ်ရာ နောက်ဆုံးမှ ဝင်ရောက်လာခြင်းဖြစ်သော်လည်း နောက်ဆုံးပေါ် ဈေးကွက်ယှဉ်ပြိုင်မှု နည်းသစ်များဖြင့် ကျန်အော်ပရေတာများနှင့် အတူဝန်ဆောင်မှု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရတနာပုံတယ်လီပို့မှ အဖွဲ့ဝင်သစ်များကို ဖိတ်ခေါ်လျက်ရှိပြီး အစုရှယ်ယာများကိုလည်း ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရတနာပုံတယ်လီပို့၏ အမှုဆောင်အရာရှိချုပ် ဦးရှိန်းသူအောင်က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ရှေ့က ဆောင်ရွက်နေတဲ့ အော်ပရေတာလုပ်ငန်းတွေကို အမီလိုက်နိုင်အောင် ကြိုးပမ်းမှာပါ။ မိုဘိုင်းဝန်ဆောင်မှုတွေကို ဒီဇင်ဘာလမှာ စတင်မိတ်ဆက်နိုင်အောင်ကြိုးပမ်းနေပါတယ်။ အခုက ပြဿနာက တာဝါတိုင်နဲ့ အခြားအခြေခံအဆောက်အအုံတွေ လိုအပ်တာဖြစ်ပါတယ်။ ရှေ့က သွားနေတဲ့ အော်ပရေတာတွေရဲ့ တာဝါတိုင်တွေမှာ ပူးပေါင်းငှားရမ်း သုံးစွဲသွားဖို့ ရှိပါတယ်။ သို့သော် လက်ရှိမှာ ဥပဒေနဲ့အညီ ငှားရမ်းသုံးစွဲခြင်းတွေနဲ့ လုပ်ငန်းစတင်သွားမှာ ဖြစ်ပါတယ်"ဟု ဦးရှိန်းသူအောင်က ပြောကြားသည်။

"အစုရှယ်ယာရောင်းချတာကို အများပြည်သူပါဝင်လာနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မှာပါ။ လက်ရှိမှာ မြန်မာအင်ဖိုတက်ခ်အနေနဲ့ အစုရှယ်ယာ ကျပ်သိန်းတစ်သောင်းခွဲ ထည့်ဝင်ဖို့ရှိပါတယ်။ ကွန်ရက်က လိုအပ်ချက်တွေရှိနေတာမို့ နောက်ဆုံးဖြစ်နေပေမယ့် အခွင့်အရေးရှိတယ်လို့ ယုံကြည်ပါတယ်"ဟု ဦးရှိန်းသူအောင်က ပြောကြားသည်။

**(မြန်မာ့အလင်း)**



သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

# ရီးရဲမက်ဒရစ်အတွက် သုံးမှတ်ရဦးမယ့်ပွဲပါ




လာလီဂါပွဲစဉ်(၃၄)ကို ဧပြီ ၃၀ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ရီးရဲမက်ဒရစ်တို့က အယ်လ်မာရီယာနဲ့ ဆုံတွေ့ရမှာဖြစ်လို့ ဂိုးပြတ်သွင်း အောင်ပွဲခံဖို့ရှိနေပြီး အက်သလက်တီကိုတို့က ဗီလာရီးရဲကွင်းမှာ သွားရောက်ကစားရမှာမို့ ပွဲကျပ်ဖြစ်နေပါတယ်။ တန်းစီဇယားကိုစိုးမိုးပြီး လက်ကျန်ပွဲစဉ်တွေကို နိုင်ပွဲတွေနဲ့ ဖြတ်သန်းဖို့ ကြိုးစားနေတဲ့ ရီးရဲမက်ဒရစ်ရဲ့ ခြေစွမ်းကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ရီးရဲမက်ဒရစ်နှင့် အယ်လ်မာရီယာ

တန်းဆင်းဇုန်ဖိအားရှိနေတဲ့ အယ်လ်မာရီယာတို့အတွက် အဝေးကွင်းဖြစ်ပေမယ့် တစ်မှတ်ရယူရေး မျှော်လင့်ချက်နဲ့ ဘာနေဗျူးကွင်းကို ချီတက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် အနိုင်ရလိုစိတ်ပြင်းထန်နေတဲ့ ရီးရဲမက်ဒရစ်အဖွဲ့သားတွေကို ခြေရည်တူကစားဖို့ဆိုတာ မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်တို့ကတော့ အယ်လ်မာရီယာနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် ဂိုးပြတ်သွင်း အောင်ပွဲခံခဲ့တာချည်းဖြစ်တာမို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က အယ်လ်မာရီယာကို ရှစ်ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ရလဒ်ကို ဒီပွဲမှာ ပြန်လည်ဖော်ထုတ်နိုင်မလားဆိုတာ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ဗီလာရီးရဲနှင့် အက်သလက်တီကို

ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုကိုကြည့်ရင် အကြိတ်အနယ်ရှိခဲ့ပြီး ဗီလာရီးရဲတို့က အသာစီးရခဲ့တာများပါတယ်။ ဗီလာရီးရဲဟာ အက်သလက်တီကိုအသင်းကို ဘယ်လိုကစားရမယ်ဆိုတာ သိထားပြီး အမှတ်ရအောင်ကစားနိုင်တဲ့ စွမ်းရည်လည်းရှိပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် တိုက်ပွဲစိတ်ဓာတ်အပြည့်ရှိနေတဲ့ ဗီလာရီးရဲကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## ဗယ်လီကာနိုနှင့် ဗလင်စီယာ

ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကို ခိုင်မာဖို့အားထုတ်နေတဲ့ ဗလင်စီယာတို့အတွက် အကြိတ်အနယ်နွှဲရမယ့် ပွဲဖြစ်ပါတယ်။ ဗယ်လီကာနိုဟာ ဗလင်စီယာကို အကျပ်တွေ့အောင် ကစားနိုင်တဲ့အသင်းဖြစ်ပြီး တစ်မှတ်ရအောင်လည်း အားထုတ်နိုင်တဲ့စွမ်းရည်ရှိပါတယ်။ ဒါပေမယ့် ဗယ်လီကာနိုကွင်းမှာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် ဗလင်စီယာကို နိုင်ပွဲမရခဲ့တာမို့ ဗလင်စီယာတို့ ဒီပွဲမှာ သုံးမှတ်စုဆောင်းနိုင်မယ့် အခွင့်အရေးနည်းပါလိမ့်မယ်။

## ဆယ်တာဗီဂိုနှင့် မာလာဂါ

ခြေစွမ်းမကွာတဲ့အသင်းတွေမို့ ပွဲကောင်းအဖြစ် မြင်တွေ့ရဦးမှာဖြစ်ပါတယ်။ ဆယ်တာဗီဂိုကွင်းမှာ မာလာဂါနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် အိမ်ရှင်တို့ တစ်ပွဲသာနိုင်ပွဲရရှိထားပါတယ်။ မာလာဂါတို့က ခြေစွမ်း ပြန်လည်တည်ငြိမ်နေတာမို့ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်တော့ စွမ်းဆောင်နိုင်ပါလိမ့်မယ်။

## အီဘာနှင့် ဆီဗီလာ

တစ်လှည့်စီအနိုင်ယူနေတဲ့ အသင်းတွေဖြစ်တာမို့ အခုပွဲမှာ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆီဗီလာတို့ ခြေကုန်ထုတ်မှာဖြစ်သလို အီဘာတို့ကလည်း တန်းဆင်းဇုန်နဲ့ လွတ်ကင်းအောင် အားထည့်မှာမို့ ဆီဗီလာတို့ သုံးမှတ်ဆိုတာ ခြေကုန်ထုတ်မှရပါလိမ့်မယ်။

## အယ်လ်ချီနှင့် ဒီပို့တီဗို

တန်းဆင်းဇုန်က လွတ်ကင်းအောင်ကြိုးစားမယ့် ဒီပို့တီဗိုတို့အတွက် ဒီပွဲမှာ အယ်လ်ချီဟာ အဟန့်အတားဖြစ်နေပါတယ်။ အယ်လ်ချီတို့က ဒီပို့တီဗိုနဲ့ နောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲသာ ရရှိထားတာမို့ ဒီပွဲမှာ အားကုန်ထုတ်မှာဖြစ်တဲ့အတွက် ဒီပို့တီဗိုတို့ ခက်ခဲမယ့်ပွဲပါ။ ဒါပေမယ့် ဒီပွဲမှာ ဒီပို့တီဗိုတို့ နိုင်ပွဲရှာဖွေပါလိမ့်မယ်။ ။

➤ ➤ မိုးမြင့်လင်းလက် ➤ ➤

# ဂွာဒီယိုလာရဲ့ ဖလားသုံးလုံးအိပ်မက်



ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက ဒီနှစ်ရာသီမှာ ဖလားသုံးလုံး ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သူ့ရဲ့ မျှော်လင့်ချက်အိပ်မက်ကတော့ စတင်အကောင်အထည်ဖော်ပြီလို့ ဆိုရမှာပါ။ ဝုဖ်ဘတ်က မွန်ချန်ကလာဘတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားတဲ့အတွက် ဘိုင်ယန်မြူးနစ်အသင်းဟာ ရာသီမကုန်မီမှာ ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးသွားခဲ့ပါပြီ။ ဘိုင်ယန်မြူးနစ်ရဲ့ ဖလားဆွတ်ခူးနိုင်မှုဟာ သုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး (၂၅)ကြိမ်မြောက် ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးခြင်းလည်း ဖြစ်ပါတယ်။ ဒီဖလားကတော့ ဂွာဒီယိုလာရဲ့ ဖလားသုံးလုံးအိပ်မက်ထဲက တစ်လုံးပါ။ ချန်ပီယံလိဂ်နဲ့ ဂျာမန်ပိုကယ်ဖလားတွေကိုလည်း ဆွတ်ခူးဖို့ ရှိနေပါသေးတယ်။

ယခုအခါမှာတော့ ချန်ပီယံလိဂ်နဲ့ ဂျာမန်ပိုကယ်ဖလား ဆီမီးအဆင့် တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ပြိုင်ဘက်ဒေါ့မွန်ကို အနိုင်ယူပြီး ဂျာမန်ဖလားဗိုလ်လုပွဲ တက်ရောက်သွားနိုင်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ဖလားကိုလည်း သုံးနှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဘာစီလိုနာနဲ့ မေလမှာတော့ ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲကစားရမှာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# အာဆင်နယ်ဖလားရဖို့ ဆယ်နှစ်ဆယ်မိုးကြိုးစား



ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက အာဆင်နယ်ကို ဖလားရဖို့ ဆယ်နှစ်ဆယ်မိုး ကြိုးစားပါဦးလို့ပြောကြားလိုက်ပါတယ်။ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိ သရေကျခဲ့ပြီးတဲ့နောက် အီးမရိတ်ပရိသတ်တွေက ပျင်းစရာကောင်းတဲ့ ချယ်လ်ဆီးအသင်းလို့ လှောင်ပြောင်ပြောဆိုခဲ့ကြပါတယ်။ ဒီပွဲမှာ ဂိုးမရှိသရေကျသွားတဲ့အတွက် ချယ်လ်ဆီးအသင်းဟာ ဇယားထိပ်မှာ ၁၀ မှတ်အသာနဲ့ ရပ်တည်နေဆဲဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အသင်းခေါင်းဆောင် ဂျွန်တယ်ရီကတော့ ချယ်လ်ဆီးအသင်း သရေကျလိုက်ခြင်းကပင် ကြီးမားတဲ့အောင်မြင်မှုဖြစ်ပြီး ဖလားဆွတ်ခူးနိုင်ရေး လမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းခြင်းဖြစ်ကြောင်း ပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုကတော့ အာဆင်နယ်ကို ဖလားရဖို့ ဆယ်နှစ်ဆယ်မိုးစောင့်ပါဦးလို့ ပြောဆိုလိုက်ပါတယ်။

# ဘာစီလိုနာအိုးပင်းကို ကာကွယ်နိုင်ခဲ့တဲ့ နစ်ရှိကိုရီ



စပိန်နိုင်ငံသား ဘာစီလိုနာအိုးပင်းတင်းနစ်ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ဂျပန်တင်းနစ်ကစားသမား ကိုနစ်ရှိကိုရီက စပိန်တင်းနစ်ကစားသမား အန်ဒူဂျာကို အနိုင်ယူပြီး ဘာစီလိုနာအိုးပင်းဖလားကို ကာကွယ်နိုင်ခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ နစ်ရှိကိုရီက ဒီပွဲမှာ ၆-၄၊ ၆-၄ နဲ့ အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့တာပါ။ နစ်ရှိကိုရီရဲ့ ဒီဖလားဟာ ကိုးလုံးမြောက် ATP World Tour ဖလားဖြစ်ပါတယ်။

"ကျွန်တော် အလွန်ပျော်ပါတယ်။ ဒီနှစ်ထဲမှာ အကောင်းဆုံးပြိုင်ပွဲတွေထဲက တစ်ပွဲပါပဲ။ ကျွန်တော် ဘာစီလိုနာအိုးပင်းကစားရတာ အလွန်နှစ်ခြိုက်မှုရှိပါတယ်"လို့ ဂျပန်တင်းနစ်ကစားသမားက ပြောပါတယ်။ စပိန်တင်းနစ်ကစားသမား အန်ဒူဂျာဟာ ဗိုလ်လုပွဲသို့ တက်ရောက်ရာလမ်းကြောင်းတစ်လျှောက်မှာ ဖာဘီယိုဖော့နီနီနဲ့ ဒေးဗစ်ဖာရာတို့ကိုနိုင်ပြီး ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာပါ။ သို့ပေမယ့် နစ်ရှိကိုရီကိုရှုံးနိမ့်သွားခဲ့ပါတယ်။ နစ်ရှိကိုရီ ဒီပွဲမှာအနိုင်ရရှိသွားတဲ့အတွက် ကမ္ဘာ့အဆင့်(၅)သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ လာမယ့်နှစ်မှာလည်း ချန်ပီယံထပ်ဖြစ်ဖို့ မျှော်လင့်ထားပါတယ်လို့ နစ်ရှိကိုရီက ဆိုပါတယ်။

# အခက်အခဲဆုံးဖြစ်မည့်ပွဲဟု ဂွာဒီယိုလာပြောကြား

"ဘာစီလိုနာအသင်းနဲ့ ဆုံတွေ့ရမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်ဟာ ကျွန်တော့်အတွက် အခက်ခဲဆုံးကိုင်တွယ်ရမယ့်ပွဲလို့ ခံယူထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာစီလိုနာအသင်းကို ကျွန်တော်ကိုင်တွယ်ခဲ့စဉ်က ခြေစွမ်းမျိုးထက် အခုပိုပြီးကောင်းမွန်နေလို့ဖြစ်ပါတယ်။ လက်ရှိဘာစီလိုနာမှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့အတွဲက ဂိုးသွင်းအကောင်းဆုံးစွမ်းရည်တွေပြသနေလို့ပါပဲ" ဟု ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက ပြောသည်။

ဘာစီလိုနာတိုက်စစ်မှူးများဖြစ်သည့် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့၏ ယခုနှစ် တစ်ဦးချင်းဂိုးသွင်းအားကိုကြည့်ပါက မက်ဆီ ၄၆ ဂိုး၊ နေမာ ဂိုး ၃၀ နှင့် ဆွာရက်ဇ် ၁၉ ဂိုး သွင်းယူထားခြင်းဖြစ်သည်။ ယင်းတို့သုံးဦး၏ ယခုနှစ်သွင်းဂိုးပေါင်းမှာ ၉၅ ဂိုးအထိ ရှိနေရာ ဘိုင်ယန်မြူးနစ်အတွက် စိုးရိမ်ပူပန်စရာအနေအထားဖြစ်သည်။ ဘိုင်ယန်မြူးနစ်တွင် ဝါရင့်တိုက်စစ်မှူးများဖြစ်သည့် ရော့ဘင်နှင့် ရစ်ဘာရီတို့မှာ ကြွခိုင်မှုမပြည့်ဝသလို ရစ်ဘာရီမှာ ပါဝင်ကစားရန် မသေချာချေ။ သို့သော် မိမိသည် ချန်ပီယံလိဂ်ဖလားနှင့်အကျိုးပေးသော နည်းပြတစ်ဦးဖြစ်ကြောင်း ဂွာဒီယိုလာက ပြောသည်။



# မိုးရာသီဇာတ်သဘင်ဖျော်ဖြေပွဲ ဖိုးချစ်ဦးစီးကာ ရန်ကုန်တွင် ကျင်းပမည်

**ရန်ကုန် မေ ၂၈**

မိုးရာသီဇာတ်သဘင်ဖျော်ဖြေပွဲအဖြစ် ဇာတ်သဘင်ပွဲတစ်ခုကို ရန်ကုန်မြို့တွင် ဇူလိုင်လအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဖိုးချစ်က ပြောကြားသည်။

ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင် သို့မဟုတ် မျှော်စင်ကွင်းတွင် ဇာတ်သဘင်ပွဲတစ်ခုကို ကျင်းပနိုင်ရေးအတွက် စတင်စီစဉ်လျက်ရှိသည့်အပြင် အဆိုပါ ဇာတ်သဘင်ဖျော်ဖြေပွဲတွင် ပြဇာတ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြဇာတ်ကို ထည့်သွင်းကပြသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆရာမြို့တော် မောင်ယဉ်အောင် ရေးသားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပြဇာတ် ဖြစ်ပါတယ်။ ရန်ကုန်အပါအဝင် အမြို့မြို့အနယ်နယ်မှာ ကျွန်တော့်အနေနဲ့ ဗိုလ်ချုပ်ပြဇာတ်ကို ကပြဖျော်ဖြေလိုတဲ့အတွက် ရန်ကုန်ကို ဦးစွာရွေးချယ်ရပါတယ်။ တိုက်ရိုက်ထုတ်လွှင့်ပြသမှာ မဟုတ်သလို လာရောက်ကြည့်ရှုသူတွေအတွက် အထူးရည်ရွယ်ကပြလိုပါတယ်"ဟု ဖိုးချစ်က ပြောကြားသည်။

မြန်မာ့ယဉ်ကျေးမှု ရိုးရာအမွေအနှစ်များကို ဖော်ထုတ်ရန်ဆန္ဒမှာ သူ၏ အထူးအာသီသတစ်ခုဖြစ်ပြီး မြို့ကြီးများတွင် ကပြရသည်နှင့် နယ်မြို့များတွင် ဖျော်ဖြေရသည်မှာ ကွာခြားကြောင်း၊ ပရိသတ်အခြေအနေနှင့် အားပေးသည့်ပုံစံမှာလည်း အနည်းငယ်ကွဲပြားမှုရှိကြောင်း သိရသည်။

"ရန်ကုန်မှာ ဖျော်ဖြေမယ့်ပွဲကို အများကြီးကြိုးစားဖြည့်ဆည်းထားပါတယ်။ မြင်နေကျပုံစံကနေ ကွဲထွက်ဖို့နဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်စေဖို့ အဓိကထားတင်ဆက်မှာဖြစ်ပါတယ်။ ခမ်းခမ်းနားနားကျင်းပနိုင်ဖို့ ကြိုတင်စီစဉ်နေပါတယ်"ဟု ဖိုးချစ်က ရှင်းပြသည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-မေဦးမိုး**

# ရုပ်ရှင်ရုံသစ်များ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လက်မှတ်များ အခမဲ့ပေးဝေမည်

**မန္တလေး မေ ၂၈**

မြန်မာ့ရုပ်ရှင်ရုံလုပ်ငန်းတစ်ခုအဖြစ် နာမည်ရလာသော junction cineplex နှင့် ကိုရီးယားနိုင်ငံတကာ အဆင့်မီ ရုပ်ရှင်ကုမ္ပဏီ CGV တို့ ပူးပေါင်းဖွင့်လှစ်မည့် မန္တလာမန္တလေးဝင်းအတွင်း အိုရှင်းစူပါစင်တာ တတိယထပ်တွင် JCGV မန္တလေးရုပ်ရှင်ရုံကို မေ ၁ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဖွင့်ပွဲအထိမ်းအမှတ်အနေနဲ့ ပရိသတ်တွေကို အခမဲ့လက်မှတ်တွေ ပေးဝေသွားဖို့ရှိပါတယ်။ ဦးရာလူစနစ်နဲ့ မေ ၇ ရက်အထိ ရုပ်ရှင်ချစ်သူတွေ တစ်ဦးကို လက်မှတ်တစ်စောင်နှုန်းနဲ့ ပေးဝေသွားပါမယ်"ဟု အဆိုပါရုပ်ရှင်ရုံ၏ ဈေးကွက်နှင့် အရောင်းမြှင့်တင်ရေးတာဝန်ခံ မသီသီစန်းက ပြောသည်။

အဆိုပါ အသစ်ဖွင့်လှစ်မည့် ရုပ်ရှင်ရုံတွင် ရုပ်ရှင်ပြသခန်း သုံးခန်းနှင့် တစ်ခန်းတွင် ထိုင်ခုံ ၄၄ ခုံခန့် ပါဝင်ကြောင်း၊ အသံစနစ်ကို အဓိကထားကာ နိုင်ငံတကာ အဆင့်မီ ဒီဂျစ်တယ်စနစ်ကို အသုံးပြုထားကြောင်း၊ သရီးဒီစနစ်ပြသမှုနှင့် ဒီဂျစ်တယ်ပရော်ဂျက်တာများကြောင့် ကြည့်ရှုသူများ အဆင်ပြေစေနိုင်မည်ဖြစ်ကြောင်း မသီသီစန်းက ပြောကြားသည်။

အဆိုပါရုပ်ရှင်ရုံ၏ အသွင်အပြင်နှင့် အသုံးချသည့် နည်းပညာများအားလုံးကို ကိုရီးယားဒီဇိုင်းပညာရှင်များက လာရောက်ရေးဆွဲဖန်တီးထားပြီး ကမ္ဘာ့အဆင့်မီ ရုပ်ရှင်ရုံတစ်ရုံဖြစ်ကြောင်း သိရသည်။၂၀၁၄ ခုနှစ်ကတည်းက စတင်ပြင်ဆင်နေခဲ့ခြင်းဖြစ်ကာ လာမည့် မေ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

**သတင်း-ဉာဏမိုးမြင့်၊ ဓာတ်ပုံ-မောင်သဲဦး**




ရန်ကုန်မြို့တွင် ဖွင့်လှစ်လျက်ရှိသော junction ဒီဂျစ်တယ်ရုပ်ရှင်ရုံတစ်ရုံ။

# စင်ကာပူပြိုင်ပွဲဝင်ရောက်ခွင့်ရသဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော မေနန္ဒာကျော် စိတ်လှုပ်ရှားနေ

**သတင်း - ဆောင်းနွေမိုး**
**ဓာတ်ပုံ - လနထွန်း**



**ရန်ကုန် မေ ၂၈**

ဇူလိုင်လတွင် စင်ကာပူ၌ကျင်းပမည့် prince and Princess ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံထားရသူ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော မေနန္ဒာကျော်မှာ ပြိုင်ပွဲအတွက် စိတ်လှုပ်ရှားနေပြီး လိုအပ်သည်များကို စတင်သင်ယူလေ့လာနေပြီဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ် မော်ဒယ်လ်များကို မွေးထုတ်ကာ နိုင်ငံတကာစင်မြင့်ထက်သို့ ပို့ဆောင်ပေးနေသူ နေရှင်နယ်ဒါရိုက်တာ မလှနုထွန်း၏ သင်ကြားပြသမှုဖြင့် ဇူလိုင် ၂၄ ရက်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအတွက် အပြင်းအထန်လေ့ကျင့်မှုများ စတင်နေပြီဖြစ်သည်။

"နိုင်ငံတကာမပြောနဲ့ ကိုယ့်နိုင်ငံတွင်း ပြိုင်ပွဲတွေတောင် မပါဝင်ခဲ့ဖူးတာကြောင့် စိတ်လှုပ်ရှားမိပါတယ်။ အကောင်းဆုံး ပြင်ဆင်သွားမှာမို့ ဆုရရှိဖို့ မျှော်လင့်ထားပါတယ်။ သွားရောက်ယှဉ်ပြိုင်မယ့်အချိန်က သမီးတို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းတွေ ထွက်ပြီးလောက်ပါပြီ။ ပညာသင်ယူမှု အပိုင်းမှာလည်း အချိန်ကာလအားဖြင့် အခက်အခဲမရှိပါဘူး။ ဘာသာစကား၊ ဝတ်စား ဆင်ယင်မှုနဲ့ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာတွေကို ဆရာမ မလှနုထွန်း အကူအညီနဲ့ သင်ယူနေပါတယ်"ဟု မေနန္ဒာကျော်က ဖြေကြားသည်။

# ဖျော်ဖြေရေးအနုပညာကြေးများကို ကိုယ်ကျိုးမသုံးဘဲ အကုန်လှူပစ်လိုက်ရတာ ပျော်ရွှင်နေတဲ့ နန်းဆုရတီစိုး

**ရန်ကုန် မေ ၂၈**

"ကလေးတွေက နန်းဆုကို အားလုံးဝိုင်းလာကြတယ်။ ပျော်စရာကောင်းသလို ကိုယ့်ကိုချစ်တဲ့ခင်တဲ့ သူတွေနဲ့ အတူတူရှိရတာ ဘာနဲ့မှမလဲနိုင်ပါဘူး။ နောက်ပိုင်းမှာလည်း လှူဒါန်းမှုတွေ ပြုလုပ်ပေးသွားမယ်"လို့ သင်္ကြန်ကာလ ဖျော်ဖြေရေးများမှရရှိသည့် အနုပညာကြေးများဖြင့် အလှူဒါန ပြန်လည်ပြုလုပ်ခဲ့သူ နန်းဆုရတီစိုးက ပြောပါတယ်။

သူ့အနေနဲ့ သင်္ကြန်အနုပညာကြေးတွေကို စုပေါင်းကာ ပဲခူးရွှေမော်ဓောဘုရားမှာ ရွှေသင်္ကန်းကပ်လှူခြင်း၊ ကျိုက်ထီးရိုးဘုရားတွင် ရွှေသင်္ကန်းနှင့် ခေါင်းလောင်းများ လှူဒါန်းခဲ့တာအပြင် ယောက်ကော်ဘုန်းကြီးကျောင်းမှာလည်း ဆန်၊ ဆီနဲ့ ရေသန့်ဘူးတွေ သွားရောက်လှူဒါန်းခဲ့တာပါ။

"ဒီနှစ်သင်္ကြန် ပဲခူးမှာရှိနေခဲ့တယ်။ နေ့လယ်မှာ ရန်ကုန်မှာ ရှိတယ်။ ညဘက်မှာ စတိတ်ရှိုးပါတော့ ပရိသတ်တွေနဲ့ အပေးအယူလည်း မျှတပြီးပျော်ရွှင်ခဲ့ရတာပေါ့။ ရရှိလာတဲ့ အနုပညာကြေးတွေနဲ့ ရတနာသုံးပါးနဲ့ မိဘဆရာသမားတွေကို ကန်တော့ဖြစ်ခဲ့တယ်။ အလှူလုပ်တဲ့နေ့က ယောက်ကော်မှာ နန်းစုပရိသတ်တွေ အများကြီးနဲ့အတူတူ လှူဒါန်းခွင့်ရတာ မင်္ဂလာတစ်ပါးပေါ့"လို့ သူကဆိုပါတယ်။

မြန်မာနှစ်သစ်ကူးတိုင်း အခုလို ဆက်လက်လှူဒါန်းခွင့်ရရှိဖို့ ဆုတောင်းနေတဲ့ နန်းဆုကိုချစ်တဲ့ ပရိသတ်တွေကိုလည်း မြင်တွေ့ရပါတယ်။

"နှစ်တိုင်းကုသိုလ်လုပ်ဖြစ်ပါတယ်။ ကိုယ်ရှိနေတဲ့နေရာအလိုက်ပေါ့။ အရင်နှစ်က မန္တလေးမှာ ရှိနေခဲ့လို့ မန္တလေးမှာ အလှူဒါနတွေ လုပ်ဖြစ်တယ်။ ဒီနှစ်သင်္ကြန်က အရင်နှစ်တွေကထက်စာရင် ပိုပြီးစည်းကမ်းရှိကြသလို ယဉ်ကျေးလာကြတဲ့အတွက် အများကြီး ကောင်းပါတယ်။ အနုပညာရှင်တွေဟာ ပြည်သူတွေရဲ့ ရှေ့ဆောင်တွေဖြစ်တာမို့ အကောင်းဘက်ကို ဦးတည်ပြီး ရှေ့ဆောင်လမ်းပြဖို့ လိုအပ်တယ်လို့ မြင်ပါတယ်"လို့ နန်းဆုရတီစိုးက ပြောပါတယ်။

**သတင်း-ဉာဏမိုးမြင့်၊ ဓာတ်ပုံ-မောင်သဲဦး**



# ဒုတိယအကြိမ်မြောက် ဇိုစွမ်းလူငယ်ညီလာခံ တီးတိန်မြို့တွင် စည်ကားစွာကျင်းပ

**တီးတိန် ဧပြီ ၂၈**

ပြည်တွင်းပြည်ပတွင် နေထိုင်ကြသော ဇိုမီးလူငယ်များ ပူးပေါင်းဆောင်ရွက်သည့် ဒုတိယအကြိမ်မြောက် ဇိုစွမ်းလူငယ် ညီလာခံ (Zosuan Tuailai Khawmpi) ကို ချင်းပြည်နယ် တီးတိန်မြို့ FBBC ခန်းမဆောင်နှင့် Cope အောက်မေ့ဖွယ် နှစ်ခြင်းအသင်းတော်၌ ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် နိုင်ငံတော်က ဆောင်ရွက်နေကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ချင်းပြည်နယ်ကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇိုမီးလူမျိုးများသည် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာ ယဉ်ကျေးမှုစာပေနှင့် ဘာသာစကားများဖြင့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားတစ်ရပ်အဖြစ် ရပ်တည်နေထိုင်လျက်ရှိသော လူမျိုးဖြစ်၍ မျိုးဆက်သစ်လူငယ်များ ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဇိုမီးလူငယ်များ ခေတ်မီပညာ သင်ကြားနိုင်ရန်၊ ဇိုမီးတိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန် ပြည်ပရောက် လူငယ်များနှင့် ဒေသတွင်း လူငယ်များ တွေ့ဆုံပြီး အတွေ့အကြုံများ ဖလှယ်ကြရန်၊ ဒေသအတွင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကထားဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။ ညီလာခံသို့ လူဦးရေ ၃၀၅ ဦး တက်ရောက်ကြကြောင်း ဇိုမီးလူငယ်များအသင်း (တီးတိန်)၏ အတွင်းရေးမှူး ဦးထန်ဇန်းလျန်းက ပြောသည်။

အဆိုပါညီလာခံတွင် သိက္ခာတော်ရဆရာ ဒေါက်တာဂျေအမ်ငူလ်ခန့်ပေါင်က ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် ညစဉ်ဟောပြောပွဲပြုလုပ်ရာ လူဦးရေ ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပထမအကြိမ် ဇိုစွမ်းလူငယ်ညီလာခံ အား ၂၀၁၃ ခုနှစ် ဇွန်လက ကျင်းပခဲ့ကြောင်း၊ ဇိုမီးလူမျိုးများသည် ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်၊ တွန်းဇံနှင့် ကျီခါးမြို့နယ်အတွင်း အများဆုံး နေထိုင်ကြကြောင်း၊ မြန်မာနိုင်ငံ အနှံ့အပြား နှင့် ပြည်ပနိုင်ငံများတွင် နေထိုင်ကြပြီး ဇိုမီးလူဦးရေပေါင်း နှစ်သိန်း ကျော်ရှိကြောင်း သိရသည်။




**နေစု(ချင်းရိုးမ)**

# ရမည်းသင်းမြို့နယ်တွင် ရွာသွန်းခဲ့သောမိုးကြောင့် တောင်သူများထွန်ယက်စိုက်ပျိုးကြပြီ



**ရမည်းသင်း ဧပြီ ၂၈**

သင်္ကြန်အကြိုရက်နှင့် ဧပြီ ၂၅ ရက်တွင် ရွာသွန်းခဲ့သောမိုးကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် တောင်သူများ လုပ်ငန်းခွင် ဝင်ရောက်၍ထွန်ယက်စိုက်ပျိုးကြပြီဟု သိရသည်။

ဒေသခံတောင်သူများမှာ သင်္ကြန်အကြိုရက်တွင် ရွာသွန်းခဲ့သောမိုးနှင့် ရှေ့ပိုင်း အစိုဓာတ်ရှိချိန်တွင် ထယ်ထိုးခဲ့ကြပြီး ထယ်ရေးအခံရှိ ထွန်ရေးညက်သူများမှာ ယခုရွာသွန်းသောမိုးကြောင့် ထွန်ကြောင်းဘေး စမ်းဆွဲမျိုးစေ့ချ စိုက်ပျိုးနိုင်ခြင်းဖြစ်သည်ဟု သိရသည်။

ပဲတီစိမ်းနှင့်နေကြာကို စိုက်ကြပြီး အများအားဖြင့် ပဲတီစိမ်း ရေဆင်း (၁)မျိုးကိုသာ စိုက်ကြသည်။ ပဲတီစိမ်းမျိုးတစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ဝယ်ရပြီး တစ်ဧကလျှင် မျိုး လေးပြည်ကုန်သည်။ ဝါမှာ လရှည်သီးနှံဖြစ်သောကြောင့် နောက်ပိုင်းကျမှသာ စိုက်ကြသည်ဟု သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းချိန်စောသည်ဟု သိရသည်။ ယခုရွာသွန်းခဲ့သောမိုးကြောင့် တောင်သူများ ထယ်ထိုးထွန်ယက်နိုင်၍ ထယ်/ထွန်ငှားလိုက်သူများ အငှားလိုက်ကြရသည်။ ထယ်/ထွန် တစ်ရှဉ်းငှားပါက တစ်နေ့(မနက်ပိုင်း) ငွေကျပ် ၅၀၀၀ ပေးရပြီး ထမင်းတစ်နပ်ကျွေးရကြောင်း သိရသည်။

ရာသီဥတုပြင်း၍ လူအများ မိုးမျှော်နေကြချိန်တွင် မိုးရွာသွန်း၍ အပူချိန် အတန်ငယ် လျော့နည်းသွားသဖြင့် တောင်သူများ လုပ်ငန်းခွင် စတင် ဝင်ရောက်လာနိုင်ပြီဖြစ်သောကြောင့် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးမှာ ဒေသအတွက် များစွာအကျိုးပြုသည်ဟု ဒေသခံများက ပြောကြားကြသည်။

**အက်ကလေး(ရမည်းသင်း)**

# မုံရွာ ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**မုံရွာ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဝင်းအတွင်း ကိန်းဝပ်စံပျော်တော်မူသော မုံရွာဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်ကိုးဆူနှင့် ကိုးဌာနအောင်မြေများကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ဖူးမြော်ရန်အတွက် မြတ်စွယ်တော်ဖွင့်ပွဲကို မေ ၂ ရက် နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွယ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

"မုံရွာဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပလာတာ ယခုနှစ်ဆိုရင် (၂၁) ကြိမ်မြောက် ရှိပါပြီ။ ယခုနှစ်မှာလည်း ဗုဒ္ဓမြတ်စွယ်တော်ကို အများပြည်သူတွေဖူးမြော်ကြည်ညိုနိုင်ရန် ကိုးရက်ကြာဖွင့်လှစ်သွားမှာပါ" ဟု ဗုဒ္ဓမြတ်စွယ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မုံရွာဗုဒ္ဓမြတ်စွယ်တော်ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနေ့ ညနေ ၅ နာရီတွင် ဘုရား၊ တရား၊သံဃာ ၁၀၈ ပါးတို့ကို စာရေးတံမဲဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် မေ ၂ ရက်မှ ၈ ရက်အထိ ည ၇ နာရီတွင် နိုင်ငံကျော်ဓမ္မကထိကဆရာတော်များ၏ တရားပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်**

# လူငယ်ရေးရာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**စဥ့်ကိုင် ဧပြီ ၂၈**

စဥ့်ကိုင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ လူငယ်ရေးရာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၂၄ ရက် ညနေ ၃ နာရီခွဲက စဥ့်ကိုင်မြို့နယ် ဧည့်ပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ကျင်းပရာ ဘလဲ့ဘကျေးရွာအသင်းက ဧည့်ပြကျေးရွာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရ ဗိုလ်စွဲသွားသည်။

အဆိုပါပြိုင်ပွဲကို မတ် ၁ ရက်မှ ဧပြီ ၂၄ ရက်အထိ ကျင်းပရာ ဒေသခံအသင်းပေါင်း ၄၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ စတုတ္ထဆုကို ကင်းဘဲ့(က)အသင်း၊ တတိယဆုကို ကမ္ဘဲ့အသင်းနှင့် ဒုတိယဆုကို ဧည့်ပြအသင်းတို့က ရရှိသွားသည်။ ပထမဗိုလ်စွဲသည့် ဘလဲ့ဘကျေးရွာအသင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံးက ဆုငွေကျပ် လေးသိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကျေးလက်ကတ္တရာလမ်းသစ်မှ သယ်ယူပို့ဆောင်မှုယခင်ကထက် လွယ်ကူချောမွေ့လာ

**နောင်ချို ဧပြီ ၂၈**

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်-လွန်းကျော်-သရက်ကုန်း ကျေးရွာလမ်းသည် ယခင်က မြေသားလမ်းဖြစ်ပြီး ကျေးရွာပြည်သူများ သွားလာရေးအတွက် များစွာအခက်အခဲ ကြုံတွေ့ရပြီး မိုးရာသီတွင် မော်တော်ယာဉ်၊ ထော်လာဂျီယာဉ်များ ဘီးထဲ၍ သံကြိုး၊ ချိန်းကြိုးများ ပတ်ကာ ရွှံ့များအတွင်း ခက်ခဲစွာ မောင်းနှင်ဖြတ်သန်းနေရသည်။

ယခုအခါ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ သန်းဖြင့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခင်းကျင်းမှုကြောင့် ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ ပြည်သူ ၉၆၆၁ ဦး၊ ကျေးရွာ ၂၁ ရွာတို့က ဒေသထွက်သီးနှံများ မန္တလေးမြို့သို့ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မှု၊ သွားလာရေး လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် လွယ်ကူချောမွေ့ မြန်ဆန်လာခြင်းနှင့်အတူ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဝ၆၁)**

# စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲ ကျရှုံးသူများအတွက် ပြန်လည်ကုစားဖြေဆိုရမည်

**စလင်း ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသားကျောင်းသူများ စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျရှုံးသူများကို ပြန်လည်ကုစားစာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း စလင်းမြို့နယ် ပညာရေးမှူးရုံးက ထုတ်ပြန်ထားသည်။

အဆိုပါ စာမေးပွဲကို အခြေခံပညာကျောင်းများဖြေဆိုရာတွင် စတုတ္ထတန်း ဖြေဆိုသူ ၄၁၃၂ ဦးရှိရာ ၃၂၃၈ ဦးအောင်မြင်ပြီး အောင်ချက် ၇၈ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ပြီး အဋ္ဌမတန်းအတွက် ၂၆၈၄ ဦးဖြေဆို၍ ၁၅၀၆ ဦးအောင်မြင်ကာ အောင်ချက် ၅၆ ဒသမ ၁၁ ရာခိုင်နှုန်းရှိခဲ့သည်။ စာမေးပွဲကျရှုံးသူများအား ပြန်လည်ကုစားသင်ကြားပေးမှုကို ဘာသာရပ်အလိုက် ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ပြန်လည်သင်ကြားပေးမည်ဖြစ်ပြီး စာမေးပွဲများကို မေ ၁၄ ရက်မှ ၁၆ ရက်တွင် ပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ‘‘မန္တလေးမျဉ်းဖြောင့်များ’’အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့ သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ‘‘မန္တလေးမျဉ်းဖြောင့်များ’’ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသား ခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ‘မန္တလေးမျဉ်းဖြောင့်များ’ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် ' The Straight Lines of Mandalay ' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ‘မန္တလေးမျဉ်းဖြောင့်များ’ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ‘မန္တလေး မျဉ်းဖြောင့်များ’ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အိမ်ပြန်နောက်ကျတဲ့လမ်းမ

ဆူးငှက်

***ယခင်အပတ်မှအဆက်***

၂၆(ဘီ)လမ်းပေါ်ရှိ ဟုတ်စွန်စတိုးနှင့် တိုက်တန်းကြီးကို သွယ်တန်းထားသည့်ဖဲကြိုးကို မြူနီစီပယ်ဥက္ကဋ္ဌ မင်းဘူးဦးမောင်မောင်ကဖြတ်ကာ ဖွင့်လှစ်ခဲ့လေသည်။ ဤသို့ဖြင့် ညဈေးတန်းသည် ကျွန်တော်တို့ဘဝ၏ ညပေါင်းများစွာကို ဖွဲ့ယူစားသောက်သွားသည်။

ဈေးချိုနှင့်မနီးမဝေးတွင် နေထိုင်သောသူများအဖို့ ညရောက်လျှင် ညဈေးတန်းမှာ လမ်းမလျှောက်ရလျှင် အိပ်မပျော်။

ကျွန်တော်နေထိုင်သော ၂၈ လမ်းအလင်းဆိုင်လေးနှင့်မျက်နှာချင်းဆိုင်မှာ တွန်းလှည်းနှင့်ရောင်းသော ဆီချက်ခေါက်ဆွဲဆိုင်လေးရှိသည်။ ထိုဆိုင်လေးက ဂျုံခေါက်ဆွဲဖတ်သည် နူးညံ့လှ၏။ ယခုအချိန်ထိထိုအရသာမျိုး မစားဖူးတော့။ (၈၄)လမ်းနှင့်(၂၈)လမ်းထိပ်က လက်တွန်းလှည်းအအေးဆိုင်လေးတွေမှာ သံပရာရည်တစ်ခွက် သုံးမတ်။

ကျွန်တော်သည် ချစ်ဖူးသူတစ်ယောက်အား ခိုးကြောင်ခိုးဝှက်တွေ့ရသည့် ညဦးပိုင်းတစ်ချိန်တွင် ထိုသုံးမတ်တန် သံပရာရည်တစ်ခွက်တိုက်ခဲ့ဖူးသည်။ ယခုတော့ဤနေရာတွင်ညဦးပိုင်း၌ ဝက်သားတုတ်ထိုးဆိုင်များပဲရှိတော့၏။ ဆိတ်သားကင်ဆိုင်များပဲရှိတော့၏။ ထိုနေရာတွင် ယခုရွှေဆိုင်ကြီးတစ်ဆိုင် ဟီးဟီးထနေသည်။ အဆင့်မြင့်ဈေးချိုရုံသစ်ကြီးပေါ်က ရွှေဆိုင်တန်းမှာရော ယခုရွှေဆိုင်ကြီးလို လူတွေလူတွေ ကြိတ်ကြိတ်တိုးစည်ကားပါ့မလားမသိ။ ဘာပဲပြောပြော (၈၄)လမ်းမကြီးပေါ်က ရွှေဆိုင်ကြီးမှာ လူစည်ပါသည်။

ကျွန်တော့်ရှေ့က ခပ်ညစ်ညစ်စားပွဲပေါ်က ထမင်းကြော်ပန်းကန်ထဲတွင် ကြက်သွန်ဖြူအခွံတွေ များသည်ထက်များလာသည်။ ပါးစပ်ထဲက လွယ်လွယ်ကူကူခွာထုတ်ပစ်သော ကြက်သွန်ဖြူအခွံတွေက ထမင်းပန်းကန်ထဲ ပြန်ရောက်သည်။ ကိစ္စမရှိပါ။ ပါးစပ်ထဲသွတ်မည့်ဇွန်းမှာမပါဖို့ဘဲလိုပါသည်။ ထမင်းကြော်မကုန်မီ လက်ဖက်ရည်လေးတစ်ကျိုက် သောက်လိုက်ချင်သေးသည်။ အရှေ့တောဈေးကားတစ်စီး (၈၄)လမ်းမအတိုင်းအပြင်းမောင်းလာကာ (၂၈)လမ်းဘက် ချိုးကွေ့ဝင်လာသည်။ သံဖြူတန်းမှာရပ်သည်။ ဈေးသည်တွေက တောင်းကိုယ်စီနှင့် အလုအယက်ဆင်းနေကြတာ လှမ်းမြင်ရ၏။ အသံများမည်မျှပင် ဆူညံစေကာမူ ကျွန်တော့်အာရုံတွင် အသံပျောက်ခလုတ်ကို နှိပ်ထားသည့် မော်နီတာဖန်ပြင်ကို ကြည့်နေရတာနှင့် တူပါသည်။

တစ်ဖက်စားပွဲ ဖဲသမားအုပ်စု ရေသန့်ပုလင်းမှာ၏။ မျက်နှာချင်းဆိုင်က ပက်စီသောက်သော သူက ပက်စီကုန်သော်လည်း ပုလင်းထိပ်မှကိုင်ကာ ဆော့ကစားနေ၏။ ဆိုက်ကားနှင့်လာသူက ကွမ်းတစ်ယာလှမ်းမှာသည်။ လက်ဖက်ရည် ကုန်သော်လည်း ထသေးမှာမဟုတ်။ ကိုစိုးရဆိုသူကို စောင့်တာလည်းဖြစ်မည်။

(၈၄)လမ်းမအတိုင်းမြောက်မှတောင်သို့ စက်ဘီးလေးငါးခြောက်စီးအုပ်လိုက် ခပ်သွက်သွက်နင်းလာသည်။ ညောင်ကွဲက သို့မဟုတ် နှင်းဆီခြံကပန်းသည်များဖြစ်သည်။ ဒါဆို နှစ်နာရီခွဲပြီ။ ကျွန်တော်သည် လက်ဖက်ရည်ကို တစ်ခါတည်းမော့ကာ ထမင်းကြော်တစ်ဇွန်းအား ဒရောသောပါး ဝါးပြီးနောက် ပိုက်ဆံရှင်း၏။ အလုပ်ချိန်ဒုတိယပိုင်းစရတော့မည်။ ဒီနေ့ညစာဖောင်တွေပြတ်မှဖြစ်မည်။ သည်စာအုပ်က ထွက်ရက်နောက်ကျနေတော့ နေ့ရောညရောရိုက်မှ သတ်မှတ်ရက်နှင့်သိပ်မကွာဘဲ ထွက်နိုင်မည်။ ကျွန်တော်(၈၄)လမ်းမကြီးအတိုင်း ဟိုတောင်ဘက်ဆီအထိ စက်ဘီးနင်းရဦးမှာပေါ့။

နဂါးကမ္ဘာလုံးဆေးတိုက်၊ နန်ကင်းကဖေး၊ နန်းထင်ကဖေး၊ ကြယ်စိန်စတိုး မြင်ကွင်းများကို ကျွန်တော်ပြန်လည်မြင်ယောင်ကြည့်မိပါသည်။ ယခုမမှတ်မိတော့။ (၂၈/၂၉)ကြား (၈၄)လမ်းမကား မသိမသာပြောင်းလဲသွား၏။ အခွန်ဦးစီးမှူးရုံးကြီးက မိုးထိုးတက်သွားသည်။ ကြယ်စိန်စတိုးမှသည် လုပ်သားပိုင်စာနယ်ဇင်းကို လှမ်းဆွတ်မိသည်။ မောင်စွမ်းရည် “ဗမာစာပေဘယ်လဲ၊ ဘာလဲ”ဟူသော စာအုပ်ကို ဆိုင်ပိတ်ချိန်ရောက်၍ သော့ခတ်ပြီးသော်လည်း မှန်ကောင်တာအကွဲပေါ်မှ စိတ်ရှည်လက်ရှည်နှိုက်ယူကာ ရောင်းချပေးခဲ့သည့် အစ်မကြီး မလတ်လတ်ကိုလည်း သတိရနေသည်။ ဘယ်လဲ၊ ဘာလဲကား မရှိတော့။

ဟောအခုတော့ (၈၄)လမ်းနှင့် (၂၉)လမ်းအနီးမှာ မျက်သွယ်ကဖေးတဲ့။ မန္တလေးက စာပေသမားတွေ အများဆုံး ဆုံကြသည်။ နဂါးစာပေမှာ မဂ္ဂဇင်းငေးမောရင်း၊ မြည်းစမ်းရင်း မျက်သွယ်မှာ ဆုံကြတွေ့ကြသည်။

(၈၄)လမ်းမကြီးသည် ၁၉၇၀ ကျော် ကာလဆီက (၂၉)လမ်းထိပ်သို့ရောက်ရင်ပဲ စက်သံတဂျုံးဂျုံး ကြားရပြန်သည်။ ဟံသာဝတီသတင်းစာတိုက်ကြီးက စက်ရိုက်သံများဖြစ်၏။ ထိုစဉ်က သတင်းစာတိုက်ကြီးပေါ်သို့ မကြာခဏရောက်ဖူးသည်။ ယခုတော့ စက်သံတဂျုံးဂျုံး မကြားရတော့။

သို့သော် ဤနေရာမှပင် ရတနာပုံဟူသော သတင်းစာကို ၁၉၉၂ခုနှစ်က စ၍ထုတ်ဝေခဲ့သည်။ အော့ဖ်ဆက်များနှင့်မို့ စက်သံတဂျုံးဂျုံးမကြားရ။ ငြိမ်သက်တိတ်ဆိတ်။

တစ်ချိန်က ဤသတင်းစာအဆောက်အအုံသည် လွတ်လပ်ရေးတပ်ဦး ဖဆပလအဖွဲ့၏ အထက်ဗမာ(မြန်မာ)ပြည်ရုံးချုပ်ဖြစ်ဖူးသည်။ သည်နေရာ(၈၄)လမ်းသည်လည်း အတော်ပင် အမြင်ပြောင်းလဲသွားပါပေါ့။ ထိုင်စိန်ကဖေးမရှိတော့၊ လက်ရွေးစင်ဆံသမရှိတော့၊ စံပြသွားစိုက်ဆိုင်မရှိတော့၊ ရွှေနှင်းဆီစတိုးမရှိတော့၊ တိုင်းချစ်ဓာတ်ပုံတိုက်မရှိတော့။

(၈၄)လမ်းနှင့် လမ်း(၃၀)ထောင့်ကား အခုတော့ဖြင့် မြို့သစ်သွားကားဂိတ်ဖြစ်၏။ ညနေစောင်းလျှင် အလုအယက်၊ အပြိုင်အဆိုင်၊ တိုးကြဝှေ့ကြ အော်ကြဟစ်ကြ။ လမ်းမကြီးတစ်ခြမ်းကို မြို့သစ်ကားများ နှစ်ထပ်သုံးထပ်ရပ်ပြီး လူခေါ်လူတင်ကြသည်။ ဤအတန်းမှာလည်း ပိဋကတ်တော်ပုံနှိပ်တိုက်မရှိတော့။ အဆောက်အအုံများကတော့ သိပ်မပြောင်းလဲ။ ဦးလှဟန်ထီဆိုင်ရှိသည်။ ရွှေမောင်းတိုက်ရှိသည်။ နေပြည်တော်ပုံနှိပ်တိုက်ရှိသည်။ သုခဝတီပုံနှိပ်တိုက်ရှိသည်။ ဝင်းမြန်မာတိုက်ရှိသည်။

(၈၄)လမ်း (၃၁)လမ်းထောင့်တွင် ပရိယတ္တိအသင်းပိုင်ဓမ္မသာလာရှိသည်။ အောင်နန်းရိပ်သာရပ်၊ အကွက်နံပါတ် ၅၇၄၊ ဦးပိုင်နံပါတ် (၂၀/၆၂)မြေနေရာတွင် အလျားပေ ၁၂၀၊ အနံ ၆၂ ပေရှိ ပရိယတ္တိဓမ္မသာလာ သာသနိက အဆောက်အအုံကြီးကို ၁၃၃၇ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့လေသည်။ မြို့လယ်ကောင်ရှိ ထိုအဆောက်အအုံကြီးမှာ စာပေဟောပြောပွဲများ ကျင်းပဖူးသည်။ မန္တလေးလူထုက ထိုအဆောက်အအုံနှင့် စာပေဟောပြောပွဲများ လိုက်ဖက်ပန်ရမှုအား ဝမ်းမြောက်ကြသည်။ တောင်ဘက်မှာတော့ နာမည်ကျော်လပ်ကီးဟိုတယ်ကြီးရှိ၏။ လွန်ခဲ့သော ဆယ်နှစ်နီးပါးက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အခုတော့ ဟိုတယ်တွေ ဟိုတယ်တွေ မှိုလိုပေါက်။ လပ်ကီးသည် ယခုမှဆောက်သော ဟိုတယ်များ၏ အဆင့်အတန်းနှင့် မည်သို့ရှိလေမည်မသိ။ ကျွန်တော်သည် အနှစ်သုံးဆယ်စာချုပ်ပြီး မြန်မာလက်အပ်မည့် ဟိုတယ်များ၏ အနှစ်သုံးဆယ်သုံးစွဲပြီး သို့မဟုတ် အနှစ်သုံးဆယ်နောက်ကျပြီးမှ လက်ထဲရောက်လာမည့် အရည်အသွေးကို မဆီမဆိုင် မှန်းဆကြည့်နေမိသည်။

(၈၄)လမ်း၏ (၃၂) နှင့် (၃၃) ကြားအပိုင်းကား အထင်ကရများချည်းဖြစ်၏။ ဝင်းလိုက်ရုပ်ရှင်ရုံရှိသည်။ နဂါးဆေးလိပ် ပင်မတိုက်ကြီးရှိသည်။ လူထုသတင်းစာတိုက်ရှိသည်။ အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်တိုက်ရှိသည်။

မန္တလေးသား ဦးကျော်ဝင်း၊ ဦးကျော်မင်း ညီအစ်ကိုအမြော်အမြင်ဖြင့် တည်ဆောက်ခဲ့သော ဝင်းလိုက်ရုပ်ရှင်ရုံကား ယခုထက်ထိ မန္တလေးမြို့၏ အကောင်းဆုံးမှာပဲရှိနေဆဲဖြစ်၏။ တစ်နေ့မနေ့ကမှ ဖွင့်လှစ်သော ရုံသစ်များပင်လိုက်မမီ။ ဤသို့ ခေတ်ရှေ့ပြေးခဲ့သော ရုပ်ရှင်ရုံကြီးတွင် အတွင်းပိုင်းပစ္စည်းများ ခေတ်မီစွာ ပြင်ဆင်ကြဖို့လိုသည်။ မန္တလေး၏ တစ်ခုတည်းသော အအေးခန်းရုံဖြစ်သော်လည်း အဲယားကွန်းစက်ပျက်နေတတ်သည်။ ထို့ကြောင့် ပန်ကာအိုကြီးများနှင့်ပဲ အစားထိုးနေရသည်။ လေးဖက်သံကြား စတူဒီယိုစနစ်လည်း ပျက်နေပုံရသည်။ ပိတ်ကားဆီမှပဲ အသံသဲ့သဲ့ကြားရသည်။ ဝင်းလိုက်ရုံကို ခေတ်မီစွာပြင်ဆင်ခြင်းသည် ရုပ်ရှင်ရုံသစ်တစ်ရုံဆောက်ခြင်းထက် အကျိုးများသွားနိုင်ပါသည်။

ရုပ်ရှင်ရုံနှင့်မနီးမဝေး ရွှေမန်းဦးတင်မောင်တိုက်ကတော့ ရွှေမန်းစတိုးအဖြစ် လက်ပြောင်းသွား၏။ နဂါးတိုက်ကြီးကလည်း နှစ်တိုက်အနက် တစ်တိုက်ပဲကျန်သည်။ လူထုသတင်းစာတိုက်ကတော့ ပုံနှိပ်လုပ်ငန်းနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဆက်လက်၍ အားကောင်းမောင်းသန်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။ (၃၃) လမ်းထောင့်က တာဖံဓာတ်ပုံတိုက်မရှိတော့။

(၃၃) လမ်းနှင့် (၃၅) လမ်းကြား (၈၄) လမ်းကား အပြောင်းလဲကြီး ပြောင်းလဲသွားလေပြီ။ အရင်လူ အရင်အဆောက်အအုံများမရှိသလောက် အားလုံးအသစ် ဖြစ်ကုန်၏။ သည်ကြားထဲ “ တော်ဝင်စီနီမာ” ဟူသော ရုပ်ရှင်ရုံက ကြားညပ်ကျန်ရစ်သည်။ “တော်ဝင်ခန်းမက ကြိုဆိုပါတယ်ရှင်” ဟူသော သီချင်းသံလေးကို လွမ်းဆွတ်မိသေးတော့။

(၈၄) လမ်းမသည် ယခင်က မန္တလေး၏အကောင်းဆုံး အကျယ်ဆုံးလမ်းမကြီးဖြစ်၏။ (၈၄) လမ်းမကို ဖြတ်ကူးဖို့အရေးသည် လွယ်လွယ်နှင့် ရသည်မဟုတ်။ ကားလေးတစ်စီးစနှစ်စီးစနှင့် မြင်းလှည်းတွေ၊ စက်ဘီးတွေကြားမှာ ဤလမ်းမကျယ်ကြီးကို ဖြတ်ကူးဖို့က အတော်သတ္တိမွေးရသည်။

ယခုတော့ (၈၄) လမ်းမကြီးသည် မန္တလေး၏ ခပ်ကျဉ်းကျဉ်းလမ်းစာရင်းဝင်သွားပါပြီ။ သို့သော်သည်အတိုင်းပဲကောင်းပါသည်။ (၈၄) လမ်းမကြီး မပြောင်းလဲခြင်းသည် မန္တလေး မပြောင်းလဲခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်သည် (၈၄)လမ်းမကြီးနှင့် နေ့စဉ်ပတ်သက်နေရပါသေး၏။ အလုပ်သွား၊ အလုပ်ပြန်အဖြစ် ပတ်သက်နေရခြင်းထက် ယခုကဲ့သို့ ညဥ့်နက်သန်းခေါင်ကျော်တွင် (၈၄)လမ်းမကြီးကို စိတ်ရှိလက်ရှိ အားပါးတရပိုင်ဆိုင်ခြင်းအရသာက ငယ်ဘဝလွမ်းဝေဒနာကို ပြေပျောက်စေ၏။

မြို့စွန်ရောက် ကျွန်တော်ကဲ့သို့သော ပုံနှိပ်တိုက်အလုပ်သမားလေးများ၊ မြရည်နန္ဒာက ကော်ကပ်အလုပ်သမားလေးများ၊ ညောင်ကွဲနှင်းဆီခြံက ပန်းသည်လေးများ၊ အရှေ့တောက ကုန်စိမ်းသည်လေးများ၊ ရတနာပုံမြို့သစ်က တွန်းလှည်းတွန်းအလုပ်သမားလေးများ၊ ကန်သာယာက ဆိုက်ကားဆရာလေးများ၊ အလင်းဆိုင်မှာ ပက်စီသောက်သော “သူမ” လေးများအဖို့. . . .။

ချစ်သော (၈၄)လမ်းမကြီးကို တစ်ညတာ ပိုင်ဆိုင်ချင်ကြသူချည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့ရှမ်းရိုးမပေါ်က လင်းအရုဏ်ပျို့လာလျှင် (၈၄) လမ်းမကြီးကို လက်လွှတ်ခဲ့ကြရကာ ကိုယ့်အိမ်ကိုယ့်ရာဆီ ပြန်ရသူချည်းပင် မဟုတ်ပါလား။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***



# သမိုင်းဝင် လာဝစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပ

**သထုံ ဧပြီ ၂၈**



မွန်ပြည်နယ် သထုံမြို့ မြသပိတ်တောင်ပေါ်ရှိ စေတီတော်များအနက် တစ်ဆူဖြစ်သည့် သမိုင်းဝင် လာဝစေတီ(ခေါ်) ဇိနမာန်အောင်ပြည်လုံးချမ်း သာမဟာ စက္ကဝရဇိန်စေတီတော်မြတ်ကြီးကို သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကာ အလှူရှင်အများစုပေါင်း၍ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီးခြင်း၊ ရွှေထီးတော်အသစ်တင်လှူပြီးစီးခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဧပြီ ၂၆ ရက်က အဆိုပါစေတီတော်မြတ်ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။ ရှေးဦးစွာ စေတီတော်ကို သံဃာတော်အရှင်သူမြတ်များက အနေကဇာတင်ပူဇော်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အလှူရှင်များက သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်များဝတ္ထုများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရွှေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ရမည်းသင်း ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး စာကြည့်တိုက်ခန်းမ၌ ဧပြီ ၂၇ ရက်က ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေဦးစီး၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြို့နယ်များမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အရာရှိ ၂၅ ဦး၊ အခြား အဆင့် ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဘိုကလေးမြို့နယ် မြို့ချောင်းတံတားဖွင့်

**ဘိုကလေး ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကံစုအရှေ့ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ မြို့ချောင်းသံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဧပြီ ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စောတို့ ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်ခဲ့သော တံတားအမျိုးအစားမှာ သံကူကွန်ကရစ် (RC ကွန်ကရစ်ကြမ်းခင်း)၊ အလျား ပေ ၉၀၊ အကျယ်ခြောက်ပေ၊ အမြင့် ၃၃ ပေ(ရေပေါ် ၁၃ ပေ၊ ရေအောက် ပေ ၂၀) တန်ဖိုးငွေကျပ် သိန်း ၂၅၀ ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ပြီးစီးခဲ့ရာ ဘိုကလေးမြို့နယ် ကံစုအရှေ့ကျေးရွာအုပ်စုနှင့် လင်းတိုင်းကျေးရွာအုပ်စု ဆက်သွယ်ရေးအတွက် အဓိကကျသော ချောင်းကူတံတား တစ်စင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (ဘိုကလေး)**

# ဖလမ်းမြို့နယ်၌ကလေး-နတ်ချောင်း-ဗါးရုံ-ဖလမ်း(ဝေဘူလ)ကားလမ်းဖောက်

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဦးဆောင်သော မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ရှိသူများလိုက်ပါပြီး တည်ဆောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းကိုက်ညီမှုရှိစေရန်အတွက် ဧပြီ စတုတ္ထပတ်က ဖလမ်းမြို့တွင် ကလေး-နတ်ချောင်း-ဗါးရုံ-ဖလမ်း(ဝေဘူလ)ကားလမ်းဖောက်လုပ်ခြင်းနှင့်လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Chin Hill Star ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့်ကလေး-နတ်ချောင်း-ဗါးရုံ-ဖလမ်း(ဝေဘူလ)မိုင်တိုင်အမှတ် ၅၃/၄ နှင့် ၅၆/၄ တို့တွင် လမ်းသားချဲ့ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့်လမ်းတစ်လျှောက်လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝေဘူလကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိရာ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကလေး-နတ်ချောင်း-ဗါးရုံ-ဖလမ်း(ဝေဘူလ)ကားလမ်းဖောက်လုပ်ခြင်းနှင့်လမ်းသားချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထိုသို့ရှင်းလင်းရာတွင်ဒုတိယဝန်ကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဝေဘူလကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်မေးမြန်းတင်ပြချက်ကို ပြန်လည် ရှင်းလင်းခြင်းများ၊ ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရန်ပုံငွေကို ခရိုင်အင်ဂျင်နီယာမှူး၏ ထောက်ခံချက်ရမှသာ ခွင့်ပြုပေးနေမှုအခြေအနေ၊ လုပ်ငန်းကိုစံချိန်စံညွှန်းမပြည့်မီလျှင် ရန်ပုံငွေထုတ်မပေးဘဲ စံချိန်စံညွှန်းပြည့်မီမှ ထုတ်ပေးမည့်အခြေအနေ၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေ၊ လမ်းတည်ဆောက်ရာတွင် နည်းပညာပိုင်းအရဆောင်ရွက်ရသည့်လုပ်ငန်း သဘောသဘာဝ အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**(မြန်မာ့အလင်း)**

# ရာသီဥတုအပေါ်မူတည်၍ စိုက်ပျိုး

**ပြင်ဦးလွင် ဧပြီ ၂၈**

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် ရာသီသီးနှံများ ဖြစ်သော စပါး၊ ဂျုံ၊ ပြောင်း၊ နေကြာနှင့်ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးထုတ်လုပ်ကြခြင်းအပြင်သီးနှံငယ်များဖြစ်သော ပန်းမုန်လာ၊ မုန်ညင်း၊ ခရမ်းချဉ်နှင့်ဂေါ်ဖီထုပ်များလည်း ရာသီဥတုအပေါ်မူတည်၍ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခုနှစ်တွင် စောစီးစွာထွက်ရှိလာသော အသီးအနှံများအနက် ဂေါ်ဖီထုပ်များမှာ တစ်ထုပ်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် အခင်းပြတ်ရောင်းချရပြီး ကုန်သည်များ နှင့်စိုက်ပျိုးတောင်သူများအတွက်ပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ၎င်းဂေါ်ဖီထုပ်များကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများသို့ အဓိကတင်ပို့ကြရပြီး ကျန်မြို့နယ်များသို့ မန္တလေးမြို့ရှိ ကုန်စည်ဒိုင်များမှတစ်ဆင့် မှာယူကြကြောင်း သိရသည်။

ယခုအချိန်တွင် အခြားစိုက်ပျိုးသီးနှံများ ဆက်လက်စိုက်ပျိုးရန် ကျန်ရှိနေသေးပြီး မိုးမကျမီစိုက်ခင်းများကို အချိန်မီပြန်လည်ပြုပြင်ရန် လိုအပ်သောကြောင့် အခင်းပြတ်ရောင်းချခဲ့ရကြောင်း သိရသည်။

**စံဖူး**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ကျေးရွာချင်းဆက် ချောင်းကူးတံတားတည်ဆောက်ပြီးစီး၍ ဒေသခံများအဆင်ပြေ

**ကသာ ဧပြီ ၂၈**



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပုလွေရွှေကျေးရွာအုပ်စုရှိ အင်းဒရန့်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာအကြား ထီးတော်ရိုးချောင်းကို ဖြတ်၍ အလျား ပေ ၁၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၁ ပေရှိ တံတားတစ်စင်းတည်ဆောက်ပြီးစီးပြီဖြစ်၍ ထိုတံတားကိုအမှီပြုသွားလာကြသော ဒေသခံပြည်သူများအဆင်ပြေကာ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့လာကြောင်း သိရသည်။

အဆိုပါ တံတားဖြစ်မြောက်ရေးအတွက် ၂-၁၁-၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ငွေကျပ်သိန်း ၅၀ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများ လှူဒါန်းငွေကျပ် ၁၅၇၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ ယခုအခါ ထီးတော်ရိုးချောင်းကူးတံတားပြီးစီးအောင်မြင်သွားသဖြင့် ကသာမြို့ ဧရာဝတီမြစ်အရှေ့ခြမ်းရှိ ကျေးရွာအုပ်စုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၊ ကချင်ပြည်နယ်မှ ရွှေကူမြို့နယ်နှင့် မန္တလေးဘက်မှလာသော ခရီးသွားအများအတွက် လမ်းခရီးကြန့်ကြာခြင်း သီးနှံစိုက်ပျိုးသည့်တောင်သူများအတွက် ငွေကုန်ကြေးကျများခြင်းတို့ ကင်းဝေးသွားမည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ **မောင်ငြိမ်းဝင့်(ကသာ)**

# ရန်ကုန်-မန္တလေးအမြန်လမ်းသစ်ပေါ်မှ ပြုပြင်စရာ

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်-မန္တလေးအမြန်လမ်းသစ်ပေါ်မှ မကြာခဏခရီးသွားခဲ့ဖူးသည်။ သွားသည့် ခရီးတိုင်းအဝေးပြေးလိုင်းကားများဖြင့်သာ ဖြစ်ပြီး ညပိုင်းဖြစ်သည်။ ထိုအတွက် လမ်းဘေးဝဲယာဝန်းကျင်ကို ရှင်းလင်းစွာမတွေ့ရ၊ မမြင်ခဲ့ရပေ--။

ယခုတစ်ခေါက်မှာ မိသားစုဘုရားဖူးခရီးစဉ်ဖြစ်၍ စင်းလုံးငှားယာဉ်ဖြင့် ရန်ကုန်မြို့မှ နံနက်စောစောထွက်ခဲ့ပြီး မန္တလေးမှအပြန်ခရီးစဉ်တွင်လည်း နံနက်ပိုင်းမှသာဖြစ်သည်။ ထို့ကြောင့် အမြန်လမ်းကြီးတစ်လျှောက် ခရီးလမ်းတစ်ခုလုံးကို ထင်သာ မြင်သာလေ့လာခွင့်ရရှိခဲ့သည်။



အမြန်လမ်းသစ်ပေါ်မှ ယာဉ်များဖြတ်သန်းသွားလာခဲ့ကြသည်မှာ နှစ်အားဖြင့် ငါးနှစ်သက်တမ်းမျှရှိပြီဖြစ်သည်။ ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပြီးစီးမှု မှတ်တမ်းအရ ၂၀၁၀ ပြည့်နှစ်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

လမ်းမနှင့် ၃၅ ပေခန့်အကွာ အဝေးဝဲယာတွင် ကုက္ကိုပင်များနှင့် ယူကလစ်ပင်များတန်းစီစိုက်ပျိုးထားသည်ကို တွေ့ရသည်။ အချို့သော ကုက္ကိုပင်များမှာ ရှင်သန်မှုအားကောင်း၍ အမြင့်ပေ ၂၀ ကျော်ခန့်မျှရှိလာပြီဖြစ်သည်။ တစ်ပင်နှင့်တစ်ပင် အကိုင်းချင်းထိဆက်လာပြီဖြစ်၍ အရိပ်များလည်း ရလာပြီကို တွေ့ရသည်။

ယာဉ်နှစ်စီးယှဉ်၍ ကောင်းစွာမောင်းနှင်နိုင်ပြီး အသွားတစ်လမ်း၊ အပြန်တစ်လမ်းသီးခြားစီဖြစ်သည်။ လမ်းလယ်ကျွန်းတစ်လျှောက် များသောအားဖြင့်စက္ကူပန်းများနှင့်အခြားသော အပင်ငယ်များသည်လည်း ရှင်သန်လှပစိမ်းစိုလာပြီကို တွေ့ရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းသစ်မှာ ခရီးမိုင်အရှည်အားဖြင့် ၃၆၆ မိုင်ရှိသည်ဟု သိရသည်။ လမ်းတစ်လျှောက် ချောင်းကူးတံတားငယ်ပေါင်း မြောက်များစွာကို ဖြတ်သန်းခဲ့ရသည်။ ယင်းတံတားငယ်များအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်သည်ဟု ဖော်ပြထားသည်။

တံတားငယ်တိုင်း၏ တစ်ဘက်တစ်ချက်စီ၌ တည်ဆောက်မှု စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရေးထိုးထားသည့် ကမ္ပည်းကျောက်ပြားတိုင်များရှိသည်။ ငါးနှစ်မျှသက်တမ်းသာရှိသေးသော်လည်း ကျောက်ပြားပေါ်ရေးထိုးထားသည့် မှတ်တမ်းတို့မှာ အချို့လည်း တစ်ဝက်တစ်ပြက်၊ အချို့မှာလုံးဝဖတ်၍ မရသည့်တိုင် ပျက်ပြယ်နေပြီကို တွေ့လာရသည်။

ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီးမှာ ခေတ်တစ်ခေတ်၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။ တည်ဆောက်မှု အပိုင်းများကို မှတ်တမ်းဖြင့် လေ့လာသိရှိကြရမည် ဖြစ်သည်။ နောင်အရှည်အတွက် အလွယ်တကူ မပျက်ပြယ်ကောင်းသော မှတ်တမ်းတင်မှုသာဖြစ်သင့်ပါသည်။

**သတင်းဆောင်းပါး-တင်ဝင်းလေး (ကြည့်မြင်တိုင်)**

**ဓာတ်ပုံ-ကိုကြီးတင်**

# မြောင်းမြမြို့သား ဒီးဒုတ်ဦးဘချိုရုပ်တု မြောင်းမြမြို့လယ်ပန်းခြံတွင် ဂုဏ်ပြုထားရှိမည်



**မြောင်းမြ ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြဇာတိဖွား အမျိုးသားအာဇာနည် စာရေးဆရာ၊ အယ်ဒီတာ၊ ကျောင်းဆရာ၊ ဂီတပညာရှင်ဒီးဒုတ်ဦးဘချိုကို ဂုဏ်ပြုထုလုပ်ထားသော ဒီးဒုတ်ဦးဘချိုရုပ်တုကို မြို့လယ်ပန်းခြံတွင် ဂုဏ်ပြုထားရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်တုကို ဧပြီ ၂၃ ရက်က မြောင်းမြမြို့သို့ ရောက်ရှိလာခဲ့ပြီး (၇)လမ်းနှင့်ထောင်ရောင်နေလမ်းဆုံ၊ အလယ်တောရကျောင်းတိုက်ရှေ့ရှိ အသစ် တည်ဆောက်နေသော ပန်းခြံအုတ်ခုံပေါ်သို့ တပ်ဆင်ပြီးနောက် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ကျရောက်သည့် ဦးဘချို(အသက် ၁၂၂ နှစ်ပြည့်) မွေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်သံဃနာယက ဆရာတော်များက အန္တရာယ်ကင်း ပရိတ်များရွတ်ဆိုခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးနှင့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဒီးဒုတ်ဦးဘချိုရုပ်တုကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းမိသားစု၏ လှူဒါန်းမှုဖြင့် ပန်းပုပညာရှင် ဦးကျော်ကျော်မင်း(ရန်ကုန်)က လက်ရာမြောက်စွာ ထုဆစ်ထားပြီး အမြင့်ကိုးပေ၊ ကျောက်ခုံအပါ ၂၄ ရှိကာ ပန်းခြံအတွက် STU ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အခု ပန်းခြံအတွက် အကြမ်းထည်အားလုံးပြီးစီးသွားပါပြီ၊ ဆက်လက်ပြီး မြေခင်းပန်းအလှ၊ ကြွေပြားကပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ပန်းနဲ့မီးအလှဆင်ခြင်းလုပ်ငန်းတွေကို နိုင်ငံတကာအထင်ကရပုဂ္ဂိုလ်များရဲ့ ပန်းခြံတွေအတိုင်း ဆောင်ရွက်လုပ်ကိုင်သွားမှာပါ"ဟု STU ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ခံ ဦးစသန်းဦးနှင့် အင်ဂျင်နီယာ ကိုကျော်ချမ်းငြိမ်းတို့က ပြောကြားသည်။

"မြောင်းမြမြို့ရဲ့ အထင်ကရပုဂ္ဂိုလ်တစ်ဦးကို အခုလို ခံ့ညားထည်ဝါစွာတွေ့မြင် ခွင့်ရရှိတဲ့အတွက် နောင်လာနောက်သားတွေအတွက်လည်း အတုယူစရာဖြစ်သလို မြောင်းမြမြို့သားဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်"ဟု ဦးဘချို ရုပ်တုလာရောက်လေ့လာသူ အသက် ၆၀ ကျော် မြို့ခံအငြိမ်းစားတစ်ဦးက ပြောကြားသည်။ ဒီးဒုတ်ဦးဘချို ရုပ်တုကို ကျောင်းဆရာအသွင်ပုံသဏ္ဌာန်ဖြင့် ထုလုပ်ထားပြီး အမျိုးသားရေး စိတ်ဓာတ်ထူးချွန်ထက်မြက်သော ဦးဘချို၏ ဘဝကို မျိုးဆက်သစ်လူငယ်များ တန်ဖိုးထား အတုယူတတ်စေရန် ရည်ရွယ်၍ ထုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(iprd)**

## ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**တောင်သာ ဧပြီ ၂၈**

တောင်သာမြို့နယ်မှူးရုံး၌ ဧပြီ၂၇ ရက်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှင့်အခြားအဆင့်အင်အား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်က လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားဆွေးနွေးခဲ့ပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးနိုင်က မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၈၃ အုပ်စုရှိ၍ မဲရုံပေါင်း ၃၂၂ ရုံရှိမည်ဖြစ်ပြီး ဇွန်လပိုင်းတွင်မဲစာရင်းများ ကြေညာနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ မတိုင်မီကာလအတွင်း မဲစာရင်း စာရွက်များအား ဖျက်ဆီးနိုင်မှုနှင့်မဲဆွယ်စည်းရုံးစဉ်ကာလလုံခြုံရေးစောင့်ကြည့်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

**လင်းလက်ကြယ် (တောင်သာ)**



**နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်**

# စင်ကာပူအခြေစိုက် အိုစီဘီစီ ဘဏ်ဖွင့်

**ရန်ကုန် ဧပြီ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ဘဏ်ခွဲဖွင့်လှစ်ရန် အပြီးသတ်လိုင်စင်ကို ဧပြီ ၂ ရက်ကရရှိခဲ့သည့် စင်ကာပူနိုင်ငံအခြေစိုက် အိုစီဘီစီဘဏ်သည် ဧပြီ ၂၃ ရက်က ရန်ကုန်ဘဏ်ခွဲ မြန်မာကို စတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပသည့်စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါအိုစီဘီစီရန်ကုန်ဘဏ်ခွဲသစ်ကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်ရှိ(UFC) အဆောက်အအုံ၏ ဒုတိယထပ်တွင်ဖွင့်လှစ်ထားပြီး စာရင်းတင် ရင်းနှီးမတည်ငွေ အမေရိကန်ဒေါ်လာ ၇၅ သန်းရှိကာ ဘဏ်ဝန်ထမ်းဦးရေ တစ်ဝက်ကျော်ကို မြန်မာဝန်ထမ်းများခန့်ထားကြောင်း၊ ယင်းဘဏ်တွင် စီးပွားရေးလုပ်ငန်းသုံး အင်တာနက်ဘဏ်ဝန်ဆောင်မှုစနစ်ဖြင့် အသုံးပြုသူများက ၎င်းတို့၏ ဘဏ်စာရင်းကို ၂၄ နာရီ ရက်သတ္တပတ်လုံး မည်သည့်နေရာမှမဆို ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငွေပေးချေမှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ Corporate Customer များကို အင်တာနက်ဘဏ်ဝန်ဆောင်မှုပေးနိုင်မည့် ပထမဆုံးနိုင်ငံခြားဘဏ်များတွင်ပါဝင်ကြောင်း ရန်ကုန်ဘဏ်ခွဲအထွေထွေမန်နေဂျာ ဖြစ်သူ Mr.Deniel Tan ကပြောသည်။

"အခုဖွင့်လှစ်တဲ့ရန်ကုန်ဘဏ်ခွဲမှာ ငွေကြေးစီမံခန့်ခွဲမှု၊ စီမံကိန်းအလိုက်ငွေချေးမှု၊ နေ့စဉ်လုပ်ငန်းသုံးချေးငွေထောက်ပံ့မှု၊ ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုအပါအဝင် ဘဏ္ဍာရေးနဲ့ Capital Market ဆိုင်ရာ အကြံပေး၊ ဝန်ဆောင်မှုအစရှိသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို နိုင်ငံခြားကုမ္ပဏီနဲ့ ဖက်စပ်လုပ်ငန်းများ၊ ပြည်တွင်းဘဏ်များကို မြန်မာနိုင်ငံမှာဝန်ဆောင်မှုများပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဘဏ်မှာစာရင်းရှင်ကို မြန်မာကျပ်ငွေ နိုင်ငံခြားငွေလဲလှယ်ခြင်းဝန်ဆောင်မှုတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

အိုစီဘီစီဘဏ်နှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုများ၊ စည်းစိမ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှု၊ ပိုင်ဆိုင်မှုနှင့်အာမခံ၊ Stock ရောင်းဝယ်မှုဝန်ဆောင်မှုများပေးပြီး အဓိက ဈေးကွက်များမှာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ နိုင်ငံပေါင်း ၁၈ နိုင်ငံ၌ဘဏ်ခွဲနှင့် ကိုယ်စားလှယ်ရုံးပေါင်း ၆၃၀ ဖွင့်လှစ်ထားကြောင်း၊ အရှေ့တောင်အာရှ၌ ပိုင်ဆိုင်မှုဒုတိယအကြီးဆုံးအဖွဲ့ အစည်းဖြစ်ကြောင်းသိရသည်။

**မွန်းဦးနဒီ**



## နမ့်ခမ်းမြို့နယ်တွင် ဘိန်းဖြူ ၀ ဒသမ ၀၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၁၀ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက်က နမ့်ခမ်းမြို့ (၁၄) ရပ်ကွက် အိမ်အမှတ် (၇၄/၁၉၀) နေ မလင်းနေခြည်ထွေး၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ခုတင်ပေါ်မှ ဘိန်းဖြူဆပ်ပြာတစ်ခွက် (အလေးချိန် ၀ ဒသမ ၀၀၇ ကီလို)၊ နေအိမ်ဧည့်ခန်းရှိ သစ်သားသေတ္တာအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် လေးခွက် (အလေးချိန် ၀ ဒသမ ၀၄၈ ကီလို) စုစုပေါင်းဘိန်းဖြူမှုန့် ၀ ဒသမ ၀၅၅ ကီလိုနှင့် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၁၀ တို့ကို သိမ်းဆည်းရမိသဖြင့် မလင်းနေခြည်ထွေး (၃၀ နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကချင်ပြည်နယ် ဖားကန့်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဖားကန့် ဧပြီ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ၌ ဧပြီ ၂၄ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့၏ ကြီးကြပ်မှုဖြင့် ရဲအုပ် ခင်မောင်ဆွေမင်း၊ မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု (၂)နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ သံလွင်ကဖီးဆိုင်အနီး လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် မော်ရှန်ဘက်မှ ကမ်ဘို ၁၂၅ အစိမ်းရောင် (လိုင်စင်မဲ့) ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ကျော်စွာကို ရှာဖွေစဉ် ၎င်းဝတ်ဆင်ထားသော ရှပ်အင်္ကျီလက်ရှည် ဝဲဘက်အိတ်ကပ်အတွင်းမှ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် WY စာတန်းပါ ပန်းရောင် ဆေးပြား ၁၉၆ ပြားပါ သုံးထုပ် စုစုပေါင်းဆေးပြား ၅၈၈ ပြားကို ရှာဖွေတွေ့ရှိ၍ မေးမြန်းရာ ယင်းပစ္စည်းများသည် မော်ရှန် ရပ်ကွက် (ဒီလိုင်း) တွင်နေထိုင်သူ တင်မောင်အေးထံမှ ဆေးပြားသုံးထုပ်အား တစ်ထုပ်လျှင် ငွေကျပ် သုံးသိန်းခွဲနှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသဖြင့် သိမ်းဆည်းပြီး ကျော်စွာနှင့် ပြစ်မှုကျူးလွန်သူ တင်မောင်အေးတို့ကို ဖားကန့်မြို့မ ရဲတပ်ဖွဲ့စခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု (၂) ရဲအုပ် စိုးရန်လင်းနှင့်တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ အမှုဖွင့်ထားရှိသူ ကျော်စွာ၏ လိုက်လံပြသချက်အရ ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု မော်ရှန်ကျေးရွာ (ဒီလိုင်း) တွင် နေထိုင်သော ကွင်းဆက်ပြစ်မှုကျူးလွန်သူ တင်မောင်အေး(ခ)ဝမ်းတူး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ တင်မောင်အေးကို အသင့်တွေ့ရ၍ ဖမ်းဆီးပြီးရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းရှိ အိမ်သာကျင်းထဲမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်းထည့်၍ ပလတ်စတစ်အိတ်အဖြူဖြင့်ထုတ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် WY စာတန်းပါ ပန်းရောင်ဆေးပြား ၁၇၀ ပါ တစ်ထုပ်ကို ရှာဖွေတွေ့ရှိ၍ တင်မောင်အေးက ယင်းပစ္စည်းသည် ကိုယ်တိုင်သုံးစွဲရန်အတွက် ဒေါ်ကြည်မြင့်ထံမှ ဆေးပြား ၂၀၀ ပါ တစ်ထုပ်လျှင် ငွေကျပ် ၄၀၀၀၀၀ ဖြင့် ဝယ်ယူထားပြီး ဒေါ်ကြည်မြင့်၏ နေအိမ်အောက်ရှိ ကျောက်တုံးများ အောက်တွင်လည်း ဆေးပြားများ ဝှက်ထားသည်ကို ၎င်းကိုယ်တိုင် လိုက်လံပြသသဖြင့် အိမ်ကိုသွားရောက်ရှာဖွေရာ ဒေါ်ကြည်မြင့်မှာ ထွက်ပြေးသွားကာ ဒေါ်ကြည်မြင့်၏ နေအိမ်အောက်တွင် တင်မောင်အေး ကိုယ်တိုင်ဝှက်ထားသည့် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ် ဆေးပြားဟု ယူဆရသည့် WYစာတန်းပါ ပန်းရောင်ဆေးပြား ၂၀၀ စီပါ ငါးထုပ် စုစုပေါင်း ဆေးပြား ၁၀၀၀ ကို ရှာဖွေတွေ့ရှိ၍ ထပ်မံသိမ်းဆည်းပြီး တင်မောင်အေး(ခ) ဝမ်းတူးနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ကွင်းဆက် ပြစ်မှုကျူးလွန်သူ ဒေါ်ကြည်မြင့်ကို အမှုဖွင့်အရေးယူထားလျက်ရှိကြောင်း သိရသည်။

**(၀၆၄)**

## မှူခင်းကျဆင်းရေး ယာဉ်တိုက်မှုလျော့နည်းရေး ဇီးကုန်းတွင် ဆောင်ရွက်

**ဇီးကုန်း ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးတို့အတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီမှ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်ကာလအတွင်း မော်တော်ဆိုင်ကယ်အစီးပေါင်း ၃၄၂၉ စီးတို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်နှင့်တာဝန်ရှိသူများသည် မြို့ပေါ်နှင့် ကျေးရွာများရှိ စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်၍ အသိပညာ ပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းတိုး (ဇီးကုန်း)**

# အရှိန်မထိန်းနိုင်သောယာဉ် ခရီးသည်တင်ယာဉ်ကို ဝင်ရောက်တိုက်မိ

**နေပြည်တော် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၆၀/၄-၅) ကြား၌ မေ ၂၄ ရက် နံနက် ၅ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်သျှစ်ကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ် မြို့နယ်နေ ဦးခင်ဇော်ဦး (၄၃ နှစ်) မောင်းနှင်လာသော 3E/------IPSUM အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကွန်ကရစ်လမ်းယာဘက် အစပ်၌ ရပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ သိန်းထိုက် (၃၃ နှစ်) မောင်းနှင်လာသော ခရီးသည်တင် မှန်လုံယာဉ်၏ နောက်ယာဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့ တိုက်မိမှုကြောင့် ခရီးသည်တင်မှန်လုံယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ IPSUM ယာဉ်မောင်း ခင်ဇော်ဦးနှင့် ယာဉ်ပေါ်ပါ ရန်ကုန်မြို့ ကမာရွတ် မြို့နယ်နေ ဒေါ်ခင်ချိုလွင် (၄၀ နှစ်) တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ခင်ဇော်ဦးကို အုတ်သျှစ်ကုန်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**



# အင်ဒိုနီးရှားငါးဖမ်းလှေတွင် လ ၂၀ ကြာ ရောင်းစားခံခဲ့ရသူနှစ်ဦး လွတ်မြောက်လာ

**နခိုစီဌာမရ မေ ၂၈**

ထိုင်းနိုင်ငံရှိ ငါးဖမ်းလှေတွင် ရောင်းစားခံခဲ့ရပြီး အင်ဒိုနီးရှားနိုင်ငံရှိရေပိုင်နက်ထဲတွင် လပေါင်း ၂၀ကြာအလုပ်လုပ်ခဲ့ရသည့် မြန်မာအလုပ်သမား နှစ်ဦးကို မေ ၂၅ ရက် ညပိုင်းက MAT အဖွဲ့က အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါမြန်မာ အလုပ်သမား နှစ်ဦးမှာ ထိုင်းနိုင်ငံ တောင်ပိုင်း နခိုစီဌာမရမြို့နယ်၊ ပါပ နန်းလှေဆိပ်မှ လှေနံပါတ် ၂၉၊ အပြာ ရောင် အင်ဒိုငါးဖမ်းလှေတွင်၂၀၁၃ ခုနှစ် ဩဂုတ် ၂၅ ရက်က ရောင်းစားခံခဲ့ကြရခြင်းဖြစ်ပြီး လှေသည်ပင်လယ်ထဲတွင် လပေါင်း၂၀ကြာမှ ကမ်းသို့ တစ်ကြိမ်ပြန်ကပ်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနှစ်သစ်ကူးကာလဖြစ်သည့် ပြီးခဲ့သည့် မေ ၁၆ ရက်က အဆိုပါလှေမှာ ကမ်းသို့ကပ်လာခဲ့ပြီး မြန်မာအလုပ်သမားများအား အလုပ်ရှင်က လုပ်အားခရှင်းပေးခဲ့ကြောင်း၊ အလုပ်သမားများက သင်္ကြန်အတွက် ငွေသုံးစွဲရန်အကြောင်းပြ၍ တစ်ဦးလျှင် ဘတ်ငွေ ၅,၀၀၀ စီ ရသဖြင့် ဈေးဝယ်မည်ဟု အကြောင်းပြခဲ့ကြပြီး လက်ကိုင်ဖုန်းတစ်လုံးဝယ်၍ အဆက်အသွယ်ရှာကာ MAT အဖွဲ့သို့ ဆက်သွယ်အကူညီ တောင်းခံလာခဲ့ကြခြင်းဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသူ မြန်မာအလုပ်သမား ကိုအုန်းရွှေမောင်က 'တစ်နေ့မှာ ၁၈ နာရီကနေ နာရီ ၂၀လောက်အထိ စက်လှေထဲမှာ အလုပ်လုပ်ရပါတယ်။ အဲ့ဒီငါးဖမ်းလှေထဲမှာလည်း အလုပ်အဆင်မပြေလို့ ခုနစ် ကြိမ်လောက် အရိုက်ခံရဖူးပါတယ်။ ဒီစက်လှေကလည်း ကျွန်တော်တို့ ထွက်သွားကတည်းက ဒီတစ်ခါပဲ ကမ်းကိုပြန်ရောက်ဖူးတာပါ။ ပင်လယ်ထဲမှာ ရသမျှငါးတွေကို ထိုင်းနိုင်ငံသားတွေက သင်္ဘောတွေနဲ့လာယူကြပါတယ်။ ကျွန်တော်တို့လို ရောင်းစားခံရပြီး ကမ်းကိုတစ်ခါမှ ပြန်မကပ်တဲ့ ငါးဖမ်းလှေတွေ အင်ဒိုနီးရှားရေပိုင်နက်နဲ့ ထိုင်းနိုင်ငံပင်လယ်ထဲမှာအများကြီးရှိပါတယ်"ဟုပြောသည်။

အဆိုပါ ရောင်းစားခံထားရသူနှစ်ဦးမှာ MAT အဖွဲ့သို့ ဆက်သွယ်အကူအညီ တောင်းခံလာခဲ့ကြခြင်းဖြစ်ပြီး ဆိုင်ကယ်တစ်တန်၊ ကားတစ်တန်အသုံးပြု၍ ၎င်းတို့အား ကယ်ထုတ်ခဲ့ကြရခြင်းဖြစ်ကာ အဆိုပါ ကိုယ်တိုင်ကယ်ထုတ်ခဲ့သူက အလွန်အန္တရာယ်များကြောင်း MAT အဖွဲ့သို့ပြောခဲ့ပြီး မိမိကို ထိုင်းနိုင်ငံသား လှေပိုင်ရှင်သိသွားပါက အသတ်ခံရနိုင်ကြောင်း ဆိုထားသည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ ဗန်ကောက် အခြေစိုက် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "လုပ်ရိုးလုပ်စဉ်အတိုင်းဆိုရင် ဒီလူနှစ်ယောက်ကို ဘယ်လိုမှကယ်လို့ အချိန်မမီဘူး။ ထိုင်းအစိုးရကို သတင်းပို့ အကူအညီတောင်းခံဖို့ကလည်း စနေ၊ တနင်္ဂနွေ ပိတ်ရက်ဖြစ်နေတယ်။ နောက်တစ်ချက်က နေရာက ထိုင်းတောင်ပိုင်းမှာ ဖြစ်နေတယ်။ ဝေးတယ်။ လူကုန်ကူးခံခဲ့ရသူကို အရင်ဆုံးအဲဒီနေရာက လွတ်အောင်ကြိုးစားခဲ့ရပါတယ်။ ဒီအလုပ်သမားတွေအတွက် ထိုက်သင့်တဲ့ နစ်နာမှုတွေရရှိအောင် လုပ်ဖို့အပိုင်းကျတော့ အစိုးရအပိုင်းဖြစ်သွားပြီ။ ဒီနေ့တော့ မြန်မာအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှူးဆီကို သတင်းပို့ထားတယ်။ ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး တပ်ဖွဲ့ကိုတော့ မနက်ဖြန်မှ သတင်းပို့ရပါမယ်။ ပြီးတော့ ဒီနေ့က ထိုင်းနိုင်ငံရဲ့ရုံးပိတ်ရက်ဖြစ်နေပါတယ်။ လူကုန်ကူးခံရသူတွေ နစ်နာမှုအတွက် ကျွန်တော့်အနေနဲ့တော့ သိပ်မမျှော်လင့်ပါဘူး" ဟု ပြောသည်။

လူကုန်ကူး ခံခဲ့ရသူများမှာ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှ ကိုအုန်းရွှေမောင် အသက် (၃၅) နှစ်နှင့် အသက် (၃၀) နှစ်အရွယ် ကိုမောင်ဝင်းခင်ဆိုသူတို့ ဖြစ်ကြကြောင်း သိရပြီး ၎င်းတို့အား ငါးဖမ်းလှေပေါ်သို့ ရောင်းစားခဲ့သူများမှာ ဆုံခါတွင်နေထိုင်ကြသည့် ပွဲစားများဖြစ်ကြောင်း ၎င်းတို့က MAT အဖွဲ့သို့ တိုင်တန်းပြောပြခဲ့ကြကြောင်း စုံစမ်းသိရသည်။

**စိုးဝင်း(SP)**

# ကသာမြို့နယ်တွင် ကျွန်းပင်ခုတ်သည့်ကိစ္စ တစ်ယောက်တစ်ခွန်းစကားများကြရာမှ ဓားခုတ်မှုဖြစ်ပွား

**ကသာ မေ ၂၈**

ကသာခရိုင် ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာတွင် စိုက်ပျိုးထားသော ကျွန်းပင်ခုတ်သည့်ကိစ္စ တစ်ယောက်တစ်ခွန်းစကားများကြရာမှ ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် ညနေ ၃ နာရီက မြင့်သောင်း (၄၈ နှစ်) အောက်ဝဲကြီး ကျေးရွာ ကသာမြို့နယ်နေသူသည် အခင်းထဲ၌နွားကျောင်းနေစဉ် တစ်ရွာတည်းနေမြတ်စံမှ ၎င်းစိုက်ပျိုးထားသောကျွန်းပင်အား ခုတ်နေသဖြင့် မခုတ်ရန်တားမြစ်ရာမှ တစ်ယောက်တစ်ခွန်း စကားများကြပြီး မြတ်စံက အသင့်ပါလာသောဓားဖြင့်ခုတ်ရာ ဒဏ်ရာရရှိခဲ့သဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။ ဓားဖြင့်ခုတ်သူ မြတ်စံကို ကသာမြို့မရဲစခန်းက စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ပစ္စည်းများနှင့်အတူ ဖမ်းဆီး

**လှိုင်သာယာ မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် သင်္ကြန်ကာလခါးပိုက်နှိုက်မှု ဖမ်းဆီးရမိရေးစီမံချက်ဆောင်ရွက်နေစဉ် ဧပြီတတိယပတ်က လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမ၌ ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ မောင်မောင်နိုင်(ခ) ကုလားပုကို တွေ့ရှိ၍ သက်သေများရှေ့ ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ရာ အမျိုးသားတစ်ဦးထံမှ နှိုက်ယူရရှိသော လက်ကိုင်ဖုန်း နှစ်လုံးနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိ၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မိုးကို**

# ဂန့်ဂေါမြို့နယ်တွင် အမျိုးသားတစ်ဦး ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**ဂန့်ဂေါ မေ ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ညောင်လယ်ရွာအနီးရှိ တဇန်းချောင်းအတွင်းမေ ၂၅ ရက်က အမျိုးသားတစ်ဦးရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဦးတင်ဖေ (၆၉နှစ်) ညောင်လယ်ရွာဂန့်ဂေါမြို့နေသူသည် မေ ၂၅ ရက်နံနက် ၇ နာရီက ၎င်း၏နေအိမ်မှ ယာခင်းထွန်ရန်အတွက် ယာခင်းထဲသို့ ထွက်သွားခဲ့ရာ ညနေ ၇ နာရီအထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အတွက် ၎င်း၏သားဖြစ်သူ မောင်သက်ထွန်းက ယာခင်းတဲသို့ သွားရောက်ရှာဖွေခဲ့ရာတွင် မတွေ့ရှိ၍ တဲပတ်ဝန်းကျင်ကို လိုက်လံရှာဖွေခဲ့ရာ ယာခင်းစောင့်တဲအနီးရှိ တဇန်းချောင်းကမ်းစပ်တွင် ဖခင်ဝတ်သော ပုဆိုး၊ အကျႌ၊ ဖိနပ်တို့ကို တွေ့ရှိခဲ့သည်။ ထို့နောက် တဇန်းချောင်းအတွင်း ဆင်း၍ ဆက်လက်ရှာဖွေခဲ့ရာတွင် ဖခင်ဖြစ်သူ ဦးတင်ဖေအား ရေအနက်ငါးပေခန့်ရှိ ရေအောက်ကြမ်းပြင်၌ ရေနစ် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါအမျိုးသားသေဆုံးမှုနှင့်ပတ်သက်၍ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။

**ကျော်ဖေယျ**

**နိုင်ငံ့ဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**






# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိတ္ထီလာအုတ်ဖိုကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**မိတ္ထီလာ ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်း၊ မဲဆန္ဒနယ် အမှတ် ၁၁ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစောဌေး၊ ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံတို့ ပါဝင်သောအဖွဲ့သည် မိတ္ထီလာမြို့နယ် ကံကြီးကျေးရွာအုပ်စု အုတ်ဖို-ကြာကန် မူလတန်းကျောင်းတွင် ဧပြီ ၂၆ ရက်က ကျေးရွာနေ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ်ဆက်စကား ပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မေးမြန်းရာ ကံကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် ကျေးရွာ ဒေသခံများက အုတ်ဖို-ကြာကန် အမကကို အလက (ခွဲ) အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန်၊ ကံကြီး ကျေးရွာရှိ ကံကြီးကန်ပြန်လည်တူးဖော် ပြုပြင်ရန်၊ ကျန်ရှိသည့် ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်း ခင်းကျင်းပေးရန်၊ ကံကြီး၊ အုတ်ဖို၊ ကျောင်းရွာ၊ ပိတောက်ပင်၊ ကုက္ကိုပင်၊ ပျော့ကုန်း၊ ကြာကန် စသည့်ကျေးရွာ ၁၀ရွာခန့် လျှပ်စစ် မီးလင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ ငွေချည် ၆ ဝါမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးရန်တို့ကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်ဖို-ကြာကန် အမှတ် ၁၀၆ အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ် ၄၂ အခြေခံပညာ မူလတန်းကျောင်းကိုလည်းကောင်း၊ ပိတောက်ပင် ကျေးရွာတို့တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စာသင်ဝိုင်းတွင် လာရောက် သင်ယူသင်ကြားမှုပြုနေကြသည့် စာသင်သားများနှင့် မိတ္ထီလာတက္ကသိုလ်မှ ကြီးကြပ်သူဆရာမများ၊ တက္ကသိုလ်ကျောင်းသူများကို လည်းကောင်း တွေ့ဆုံအားပေးစကား ပြောကြားကြောင်း သိရသည်။


**ချမ်းသာ(မိတ္ထီလာ)**

# ဗိုလ်ချုပ်အောင်ဆန်းရင်ပြင် မန္တလေးမြို့အတွက် ဆောက်လုပ်မည့်ပုံစံ အတည်ပြုရွေးချယ်

**မန္တလေး ဧပြီ ၂၈**

ဗိုလ်ချုပ်အောင်ဆန်း အနှစ် ၁၀၀ ပြည့် ပွဲတော်ကျင်းပရေး ကော်မတီမှကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်းရင်ပြင် မန္တလေးမြို့အတွက် ဆောက်လုပ်မည့်ပုံစံကို ဧပြီ ၂၅ ရက်က ဆောက်လုပ်ရေးကော်မတီမှ အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

မေ ၁၅ ရက်တွင် မြို့ပြကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ၊ ရေသန့်ကဏ္ဍ၊ လျှပ်စစ်မီးနှင့် အီလက်ထရွန်နစ်ကဏ္ဍနှင့် ရုပ်သံကဏ္ဍအလိုက် အသေးစိတ် ဒီဇိုင်းများထွက်ရှိမှာဖြစ်ကြောင်း၊ စီမံကိန်းက မြို့တော်အဆင့်မဟုတ်ဘဲ နိုင်ငံတော်အဆင့် စီမံကိန်းဖြစ်ကြောင်း တမ္ပဝတီဦးဝင်းမောင်က ပြောကြားသည်။




"ယခုအတည်ပြုခဲ့သော ဒီဇိုင်းက အမေရိကန်နိုင်ငံရှိ လင်ကွန်း ဗိမာန်ကို အခြေခံပြီး ဒီဇိုင်းထုတ်ခဲ့ပါတယ်။ ပထမပုံစံကို ဧပြီ ၅ ရက်က ကော်မတီမှ အတည်ပြုခဲ့သော်လည်း စိတ်ကြိုက်မဖြစ်တာကြောင့် ပုံစံ(၂) ကို ရေးဆွဲခဲ့ပါတယ်။ ပထမပုံစံထုတ်ရာမှ တစ်လခန့်ကြာခဲ့ပြီး ပုံစံ(၂)ကို သုံးပတ်ခန့်သာအချိန် ယူ ဒီဇိုင်းရေးဆွဲထုတ်ခဲ့ရပါတယ်။အခုပုံစံဒီဇိုင်းမှာ လူလေးထောင်ခန့်ရပ်၍ အလေးပြုနိုင်သော ရင်ပြင်ပြတိုက်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်နဲ့ ကားပါကင်များပါရှိမှာဖြစ်ပါတယ်။

ပြတိုက်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွယ်မှုရှိသော စာအုပ်၊ ပန်းချီ၊ ပန်းပုနဲ့ ခေတ်အဆက်ဆက် နိုင်ငံတော်အလံများ ပါရှိမှာဖြစ်ပါတယ်။ အခု ဒီဇိုင်းပုံစံအတွက် မြေခုနစ်ဧကအထိ လိုအပ်ပါတယ်။ တည်ဆောက်ချိန် နှစ်နှစ်ခန့် အချိန်ယူရမှာဖြစ်ပါတယ်။ ရုပ်တုနဲ့ ရုပ်တုထားမည့် အဆောက်အအုံကို စကျင်ကျောက်ဖြင့် တည်ဆောက်မှာဖြစ်ပါတယ်။ မြေနေရာရွေးချယ်မှုမှာ အရှေ့ရှမ်း ရိုးမတောင်ခြေကို သူ့အနေဖြင့် နှစ်သက်ပါတယ်" ဟု ၎င်းကပြောကြားခဲ့သည်။

**တင်မောင် ( မန်းကိုယ်ပွား)**

# အခြေခံလေကြောင်း လူငယ်သင်တန်းဖွင့်

**ဟုမ္မလင်း ဧပြီ ၂၈**

